ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃ရဂ ခုနှစ် ၊ ဝါဆိုလဆန်း (၆)ရက် ၊ တနလာနေ့ ၊ (30-6-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၆၁)

ဒီတာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ Baikal ရေကန်နှင့် Ulan–Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံတို့သို့ သွားရောက်လေ့လာ

နေပြည်တော် ဇွန် ၂၉

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ်သို့ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် Baikal ရေကန်နှင့် Ulan–Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံတို့သို့ သွားရောက်လေ့လာသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၆နီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov နှင့် တာဝန်ရှိသူများလိုက်ပါ၍ Baikal ရေကန်အား ရဟတ်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။ ထိုသို့ ကြည့်ရှုလေ့လာစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား စာမျက်နှာ ၁၆ ကော်လံ ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ Ulan–Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။

ရတနာပုံ
၂၀၂၅ ခုနှစ် ဇွန် ၃၀ ရက်
အယ်ဒီတာ့အာဘော်

မြန်မာ-ဘယ်လာရုစ် ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု

စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ်(EEF 2025)သို့တက်ရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၇ ရက် မွန်းလွဲပိုင်းက ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E.Mr. Alexander Gregoryevich Lukashenko နှင့် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ရှိ သမ္မတနန်းတော်ဧည့်ခန်းမဆောင်၌ဆွေးဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးခဲ့သည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတက ယခုအကြိမ်တွေ့ဆုံမှုသည် ယခင်က တွေ့ဆုံဆွေးနွေးမှုများတွင် ဆက်လက်ဆွေးနွေးရန် ကျန်ရှိသည်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနှင့်ဘယ်လာရုစ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်သွားရန် အထူးစိတ်ဝင်စားမှုရှိပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လမ်းညွှန်ချက်မြေပုံ(Action Plan)ကို နည်းဗျူဟာ၊ မဟာဗျူဟာ ကျကျ ရေးဆွဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးတွင် နိုင်ငံရေး၊ ကျန်းမာရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခန်းကဏ္ဍတို့တွင်သာမက စီးပွားရေးအခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားရန်လည်း မိမိအနေဖြင့် ဆန္ဒရှိကြောင်း၊ မြန်မာနိုင်ငံတွင် ပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်သွားရန် ဘယ်လာရုစ်နိုင်ငံအနေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ်(Eurasian Economic Forum 2025–EEF 2025) အား အိမ်ရှင်အဖြစ် ကျင်းပနေချိန် လုပ်ငန်းတာဝန်များ များပြားသည့်ကြားမှ လက်ခံတွေ့ဆုံဆွေးနွေးရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့စဉ်တွင် ဘယ်လာရုစ်နိုင်ငံအနေဖြင့် ကယ်ဆယ်ရေးအဖွဲ့ဝင်များ အမြန်ဆုံးစေလွှတ်ပေးပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ခြင်းနှင့် လိုအပ်သည့်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပံ့ပိုးပေးခဲ့သည့်အတွက်လည်း အထူးပင်ကျေးဇူးတင်ရှိသည်ကို မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများကိုယ်စား ထပ်လောင်းပြောကြားလိုပါကြောင်း ပြောကြားခဲ့သည်။

ယခု နိုင်ငံတော်ဝန်ကြီးချုပ်၏ ဘယ်လာရုစ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်တွင် စီးပွားရေးဖိုရမ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ(EAEU)အနေဖြင့် ပြောင်းလဲနေသည့် ကမ္ဘာ့ပတ်ဝန်းကျင်နှင့်အညီ နိုင်ငံတကာ အခန်းကဏ္ဍမြှင့်တင်ရေး၊ သယံဇာတပို့ဆောင်ရေးနှင့် စွမ်းအင်ကဏ္ဍပလက်ဖောင်းတစ်ခုပေါ်ထွက်ရေး၊ အပြည်ပြည်ဆိုင်ရာငွေပေးချေမှုစနစ်မြှင့်တင်ရေး၊ လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်(FTA)များ ပေါ်ထွက်လာရေး၊ ဖွံ့ဖြိုးမှုကဏ္ဍအသီးသီးတွင် ရင်းနှီးမြှုပ်နှံမှုလွှဲကူချောမွေ့စေရေး၊ ငွေကြေးဆိုင်ရာအထောက်အကူပြုနည်းလမ်းများ တိုးတက်လာရေးတို့ကို တိုးတက်အကောင်အထည်ဖော်နိုင်ခဲ့ပေသည်။

နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုတွင် စီးပွားရေးမောင်းနှင်အား ခိုင်မာအားကောင်းမှုသည် အခြေခံအကျဆုံးဖြစ်ပါသည်။ ထို့ကြောင့် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံခေါင်းဆောင်များ၏ ယခုအကြိမ်တွေ့ဆုံမှုသည် နှစ်နိုင်ငံအကြားရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုနှင့် နိုင်ငံရေး၊ ကျန်းမာရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခန်းကဏ္ဍတို့တွင်သာမက စီးပွားရေးအခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်လည်း ဆွေးနွေးသွားခဲ့ကြသဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အလားအလာကောင်းများ မကြာမီရရှိတော့မည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

ပုသိမ်မြို့နယ်တွင် ထောပတ်ပဲများ အရောင်းအဝယ်ကောင်းမွန်နေ

ပုသိမ် ဇွန် ၂၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ထောပတ်ပဲများ ဝယ်ယူအားကောင်းလာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပုသိမ်မြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

ပုသိမ်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်တွင် ယခုနှစ် ဇွန်လ ဒုတိယပတ်ကစတင်ပြီး ထောပတ်ပဲများ ဝယ်ယူမှုအားကောင်းနေပြီး အရောင်းအဝယ်ကောင်းမွန်နေခြင်းဖြစ်ကြောင်း၊ အဆိုပါ ထောပတ်ပဲများကိုဝယ်ယူမှုကောင်းလာခြင်းသည် ဒေသဈေးကွက်မှ အဝယ်လိုက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

''အခု ဒေသဈေးကွက်မှာ အခြားပဲတွေထက် ထောပတ်ပဲ ဝယ်လိုအား ကောင်းလာနေပါတယ်။ ဇွန်လ ဒုတိယပတ်လောက်ကနေ အဝယ်လိုက်လာတာဖြစ်ပါတယ်။ ရန်ကုန်ဈေးကွက်က ထောပတ်ပဲတွေ အဝယ်လိုက်နေပြီး အရောင်းအဝယ်ကောင်းလာတာပါ။ ပြည်တွင်းမှာ အဝယ်လိုက်နေတာကလဲ ပြည်တွင်းထောပတ်ပဲနဲ့ ဆက်စပ်တဲ့လုပ်ငန်းတွေ ပြန်လည် လည်ပတ်လာလို့ပါ။ အရောင်းအဝယ် ကောင်းမွန်လာတော့ ထောပတ်ပဲကို သိုလှောင်ထားတဲ့သူတွေ အဓိကအဆင်ပြေလာပါတယ်''ဟု ပုသိမ်မြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

ပုသိမ်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်တွင် အရောင်းအဝယ်ကောင်းနေသည့် ၁၆ ပြည်ဝင် ထောပတ်ပဲ တစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါ ထောပတ်ပဲများ ဝယ်လိုအားကောင်းလာခြင်းကြောင့် ပဲသိုလှောင်ထားသည့်လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အင်္ဂါးလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် မဟာမုနိဘုရားကြီးနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မန္တလေး ဇွန် ၂၉

မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် မဟာမုနိဘုရားကြီးနှင့် ဘုရားကြီးဝန်းအတွင်းရှိ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၈ ရက် နံနက်ပိုင်းက မဟာမုနိဘုရားကြီးရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ မဟာမုနိဘုရားကြီး ပြန်လည်ပြုပြင်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဦးစီးကော်မတီ အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးကိုဖူးမြော်ကြည်ညိုပြု၍ မဟာမုနိရုပ်ရှင်တော်မြတ် ဂန္ဓကုဋိကျောင်းတော်ကြီးနှင့် သာသနိက အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ကျွမ်းကျင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်သည့်မဟာမုနိဘုရားကြီးပြန်လည်ပြုပြင်ရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများကိုဖွဲ့စည်းပြီး ကဏ္ဍများအလိုက် လုပ်ငန်းတာဝန်များ ခွဲဝေ၍လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ရှေးမူအတိုင်း ပိုမိုခိုင်ခံ့အောင်၊ လုပ်ငန်းများ မြန်ဆန်စွာပြီးစီးနိုင်အောင် စနစ်တကျကြပ်မတ်ကာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီတို့မှ ကျွမ်းကျင်ပညာရှင်များ၏ အကြံဉာဏ်များနှင့်ပေါင်းစပ်၍အလေးထားဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မဟာမုနိဘုရားကြီး ပြန်လည်ပြုပြင်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ငလျင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစောထွေးဇော်က ပျက်စီးမှုအခြေအနေများ၊ ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် သုံးသပ်ချက်များကို ဆွေးနွေးတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တက်ရောက်လာသူများ၏ရှင်းလင်းတင်ပြချက်များ၊ ဆွေးနွေးအကြံပြုချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၂၉၉၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ပွင့်ဖြူ ဇွန် ၂၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၂၉၉၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီတွင် နှမ်း ဧက ၂၄၇၂၀ စိုက်ပျိုးရန်လျာထားပြီး ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၂၉၉၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ နှမ်း ဧက ၂၄၇၂၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၂၉၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ နှမ်းစိုက်ပျိုးတာနဲ့ပတ်သက်ပြီး အထွက်နှုန်းကောင်းမွန်ဖို့နဲ့ အရည်အသွေးကောင်းဖို့အတွက် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းစိုက်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းမွန်စေရေး၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုပြည်ပသို့ တင်ပို့ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွှေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

မန္တလေးတိုင်းဒေသကြီးအဆင့် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ (စတုတ္ထအကြိမ်) ဆေးဝါးတက္ကသိုလ်(မန္တလေး)တွင် ကျင်းပ

မန္တလေး ဇွန် ၂၉

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ (စတုတ္ထအကြိမ်) အခမ်းအနားကို ဇွန် ၂၈ ရက် နံနက်ပိုင်းက အမရပူရမြို့နယ်ရှိ ဆေးဝါးတက္ကသိုလ်ဝင်းအတွင်း ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မမ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တို့မှ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုစုစုပေါင်းအင်အားဦးရေ ၈၀၀ တို့က အတူတကွ တက်ရောက်စိုက်ပျိုးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဆောင်၍ သတ်မှတ်နေရာတွင် အရိပ်ရအပင်ကို စတင်စိုက်ပျိုးပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်ဇနီးများ၊ တာဝန်ရှိသူများ၊ တက်ရောက် လာကြသူများက သတ်မှတ်နေရာ အသီးသီးတွင် အတူတကွစိုက်ပျိုးကြကြောင်း၊ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စုပေါင်းသစ်ပင် စိုက်ပျိုးပွဲတွင် အရိပ်ရပင်များ တပျော်တပါး စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှု အားပေးခဲ့ကြကြောင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရန်နှင့် သာယာလှပစေရန်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတွင် အထောက်အကူပြုရန်၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ ဂေဟစနစ် ထိန်းသိမ်းနိုင်ရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများ တက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ယနေ့အခမ်းအနားတွင် ကျွန်း၊ ခရေ၊ မည်စည်၊ စိန်ပန်းပြာ၊ ပိတောက်၊ ရင်းမာ၊ တမာ၊ ကံ့ကော်၊ သပြေဘူတာ၊ ပျဉ်းကတိုး၊ ရေတမာ ခေါ် သင်္ဘောတည် စသည့်သစ်မျိုး ၁၁ မျိုး၊ စုစုပေါင်းအပင်အရေအတွက် အပင် ၈၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

မျိုးကျော်

စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ လက်ဖက် ၁၁၉၉၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်

စစ်ကိုင်း ဇွန် ၂၉

စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ လက်ဖက် ၁၁၉၉၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ လက်ဖက် ၁၁၉၅၄ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၉၉၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"လက်ဖက်ကို စစ်ကိုင်းတိုင်းဒေသကြီးမှာတော့ ဟုမ္မလင်းမြို့နယ်က အများဆုံးစိုက်ကြပါတယ်။

မန္တလေးဈေးကွက်သို့ တင်ပို့တဲ့ လက်ဖက်က အရည်အသွေးလဲ ကောင်းပါတယ်။ လက်ဖက်ကဓာတု ကင်းရှင်းလက်ဖက်ဖြစ်တဲ့ အတွက် စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူတွေ ပူးပေါင်းပြီးတော့ လက်ဖက် အထွက်နှုန်းကောင်းအောင်လုပ်ပါတယ်။ အဲဒီဒေသမှာရှိတဲ့ လုပ်ငန်းတွေနဲ့ ပူးပေါင်းပြီး အဆင့်မြင့်ထုပ်ပိုးမှု စနစ်တွေနဲ့ ဈေးကွက်အတွင်းရောင်းချနိုင်အောင် ဆောင်ရွက်လျက်ရှိပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ခရိုင်အလိုက် လက်ဖက်စိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ဧက ၂၉၀၊ ခန္တီးခရိုင်တွင် ၂၈၅ ဧက၊ ဟုမ္မလင်းခရိုင်တွင် ၉၄၂ ဧက၊ နာဂဒေသတွင် ၉၄၄ ဧက၊ ကသာခရိုင်တွင် ၄၈၇ ဧက နှင့် ကောလင်းခရိုင်တွင် ၅၆၄ ဧက စုစုပေါင်း ၁၁၉၉၈ ဧကတို့ဖြစ်ကြောင်း သိရသည်။

လက်ဖက်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင်ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် လက်ဖက်ကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။

(၂၀၆)

ပဲခူးမြို့နယ် ကိုင်းတာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစိမ်ကိန်းရန်ပုံငွေ ထုတ်ချေး

ပဲခူး ဇွန် ၂၉

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကိုင်းတာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစိမ်ကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဇွန် ၂၈ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနလက်ထောက် ညွှန်ကြားရေးမှူး ဒေါ်သိန်းသိန်းစိုးက မြစိမ်းရောင်ကျေးရွာစိမ်ကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စိမ်ကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ကိုင်းတာကျေးရွာ မြစိမ်းရောင်ကျေးရွာ စိမ်ကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ဦးရေ ၁၀၀ ကို ရန်ပုံငွေကျပ်သန်း ၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အေးမြတ်

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း သီဟိုဠ်စေ့ပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ကျုံပျော် ဇွန် ၂၉

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ဒေသထွက်ကုန် သီဟိုဠ်စေ့ ပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြည်ဆန်းက ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ လယ်ယာထွက်ကုန်များကို တင်ပို့ရောင်းချလျက်ရှိရာ ယခုနှစ် ဧပြီလ အတွင်းက သီဟိုဠ်စေ့ပိသာချိန် ၅၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း သီဟိုဠ်စေ့ပိသာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကျုံပျော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို သီဟိုဠ်စေ့တွေ တင်ပို့ရောင်းချအား တက်လာပါတယ်။ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့တဲ့ သီဟိုဠ်စေ့တွေက အသစ်တွေပါ။ ဒေသထွက်သီဟိုဠ်စေ့တွေကို ကျုံပျော်မြို့ကနေ တစ်ဆင့် ရန်ကုန်ဈေးကွက်ကို ကုန်ချောအဖြစ်ပြုလုပ်ပြီး တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကလဲ အဝယ်လိုက်နေပါတယ်''ဟု ကျုံပျော်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ဆန်းက ပြောပြသည်။

ကျုံပျော်မြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့်ဒေသထွက်ကုန်သီဟိုဠ်စေ့ တစ်ပိသာလျှင်ငွေကျပ် ၁၈၅၀၀ မှ ၂၀၅၀၀ ထိ ဈေးပေါက်နေကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် သီဟိုဠ်စေ့ကို မြောင်းမြခရိုင်၊ ဟသံ်တခရိုင်၊ လပွတ္တာခရိုင်၊ ပုသိမ်ခရိုင်စသည့်ခရိုင်များတွင် သီဟိုဠ်စေ့ စုစုပေါင်း ၆၅၀၀၀ ထိ အများဆုံးစိုက်ပျိုးကြကြောင်း၊ အဆိုပါဒေသထွက်ကုန် သီဟိုဠ်စေ့များကို ပွဲရုံပိုင်ရှင်များက ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချကြောင်း၊ အဆိုပါသီဟိုဠ်စေ့များ တင်ပို့ရောင်းချအား ကောင်းလာသည့်အတွက် ကုန်သည် များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အင်ဂျင်းလိုက်သူများ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

စာအကြောင်း ပေအကြောင်း

ချစ်နိုင်(စိတ်ပညာ)

"လူရဲ့အရှားပါးဆုံး(၀ါ)တန်ဖိုးအရှိဆုံးပိုင်ဆိုင်မှုဟာ ဘဝပါပဲ။"

V.I.Lenin

ဗလာဒီမာ အီလီယာရစ်ချ်လီနင်

(၁۹၇၀-၁۹၂۹)

တိရစ္ဆာန်ထက်အဆင့်မြင့်တဲ့ လူသားဆိုတာ ရခဲလှတဲ့ဘဝတစ်ခုမဟုတ်လား။ တန်ဖိုးကြီးမားပါတယ်။ တစ်သက်တာမှာ တစ်ဘဝပဲရနိုင်တာလေ။ အသစ်လဲလှယ်ချင်လို့လည်း မရဘူး။ အစကနေ ပြန်စချင်လို့လည်း မရဘူး။ လူဖြစ်လာတော့ သဘာဝ အလျောက် အခြားသတ္တဝါများစွာထက် အားသာတဲ့ အချက်တွေ အများကြီးပါ။ သို့သော်လည်း ဒီအားသာချက်အခွင့်အလမ်းတွေကို မှန်မှန်ကန်ကန်အခွင့်အရေး ရယူတတ်ဖို့တော့ လိုမှာပေါ့။ ဒါမှသာ လူ့ဘဝ အဓိပ္ပာယ်ပေါ်လွင်ပေလိမ့်မယ်နော်။

ဗလငါးတန်ကို ရယူပိုင်ဆိုင်နိုင်ရမယ်။

စာသင်ကျောင်းမှာ ငယ်စဉ်ကပင်သင်ခဲ့ရတယ်။

ရည်မှန်းချက်ထား၊ အမြဲကြိုးစားရင်

အောင်မြင်သူတွေလည်း ရှေ့မှာအများကြီးပါပဲ။

ဘဝတစ်ခုကို တန်ဖိုးရှိရှိ၊ အကျိုးရှိရှိအသုံးချ တတ်ခြင်းကို လုပ်ဆောင်ခြင်း၊ လုပ်ဆောင်ချက်များနဲ့သာ တိုင်းတာသင့်တယ်။ အချိန်ကာလ နှစ်၊ လ၊ ရက်များနဲ့ တိုင်းထွာခြင်းမဟုတ်လို့ ကြားဖူးပါတယ်။

နှစ်ကာလအရဆိုရင် အခုခေတ်လူသားတွေရဲ့ သက်တမ်းဟာ ပျမ်းမျှ ၇၅ နှစ်အောက်လောက်ပဲ ရှိကြပါတယ်။ အသက် ၉၀၊ ၁၀၀ ရှည်ကြသူတွေလည်း ရှိတော့ရှိပါတယ်။ အနည်းစုသာပါ။ မြတ်စွာဘုရားရှင်နဲ့ လက်ယာတော်ရံ အရှင်သာရိပုတ္တရာ၊ လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလ္လာန်ရဟန္တာကိုယ်တော်ကြီးများပင်လျှင် သက်တော် ၈၀ မှာ ပရိနိဗ္ဗာန်စံလွန်တော်မူခဲ့ကြတာပဲ မဟုတ်လား။

လူ့ဘဝမှာ အသက် ၃၀၊ ၄၀ ကျော်လာရင်ပဲ ယိုယွင်းမှုတွေက စတင်ပြသလာကြပြီ။ အသက် ၆၀ လူတစ်ယောက်ရဲ့ ကြွက်သားစွမ်းအင်ဟာ သူ ၂၅ နှစ် အရွယ်တုန်းက သန်မာမှုထက် ထက်ဝက်သာကျန်ပါတော့တယ်လို့ ဆရာဝန်တွေက ပြောပြတယ်။ ဘဝသက်တမ်းရဲ့ ထက်ဝက်အသက် ၄၀ ဝန်းကျင်ဟာ အတက်ပိုင်းဆိုရင် ကျန်တဲ့ တစ်ဝက်အသက် ၄၀ မှ ၈၀ ဟာ အကျပိုင်းဖြစ်လာပြီပေါ့။ လူ့ဘဝရဲ့ စွမ်းဆောင်ရည်ဆိုတာ အချိန်အကန့်အသတ်နဲ့ပါကလား။ ဘဝတစ်ခု ဇာတ်ပွဲနဲ့ တင်စားကြည့်ရင် ဘယ်လောက်ပဲ ကပြလို့ကောင်းနေစေကာမူ မိုးလင်းရင်တော့ ပြည်ဖုံးကားချ၊ ဇာတ်သိမ်းရမှာပဲ။ ရယ်ရသည်ဖြစ်စေ၊ ငိုရသည်ဖြစ်စေ၊ တစ်ညတာ ကပြခဲ့ကြတာဟာ ပြီးသွားပါပြီ။

လူ့ရဲ့အရွယ်ကို ကလေး၊ လူငယ်၊ လူရွယ်၊ လူကြီး၊ လူအိုဆိုပြီး ပိုင်းခြားကြပေမယ့်လည်း အချို့က စိတ်ပျိုတော့ ကိုယ်နုတယ်။ အချို့က အသက်ငယ်ရွယ်သေးပေမယ့် အိုစာတဲ့ရုပ်ပေါက်နေတတ်တယ်။ စိတ်ထောင်းတော့ ကိုယ်ကြေဆိုတာမျိုးလည်း ရှိနိုင်တယ်။

ဇီဝရုပ်အရွယ်(Biological Age)ကလည်း ရှိသေးတယ်။ နောက်တစ်မျိုးလည်း ရှိသေးတယ်။ စိတ်ပိုင်းဆိုင်ရာအရွယ်(Psychological Age)တဲ့။ စိတ်ကြောင့် ပိုပြီးနုနယ်နေခြင်း၊ စိတ်ကြောင့် အိုမင်းလွယ်ခြင်း။

လူတို့ရဲ့အသက်ရှင်နေထိုင်မှုဟာ ကာယစွမ်းအားထက် ဉာဏ်စွမ်းအားကို ပိုပြီးအသုံးပြုရလေ့ရှိပါတယ်။ ဒါ့ကြောင့် ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုထက် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုက ဘဝကိုတန်ဖိုးတက်စေပါတယ်။

ကာယဖွံ့ဖြိုးမှုမှာ အကန့်အသတ်ရှိပေမယ့် ဉာဏ်ဖွံ့ဖြိုးမှုမှာတော့ အကန့်အသတ်မရှိတိုးတက်ဖွံ့ဖြိုးအောင် ပြုစုပျိုးထောင်လို့ရပါတယ်။ **"လူအချို့ဟာ ရှေ့ကိုအသိအမြင်တိုးအောင် မလုပ်ဆောင်နိုင်ခဲ့ရင် နောက်ပြန်ဆုတ်နေတာပဲ"လို့ ဗွန့်ဂေါ်ထေး(Von Gothe)(1749–1832)**ဆယ့်ရှစ်ရာစု ဂျာမန် စာရေးဆရာကြီးက ပြောခဲ့ဖူးတယ်။

လူရဲ့အသိဉာဏ်ကို ဖွံ့ဖြိုးအောင်ပျိုးထောင်ပေးတာတွေက အမည်အများကြီးပါပဲ။ စာဖတ်သူလည်း သိထားပြီးသားတွေပါလေ။ သတင်းစာဖတ်တာ၊ ဂျာနယ်ဖတ်တာ၊ စာအုပ်စာစောင်မဂ္ဂဇင်းတွေကို ဖတ်ရှုလေ့လာတာတွေကတော့ အထင်ရှားဆုံးပေါ့။ ဉာဏ်ရည်ဉာဏ်သွေး၊ ဆက်ဆံရေးအရည်အသွေး၊ စာနာနည်းလည်တတ်မှုနဲ့ ခံစားတတ်မှုအရည်အသွေး(ယခုခေတ်ပြောနေကြတဲ့ I.Q တို့ E.Q တို့ပေါ့) ဒါတွေဟာ စာပေလေ့လာဖတ်ရှုလေ့ရှိသူတွေမှာ တိုးတက်မြင့်မားလာတယ်။ စိတ်ပိုင်းဆိုင်ရာအရည်အသွေးဟာ အရွယ်မရွေး မိမိကိုယ်ကိုပျိုးထောင်နိုင်တာဖြစ်ပါတယ်။

စာရေးသူတို့ အမေရိကန်နိုင်ငံသို့မရောက်ဖူးပါ။ မာဂရက်မစ်ချယ်၊ အားနက်စ်ဟယ်မင်ဝေး၊ ဂျက်လန်ဒန်၊ မတ်တိုန်း၊ အိုဟင်နရီ စတဲ့ စာရေးဆရာတွေ ရေးခဲ့တဲ့ဝတ္ထုတို၊ ဝတ္ထုရှည်တွေ ဖတ်ရှုခံစားပြီး နယူးယောက်မြို့တော်သာမက အမေရိကန်တောမြို့လေးတွေ၊ ကျေးလက်တွေထိ မြင်ဖူး၊ ရောက်ဖူးသလို ရင်းနှီးခဲ့ရတယ်လေ။

ရုရှားနိုင်ငံကို မရောက်ဖူးသော်လည်း လီယိုတော်စတွိုင်း(စစ်နဲ့ငြိမ်းချမ်းရေး)၊ မဂ္ဂဇင်ဂေါ်ကီ(အမေ)၊ အင်တွန်ချက်ကော့၊ မစ်ခေးလ်ရှို့လိုကော့ဗ်၊ အလက်ဇန္ဒားပွတ်ရှ်ကင်၊ အိုင်ဗင်တူရကီညက်နဲ့ ဖြိုဒေါ်ဒြေါစတိုယက်ဗ်စကီ(ကာရာမာဇော့ညီအစ်ကိုများ) အစရှိတဲ့ ကမ္ဘာကျော်ဝတ္ထုတို၊ ဝတ္ထုရှည်များကတစ်ဆင့် ရုရှားရေမြေရာသီဥတုနဲ့ သူတို့ရဲ့အလွမ်း၊ အပျော်၊ အကျင့်၊ ဓလေ့စရိုက်၊ အားသာချက်၊ အားနည်းချက်တွေကို အနီးကပ်ခံစားသိမြင်ခဲ့ရတယ်။ စာပေက ပြဇာတ်လို မပြောပါ။ ရုပ်ရှင်လိုမပြပါ။ ဂီတလို အသံနဲ့မဖန်တီးပါ။ ဒါပေမယ့် ရေးသူရဲ့စိတ်ထဲက သရုပ်ဖော်ရေးသားပြတဲ့ စာသား၊ စကားလုံး၊ ခံစားမှု၊ ဖန်တီးမှုတွေဟာ လူမျိုး၊ ဘာသာ၊ အသက်အရွယ်၊ အရပ်ဒေသ၊ ဇာတိ၊ ယဉ်ကျေးမှု၊ မတူကွဲပြားမှု အတားအဆီးအမျိုးမျိုးကို ထိုးဖောက်ဖြတ်သန်းပြီး စာဖတ်သူရဲ့ရင်ထဲကိုခံစားစေနိုင်တယ်။

စာပေဟာ စာဖတ်သူရဲ့ မြင်ကွင်းကိုကျယ်အောင် ချဲ့ပေးနိုင်တယ်။ အဝေးကြည့်မှန်ဘီလူး၊ အနီးကြည့်မှန်ဘီလူးနဲ့ မြင်နိုင်သလိုပဲ စာဖတ်သူကို အသေးစိတ်ခံစားနားလည်နိုင်အောင် ရင်ဘတ်ချင်းထိတွေ့နိုင်စွမ်းရှိတယ်။

၁၉ ရာစု၊ ၂၀ ရာစု၊ အတိတ်က ဇာတ်လမ်းတွေ၊ ခရစ်တော်မပေါ်မီ ဘီစီ ၅ ရာစု၊ ၄ ရာစုက (မြတ်စွာဘုရားရှင်လက်ထက်တော် စသည်) အချိန်ကာလ စည်းများကို ဖြတ်ကျော်ခံစားစေနိုင်ပါတယ်။ စာပေဟာ အတောင်ပံပါတဲ့ငှက်ပဲ။ စာပေဟာ လေလွင့်ရာ

❖ယနေ့စာဖတ်သူများက နောင်အခါမှာ လူအများကို ဦးစီးဦးဆောင်တတ်သူများဖြစ်လာတယ်။ စာမဖတ်ရင်တော့ အမြင်မကျယ်လို့ လူအများကို လွှမ်းမိုးဆွဲဆောင်နိုင်စွမ်းမရှိပါ။ စာအုပ်၊ စာပေပေါင်း သိန်းသန်းကုဋေရှိနေကြတဲ့ ဖွံ့ဖြိုးပြီးနိုင်ငံများရှိ စာကြည့်တိုက်တွေကို မျှော်ကြည့်လိုက်ပါ။ လူကြီးလူငယ် ပျိုပျိုအိုအိုလူတန်းစား အလွှာအမျိုးမျိုးဟာ စာကြည့်တိုက်ကို ပျားအုံလိုသဘောထားပြီး ပျားတွေလိုတရုန်းရုန်းဝင်ထွက်စည်ကားနေကြတယ်။ မိမိကိုယ်ကိုစာဖတ်ခြင်းဖြင့် တိုးမြှင့်နိုင်တယ်ဆိုတာ သူတို့သိမြင်နားလည်ကြပေတာကိုး။❖

ဉာဏ်ရည်ဉာဏ်သွေး၊ ဆက်ဆံရေးအရည်အသွေး၊ လွင့်ပါနိုင်တဲ့ တိမ်စိုင်လိုပါပဲ။

အချိန်ကာလတွေကို ဖြတ်ကျော်နိုင်တယ်။

နေရာဒေသတွေကိုလည်း ဖြတ်သန်းနိုင်တယ်။

စာပေမူလပထမ ပင်မရေစီးကြောင်းကြီးကို ဆင့်ပွားပြီး ဂီတ၊ သဘင်၊ ရုပ်ရှင်၊ ပြဇာတ်၊ ပန်းချီ၊ ပန်းပု၊ ပန်းတော့၊ ပန်းတမော့ စတဲ့အနုပညာအမျိုးမျိုးက ဖြန့်ဖြာစီးဆင်းပြီး လူ့သတင်းကို လူချင်းဆောင်ကြတာဖြစ်ပါတယ်။

Non–fiction – သုတစာပေ

Fiction – ရသစာပေ

စာပေအကြောင်းပြုပြီး လူသားတွေဟာ ရာစုခေတ်ပေါင်းများစွာ သိသိသာသာတိုးတက်ဖွံ့ဖြိုးလာခဲ့ကြတယ်။ လူ့သမိုင်းနဲ့ စာပေတန်ဖိုး၊ စာပေရဲ့ကျေးဇူးဟာ စာဖတ်သူများသိရှိကြပြီးသားမို့ အကျယ်မဖော်ပြတော့ပါ။

စာများများဖတ်သူများက အမြင်ကျယ်တယ်။

စာမဖတ်သူများက အမြင်ကျဉ်းနေခဲ့ပြီ။

စာဖတ်များသူက နားလည်လွယ်တယ်။

စာမဖတ်သူအချို့က ခေါင်းမာတယ်။

ခက်ထန်တယ်။

ယနေ့စာဖတ်သူများက နောင်အခါမှာ လူအများကို ဦးစီးဦးဆောင်တတ်သူများဖြစ်လာတယ်။

စာမဖတ်ရင်တော့ အမြင်မကျယ်လို့ လူအများကို လွှမ်းမိုးဆွဲဆောင်နိုင်စွမ်းမရှိပါ။

စာအုပ်၊ စာပေပေါင်း သိန်းသန်းကုဋေရှိနေကြတဲ့ ဖွံ့ဖြိုးပြီးနိုင်ငံများရှိ စာကြည့်တိုက်တွေကို မျှော်ကြည့်လိုက်ပါ။ လူကြီးလူငယ် ပျိုပျိုအိုအိုလူတန်းစား အလွှာအမျိုးမျိုးဟာ စာကြည့်တိုက်ကို ပျားအုံလိုသဘောထားပြီး ပျားတွေလိုတရုန်းရုန်းဝင်ထွက်စည်ကားနေကြတယ်။ မိမိကိုယ်ကိုစာဖတ်ခြင်းဖြင့် တိုးမြှင့်နိုင်တယ်ဆိုတာ သူတို့သိမြင်နားလည်ကြပေတာကိုး။

မြန်မာပြည်က စာကြည့်တိုက်မှာတော့ လူအလာနည်းခဲ့လို့ သရဲခြောက်မှာတောင် ကြောက်ရပါတယ်။ စာဖတ်သူ၊ စာပေမွေ့သူ ရှားပါးခန်းခြောက်တာမို့ လူတွေရဲ့အသိဉာဏ်ရေချိန်နဲ့ လူလူချင်းစာနာကြင်နာ၊ ဆက်ဆံဆက်သွယ်နိုင်မှုတွေ ကျဆင်းနိမ့်ပါးလာကြတော့တာပဲ။ အလိမ္မာစာမှာရှိ ဆိုပေမယ့် စာထဲမှာရှိတဲ့ အသိအမြင်၊ အတတ်ပညာအလိမ္မာတွေ မထိတွေ့ဘဲ ရှောင်လွှဲနေတော့ လူဖျင်းလူညံ့တွေသာ ဖြစ်နေရှာပြီပေါ့။

မပြောင်းလဲဘဲ ဒီအတိုင်းသာဆက်သွားနေရင်တော့ နိုင်ငံနဲ့လူမျိုးဟာ ကြာလေနစ်လေလေဖြစ်ရပေတော့မယ်ထင်တယ်။

စာအကြောင်း ပေအကြောင်းအကျယ်မပြောလိုပါ။

"စာဆိုတာ စိတ်ကိုရေးတာဖြစ်တယ်"တဲ့ **စာရေးဆရာပီမိုးနင်း ခေါ် ဦးကျော်(၁۹၈၃-၁۹၄၀)**က ဆိုမိန့်ခဲ့တယ်။ ရဟန်းပညာရှိ၊ လူပညာရှိတွေရဲ့ တိုင်းသူပြည်သားများအပေါ်ထားရှိခဲ့တဲ့ ကောင်းမွန်စေချင်တဲ့ စေတနာ၊ စေတသိက်အရ မျှဝေခဲ့တယ်။ စာကောင်းပေကောင်းတွေကို ရှာဖွေလေ့လာဆည်းပူးမှတ်သားကြမှသာ တိုင်းကြီးပြည်ကြီးသား အမြင်ရှိပြီး နိုင်ငံနဲ့ လူမျိုးကို မြှင့်တင်နိုင်စွမ်း ရှိကြပေမှာပေါ့။ စာပေတံတားနှင့် ဦးနှောက်ချင်းဆက်သွယ်ရမယ်လေ။

ကိုလိုနီ အင်္ဂလိပ်နယ်ချဲ့ရဲ့ လက်အောက်မှာ ရောက်နေပေမယ့် စာပေအရာ ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်တဲ့ စာမျိုးတွေကို အင်္ဂလိပ်စာ ပေါက်ပေါက်မြောက်မြောက်တတ်ကျွမ်းတဲ့ ဆရာကြီးပီမိုးနင်း၊ ဆရာကြီးရွှေဥဒေါင်းတို့ရေးခဲ့တဲ့စာတွေကို ဖတ်ဖြစ်အောင်ဖတ်ကြည့်လိုက်စမ်းပါ။ ငါတို့မြန်မာက လွန်ခဲ့တဲ့ နှစ် ၁၀၀ လောက်ကပင် ဉာဏ်အမြော်အမြင်တော်တော်မြင့်ပါလားလို့သိကြရမယ်။

"စာကောင်းရေးချင်ရင် စိတ်ကောင်းအရင်မွေးရပါမယ်"တဲ့။ **ဆရာဇော်ဂျီ ခေါ် ဦးသိန်းဟန်(၁۹၀၇-၁۹۹၀)**က ရေးခဲ့တယ်။ ယနေ့ခေတ်အခါမှာ လူအများစု လက်ကိုင်ဖုန်းပေါ်မှာ စာတွေရေးနေကြတာ ကြည့်လိုက်ပါ။ စကားမဝီသ၊ သတ်ပုံမမှန်၊ သဒ္ဒါမသိ။ စတဲ့ ချို့ယွင်းချက်တွေ မပြောလိုပါ။ ကုသိုလ်စိတ်နဲ့ရေးသလား၊ အကုသိုလ်စိတ်နဲ့ရေးသလား စာဖတ်သူတွေက သိမြင်ကြတာပဲ။ အကုသိုလ်စိတ်တွေ ပူလောင်နေတော့ ဒုစရိုက်လမ်းအတိုင်း ဆက်ဆင်းသွားကြရပေမှာပဲ။

စိတ်ကောင်းမွေးဖို့ရာ မိမိဘဝရဲ့အရေးအကြီးဆုံး ရွေးချယ်မှုပဲဖြစ်ပါတယ်။ လူတိုင်းသိကြရမယ့် တန်ဖိုးရှိလှတဲ့ ဆရာကြီးဇော်ဂျီရဲ့ စကားပါ။

ဘယ်သူမဆို စာရေးရင်သိထားစေချင်တယ်။

"စာဆိုတာ စာဖတ်သူကို ဖတ်ချင်စဖွယ်ကောင်းအောင်၊ စာကို ဆက်ဖတ်ချင်အောင် ရေးတတ်ဖို့လိုတယ်" တဲ့ **ဆရာသော်တာဆွေ ခေါ် ဦးကြင်ဆွေ ခေါ် ဦးကျင်မောင်(၁۹၁۹-၁۹۹၈)**က ရေးခဲ့ဖူးပါတယ်။ စာရေးဆရာ၊ သတင်းဆရာတွေဖြစ်နေကြတဲ့ ဖုန်းပေါ်မှာ စာရေးနေကြသူအားလုံးအတွက် စိတ်ရင်းစေတနာကောင်းနဲ့ တင်ပြမျှဝေခြင်းပါခင်ဗျာ။ ကျွန်တော် ချစ်နိုင်(စိတ်ပညာ)ပါ။ လေးစားလျက်ပါ။

ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job–PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit–PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job–PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"

(၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူ ၃၁၈၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ရွှေဘို ဇွန် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူ ၃၁၈၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူ ၃၆၁၂ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ရွှေဘိုမြို့နယ်တွင် ၉၈ ဧက၊ ခင်ဦးမြို့နယ်တွင် ၇၉၄ ဧက၊ ဝက်လက်မြို့နယ်တွင် ဧက၁၂၅၀၊ ကျောက်မြောင်းမြို့နယ်ခွဲတွင် ဧက ၁၀၄၀ စုစုပေါင်း ၃၁၈၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုခရိုင်မှာ လျှော်ဖြူ ၃၆၁၂ ဧကစိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၃၁၈၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထား ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ လျှော်ဖြူက ရေငတ်ဒဏ်ကိုခံနိုင်ပါတယ်။ မြေအမျိုးစားမရွေး ပေါက်ရောက်တယ်။ အပူပိုင်းဒေသမှာပေါက်တဲ့ အပင်မျိုးလဲဖြစ်တယ်။ မိုးရေချိန် နည်းပါးတဲ့ ကျောက်စရစ်ကုန်းလို မြေမျိုးတွေမှာတောင် လျှော်ဖြူကို စိုက်ပျိုးလို့ရပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ လျှော်ဖြူစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ဧက ၁၀၀၊ ခင်ဦးမြို့နယ်တွင် ဧက ၇၅၀၊ ဝက်လက်မြို့နယ်တွင် ၁၇၆၂ ဧကနှင့်ကျောက်မြောင်းမြို့နယ်တွင် ဧက ၁၀၀၀ စုစုပေါင်း ၃၆၁၂ ဧကတို့ ဖြစ်ကြောင်း သိရသည်။

လျှော်ဖြူစိုက် တောင်သူများ အနေဖြင့် လျှော်ဖြူစိုက်ပျိုးရာတွင် ဓာတုကင်းစင်သည့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးကြရန် စိုက်ပျိုးရေးဦးစီးဌာနက တွန်းအားပေးစည်းရုံးနေပြီး GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်စိုက်ခင်းမှ ထွက်ရှိလာသောလျှော်ဖြူကို GAP နည်းဖြင့် စိုက်သည့်လက်မှတ်ထုတ်ပေးမည်ဖြစ်ကာ ဓာတုလျှော့ချထားသည့် လျှော်ဖြူများသည် အခြားသောလျှော်ဖြူထက် စျေးကွက်ပိုမို ခိုင်မာလာနိုင်ကြောင်း သိရသည်။

လျှော်ဖြူကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း သုံးစွဲမှုဖူလုံနိုင်မည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ လျှော်ဖြူကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

(၂၀၆)

မိုင်းယန်းမြို့နယ် ပန်းဆောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မိုင်းယန်း ဇွန် ၂၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့်မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ပန်းဆောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့်ခရိုင်၊ မြို့နယ် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ပန်းဆောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုများနှင့် လအလိုက်ဖြည့်သွင်းရသည့် စာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးရန်ကျော်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ပန်းဆောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ယခုဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်ရဲကျော်

လှသွေးကြွယ် ပန်းပွင့်များ

- လှသွေးကြွယ် လန်းတင့်အား
ပန်းပွင့်များ ပမာရည်၊
ရနံ့စုံ ထုံကြိုင်သင်း
အပြစ်ကင်းသည်၊
မြင်မြင်သမျှ လှမာန်တည်
မြယံချည် နယ်လုံးလွမ်း၊
ပြည်မြန်မာ အသွေးလှအောင်
ဖွေးလွတင့်ဆန်း။

- ကျရာဝန် ကိုယ်စီထမ်း
ပင်ပန်းလဲ မမှုပါ၊
မြန်မာအမျိုးသမီးများ
စွမ်းအားထည်ဝါ၊
ဣန္ဒြေနှင့်လှသိက္ခာ
တန်ဖိုးလွှာ လွန်ကြီးမား၊
ယဉ်ကျေးမှု အလှဆင့်လို့
ဂုဏ်မြင့်တကား။

- ပြည်မြန်မာ အလှပွားဖို့
တတ်အားသမျှ တာဝန်ယူ၊
အမျိုးသားများနှင့် ရင်ပေါင်တန်း၍
ကြိုးပမ်းအတူ၊
အခက်အခဲများ မည်ည်းညူ
ဖေးမကူ လက်ချင်းယှက်၊
အောင်မြင်ရာ ဘဝရေး
မျှော်တွေးဆောင်ဆက်။ ။

အဝေရာကိုကို

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို တိုးချဲ့နိုင်ရန်

ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင် ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

နိုင်ငံတကာ သတင်းများ

သမ္မတရွေးကောက်ပွဲ၌ သတ္တမအကြိမ် ထပ်မံယှဉ်ပြိုင်ရန် ယူဂန်ဒါသမ္မတရည်ရွယ်

ကမ်ပါလာ ဇွန် ၂၉

လာမည့်နှစ်အတွင်း ကျင်းပမည့် သမ္မတရွေးကောက်ပွဲ၌ ထပ်မံပါဝင်ယှဉ်ပြိုင်ရန် ရည်ရွယ်ထားကြောင်း ယူဂန်ဒါသမ္မတ ယိုစီရီမူဆီဗီနီက ယနေ့တွင် အတည်ပြုခဲ့သည်။

လာမည့်နှစ် သမ္မတရွေးကောက်ပွဲတွင် လက်ရှိအာဏာရအမျိုးသားခုခံရေးလှုပ်ရှားမှု(အင်နိ်အာရ်အမ်) ပါတီ ကိုယ်စားပြုသမ္မတလောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ရန် စိတ်ဝင်စားကြောင်း သမ္မတမူဆီဗီနီက ၎င်း၏လူမှုမီဒီယာစာမျက်နှာပေါ်တွင် ရေးသားထားသည်။

ယူဂန်ဒါသမ္မတ မူဆီဗီနီသည် သမ္မတရွေးကောက်ပွဲ၌ သတ္တမအကြိမ်အဖြစ် ထပ်မံပါဝင်ယှဉ်ပြိုင်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

အသက် ၈၀ အရွယ် သမ္မတမူဆီဗီနီသည် ၁၉၈၆ ခုနှစ်မှစ၍ ယူဂန်ဒါနိုင်ငံကို နှစ် ၅၀ ကြာ ဦးဆောင်ခဲ့သူဖြစ်သည်။

ရွေးကောက်ပွဲများ၌ ထပ်မံပါဝင်ယှဉ်ပြိုင်၍ ၎င်း၏အုပ်ချုပ်မှုသက်တမ်းကို သမ္မတမူဆီဗီနီ ထပ်တိုးနိုင်ရေးအတွက် လက်ရှိအာဏာရ အင်နိ်အာရ်အမ်ပါတီသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို နှစ်ကြိမ်တိုင်တိုင် ပြင်ဆင်ပေးခဲ့ရသည်။

ယူဂန်ဒါနိုင်ငံသည် သမ္မတရွေးကောက်ပွဲသစ်ကို လာမည့်နှစ် ဧနီနဝါရီလတွင် ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

ပါကစ္စတန်၌ အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ဟွား လုံခြုံရေးတပ်ဖွဲ့ဝင် ၁၉ ဦး သေဆုံး

အစ္စလာမ္မာဘတ် ဇွန် ၂၉

ပါကစ္စတန်နိုင်ငံ ခိုင်ဘာပွတ်ရှိ တွန်ဝါပြည်နယ်၌ ဇွန် ၂၈ ရက်က အသေခံဗုံးခွဲတိုက်ခိုက်မှု တစ်ရပ်ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၁၉ ဦး သေဆုံးခဲ့ရကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ထုတ်ဖော်ပြောကြားထားသည်။

အဆိုပါအသေခံဗုံးခွဲတိုက်ခိုက်မှုသည် ခိုင်ဘာပွတ်ရှိတွန်ဝါပြည်နယ် မြောက်ဝါဇီရစ္စတန်ခရိုင်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူပေါင်း ၂၀ ကျော်လည်း ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်အတွင်း အသေခံဗုံးခွဲသမားတစ်ဦးက ပါကစ္စတန်စစ်ယာဉ်တန်းတစ်ခုကို ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ထားသည့် မော်တော်ယာဉ်တစ်စီးဖြင့် ဝင်တိုက်၍ ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ဇွန် ၂၈ ရက် အသေခံဗုံးခွဲတိုက်ခိုက်မှုကို ၎င်းတို့ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ပါကစ္စတန်တာလီဘန်အုပ်စုက ကြေညာထားသည်။

အာဖဂန်နစ္စတန်ကိုတာလီဘန်အုပ်စုက ၂၀၂၁ ခုနှစ်တွင် ပြန်လည်ထိန်းချုပ်ခဲ့ပြီးနောက် အာဖဂန်နစ္စတန်နှင့် ထိစပ်နေသည့် ပါကစ္စတန်ပြည်နယ်များဖြစ်သော ခိုင်ဘာပွတ်ရှိတွန်ဝါနှင့် ဘလူချီစတန်ပြည်နယ်များ၌ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားမှုမြင့်တက်လာခဲ့သည်။

တာလီဘန်အုပ်စု အနေဖြင့် ပါကစ္စတန်အစိုးရအား တိုက်ခိုက်နေသော စစ်သွေးကြွအုပ်စုများကို အာဖဂန်နစ္စတန်၌ လက်ခံနေရာ ပေးထားကြောင်း ပါကစ္စတန်အစိုးရက စွပ်စွဲထားသည်။

Ref : RT

Trs : KKO

ကမ်းခြေများ၊ ပန်းခြံများ၌ ဆေးလိပ်သောက်သုံးမှု ပြင်သစ်နိုင်ငံပိတ်ပင်မည်

ပဲရစ် ဇွန် ၂၉

ကမ်းခြေများ၊ ပန်းခြံများ၊ ပြည်သူ့ဥယျာဉ်များနှင့်ဘတ်စကားမှတ်တိုင်များ၌ ဆေးလိပ်သောက်သုံးမှုကို ပြင်သစ်နိုင်ငံက ယနေ့မှစ၍ ပိတ်ပင်မည်ဖြစ်သည်။

ပြင်သစ်အစိုးရ အနေဖြင့် စာကြည့်တိုက်များ၊ ရေကူးကန်များနှင့် စာသင်ကျောင်းများပြင်ပ၌ ဆေးလိပ်သောက်သုံးမှုကိုလည်း ဆက်လက်ပိတ်ပင်ရန် စီစဉ်ထားသည်။

ဆေးလိပ် မီးခိုးငွေ့များ တစ်ဆင့်ခံရှူရှိုက်နေရမှုမှ ကလေးများကို အကာအကွယ်ပေးနိုင်ရေးအတွက် အဆိုပါနေရာများ၌ ဆေးလိပ်သောက်သုံးခွင့် ဆက်လက်ပိတ်ပင်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း ပြင်သစ်ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် အမိန့်ဒီကရီ၌ ဖော်ပြထားသည်။

ပြင်သစ်ကျန်းမာရေးဝန်ကြီးဌာန အမိန့်ဒီကရီအရ ကမ်းခြေများ၊ ပန်းခြံများ၊ ပြည်သူ့ဥယျာဉ်များနှင့် ဘတ်စကားမှတ်တိုင်များ၌ ဆေးလိပ်သောက်သုံးခွင့်ပိတ်ပင်ချက်ကို ချိုးဖောက်ပါက အမေရိကန်ဒေါ်လာ ၁၅၈ ဒေါ်လာထိ ဒဏ်ငွေရိုက်ခံရမည်ဖြစ်သည်။

သို့ရာတွင် အဆိုပါဆေးလိပ်သောက်သုံးခွင့် ပိတ်ပင်ချက်တွင် ကော်ဖီဆိုင်များကို ကင်းလွတ်ခွင့် ပေးထားကြောင်း ပြင်သစ်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

မကြာသေးမီက ပြုလုပ်ခဲ့သောစစ်တမ်းတစ်ရပ်အရ ပြင်သစ်လူမျိုး ၁၀ ဦးလျှင် ခြောက်ဦးမှာ အများပြည်သူဆိုင်ရာ နေရာများ၌ ဆေးလိပ်သောက်သုံးမှုကို ပိတ်ပင်ရန်လိုလားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

ယူကရိန်းပဋိပက္ခတစ်လျှောက် အပြင်းထန်ဆုံးလေကြောင်းတိုက်ခိုက်မှု ရုရှားပြုလုပ်

ကိယက်ဗ် ဇွန် ၂၉

သုံးနှစ်ကျော်ကြာ ယူကရိန်းပဋိပက္ခအတွင်း အပြင်းထန်ဆုံးလေကြောင်းထိုးစစ်ကို ဇွန် ၂၈ရက်ညပိုင်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဇွန် ၂၈ ရက်ညပိုင်း လေကြောင်းထိုးစစ်အတွင်း ရုရှားတပ်မတော်သည် မောင်းသူမဲ့လေယာဉ် ၄၇၇ စင်းနှင့် ဒုံးကျည်အစင်း ၆၀ ထိ အသုံးပြု၍ ယူကရိန်းပစ်မှတ်များကို တိုက်ခိုက်ခဲ့ကြသည်။

ရုရှားတပ်မတော်၏ ဇွန် ၂၈ ရက် လေကြောင်း တိုက်ခိုက်မှုသည် ယူကရိန်းပဋိပက္ခ ကာလ တစ်လျှောက် အပြင်းထန်ဆုံး လေကြောင်းတိုက်ခိုက်မှု ဖြစ်ကြောင်း ယူကရိန်းတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

ရုရှားတပ်များက ဇွန် ၂၈ ရက်တွင် ပစ်လွှတ်ခဲ့သော မောင်းသူမဲ့လေယာဉ်များအနက် ၂၄၉ စင်းကို ပစ်ချနိုင်ခဲ့ပြီး ဒုံးကျည် ၃၀ ကျော်ကို ကြားဖြတ်ဖျက်ဆီးနိုင်ခဲ့ကြောင်း ယူကရိန်းတပ်မတော် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ရုရှားနှင့် ယူကရိန်းအကြား တိုက်ရိုက်ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ထပ်မံကျင်းပရန် အသင့်ရှိကြောင်းသမ္မတပူတင်ကပြောကြားခဲ့ပြီးနောက် ရုရှားတပ်မတော်က ယူကရိန်းနိုင်ငံကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ရုရှားနှင့် ယူကရိန်းတို့သည် တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့၌ နှစ်နိုင်ငံ တိုက်ရိုက်ငြိမ်းချမ်းရေးဆွေးနွေးပွဲ နှစ်ကြိမ်ကျင်းပခဲ့သော်လည်း အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရယူနိုင်မှုမရှိခဲ့ကြောင်း သိရသည်။ Ref : RT

Trs : KKO

အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံတန်ဖိုးရှိ အစုရှယ်ယာများ ပရဟိတအဖွဲ့အစည်းများကို ဝါရင်ဘက်ဖက်လျှုဒါန်း

နယူးယောက် ဇွန် ၂၉

အမေရိကန်စီးပွားရေးလုပ်ငန်းရှင် ဘီလျံနာသန်းကြွယ်သူဌေး ဝါရင်ဘက်ဖက်သည် ဘာ့ဂ်ရှိုင်းယားဟေသာဝေး ကုမ္ပဏီအစုရှယ်ယာ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၃၆ သန်းကို ဇွန် ၂၇ ရက်တွင် ဂိတ်ဖောင်ဒေးရှင်းနှင့် အခြားနိုင်ငံတကာ ပရဟိတအဖွဲ့အစည်းများထံ လျှုဒါန်းခဲ့ကြောင်း သိရသည်။

ဝါရင်ဘက်ဖက် ဇွန် ၂၇ ရက်တွင်လျှုဒါန်းခဲ့သော ဘာ့ဂ်ရှိုင်းယားဟေသာဝေးကုမ္ပဏီ အစုရှယ်ယာများ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံထိ ရှိကြောင်း သိရသည်။

ဝါရင်ဘက်ဖက်သည် ဘာ့ဂ်ရှိုင်းယားဟေသာဝေးကုမ္ပဏီ အစုရှယ်ယာ ၁၂ ဒသမ ၃၆ သန်းအနက် ၉ ဒသမ ၄၃ သန်းကို ဂိတ်ဖောင်ဒေးရှင်းထံ လျှုဒါန်းခဲ့ပြီး ကျန်အစုရှယ်ယာများကို ၎င်း၏သားသမီးများဦးဆောင်သည့် နိုင်ငံတကာဖောင်ဒေးရှင်းသုံးခုကို ခွဲဝေလျှုဒါန်းခဲ့ခြင်းဖြစ်သည်။

ဝါရင်ဘက်ဖက်သည် ပြီးခဲ့သည့် နှစ် ၂၀နီးပါးအတွင်း ၎င်း၏ပိုင်ဆိုင်မှုများကို နှစ်စဉ်လျှုဒါန်းခဲ့ရာ ဇွန် ၂၇ ရက် လျှုဒါန်းမှုမှာ အများဆုံးဖြစ်ကြောင်း သိရသည်။

ဝါရင်ဘက်ဖက်သည် ဇွန် ၂၇ ရက်လျှုဒါန်းမှုအပါအဝင် ယနေ့ထိ နိုင်ငံတကာပရဟိတလုပ်ငန်းများ အတွက်လျှုဒါန်းမှုမှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀ထိ ရှိလာခဲ့ပြီဖြစ်သည်။

ဝါရင်ဘက်ဖက်သည် ဇွန် ၂၇ ရက်လျှုဒါန်းမှုမတိုင်မီ အသားတင်ပိုင်ဆိုင်မှု အမေရိကန်ဒေါ်လာ ၁၅၂ ဘီလီယံဖြင့် ကမ္ဘာ့အချမ်းသာဆုံး လူပုဂ္ဂိုလ်စာရင်း၌ အဆင့် (၅)နေရာတွင် ရပ်တည်ခဲ့ပြီး ဇွန် ၂၇ ရက် လျှုဒါန်းမှုအပြီးတွင် အဆင့်(၆) နေရာသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

SCIENCE AND TECHNOLOGY

Rocket Lab ကုမ္ပဏီက ဗာဂျီးနီးယားပြည်နယ်အခြေစိုက် ဟော်ကီယေး ၃၆၀ ပုဂ္ဂလိကကုမ္ပဏီတစ်ခု၏ ဂြိုဟ်တုလေးစင်းကို လွှတ်တင်

ဝါရှင်တန် ဇွန် ၂၉

Rocket Lab ကုမ္ပဏီသည် ဗာဂျီးနီးယားပြည်နယ် အခြေစိုက် ဟော်ကီယေး ၃၆၀ အမည်ရှိ ပုဂ္ဂလိက ကုမ္ပဏီတစ်ခု၏ ဂြိုဟ်တုလေးစင်းကို ဇွန် ၂၇ ရက်တွင် အောင်မြင်စွာ လွှတ်တင်ပေးခဲ့ကြောင်း ဇွန် ၂၈ ရက် သတင်းများအရ သိရသည်။

Rocket Lab ကုမ္ပဏီသည် ဟော်ကီယေး ၃၆၀ ကုမ္ပဏီ ဂြိုဟ်တု လေးစင်းကို အီလက်ထရွန်ဒုံးပျံဖြင့် နယူးဇီလန်နိုင်ငံမှ တစ်ဆင့် လွှတ်တင် ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး တစ်နာရီအကြာတွင် အီလက်ထရွန်ဒုံးပျံသည် သယ်ဆောင်ထားသည့် ဂြိုဟ်တုလေးစင်းကို ကမ္ဘာမြေပြင်အထက် မိုင် ၃၂၀ အကွာရှိ ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဇွန် ၂၇ ရက် မစ်ရှင်သည် Rocket Lab ကုမ္ပဏီက ဟော်ကီယေး ၃၆၀ ကုမ္ပဏီအတွက် လွှတ်တင်ပေးခဲ့သော ဒုတိယမြောက် မစ်ရှင်ဖြစ်သည်။

ဟော်ကီယေး ၃၆၀ ကုမ္ပဏီအတွက် ပထမဆုံးမစ်ရှင်ကို Rocket Lab ကုမ္ပဏီက ၂၀၂၃ ခုနှစ် ဧနှစ်လ၀ါရီလတွင် အီလက်ထရွန်ဒုံးပျံနှင့်ပင် လွှတ်တင်ပေးခဲ့သည်။

ဇွန် ၂၇ ရက် မစ်ရှင်သည် Rocket Lab ကုမ္ပဏီ၏ ၂၀၂၅ ခုနှစ်အတွက် ကိုးခုမြောက်မစ်ရှင် ဖြစ်ပြီး အီလက်ထရွန်ဒုံးပျံများ၏ ၆၇ ကြိမ်မြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

Space-X ကုမ္ပဏီက လွှတ်တင်ခဲ့သော Crew Dragon အာကာသလူသယ်ယာဉ်က နိုင်ငံတကာအာကာသစခန်းနှင့်ချိတ်ဆက်နိုင်ခဲ့

ဝါရှင်တန် ဇွန် ၂၉

Ax-4 ပုဂ္ဂလိက အာကာသမစ်ရှင်အရ Space-X ကုမ္ပဏီက လွှတ်တင်ခဲ့သော Crew Dragon အာကာသ လူသယ်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းနှင့် ချိတ်ဆက်နိုင်ခဲ့ကြောင်း ဇွန် ၂၈ ရက် သတင်းများအရ သိရသည်။

ဂရေ့စ်ဟူ၍ အမည်ပေးထားသည့် Crew Dragon အာကာသ လူသယ်ယာဉ်သည် လွှတ်တင်ပြီး ၂၈ နာရီအကြာတွင် နိုင်ငံတကာ အာကာသစခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ကြောင်း သိရသည်။

ချိတ်ဆက်မှုပြုလုပ်နိုင်ခဲ့ပြီးနောက် Ax-4 ပုဂ္ဂလိက အာကာသ ယာဉ်မှူး လေးဦးတို့သည် နိုင်ငံတကာ အာကာသစခန်းပေါ်သို့ တက်ရောက်ခဲ့ကြသည်။

Ax-4 ပုဂ္ဂလိက အာကာသ ယာဉ်မှူး လေးဦးတို့သည် နိုင်ငံတကာ အာကာသစခန်းပေါ်၌ သီတင်းနှစ်ပတ်ကြာ နေထိုင်၍ သိပ္ပံပညာစမ်းသပ်မှုများ ပြုလုပ်မည်ဖြစ်သည်။

Ax-4 ပုဂ္ဂလိက အာကာသ ယာဉ်မှူး လေးဦးထပ်မံရောက်ရှိလာမှုကြောင့် နိုင်ငံတကာ အာကာသစခန်းပေါ်၌ နိုင်ငံပေါင်းခြောက်နိုင်ငံတို့မှ အာကာသယာဉ်မှူး ၁၁ ဦးထိ ရှိလာခဲ့ပြီဖြစ်သည်။

Space-X ကုမ္ပဏီသည် Ax-4 Crew Dragon အာကာသလူသယ်ယာဉ်ကို ဇွန် ၂၅ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

စပေ့စ်အိတ်စ်ကုမ္ပဏီက စတားလင့်စ်မစ်ရှင် နှစ်ခုကို ဇွန် ၂၈ ရက်တစ်ရက်တည်းတွင် အောင်မြင်စွာလွှတ်တင်

နယူးယောက် ဇွန် ၂၉

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်စ်ကုမ္ပဏီသည် ဇွန် ၂၈ ရက် တစ်ရက်တည်းတွင် စတားလင့်ခ်ဂြိုဟ်တုမစ်ရှင် နှစ်ခုကို အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဇွန် ၂၈ ရက်၏ပထမမစ်ရှင်အဖြစ် စပေ့စ်အိတ်စ်ကုမ္ပဏီသည် စတားလင့်ခ်ဂြိုဟ်တု ၂၇ စင်းကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေ ဗာရယ်အာကာသစခန်းမှတစ်ဆင့် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မိနစ် ၅၀ ခန့်အကြားတွင် ဖယ်လ်လွန်-၉ ဒုံးပျံသည် အထက်ပါစတားလင့်ခ်ဂြိုဟ်တု ၂၇ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ဇွန် ၂၈ ရက်၏ဒုတိယမြောက် စတားလင့်ခ်မစ်ရှင်ကို စပေ့စ်အိတ်စ်ကုမ္ပဏီသည် ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့သည်။

အဆိုပါ မစ်ရှင်အတွင်း ဖယ်လ်ကွန်-၉ ဒုံးပျံသည် လွှတ်တင်ပြီး တစ်နာရီခန့်အကြာတွင် စတားလင့်ခ်ဂြိုဟ်တု ၂၆ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

အထက်ပါ မစ်ရှင်နှစ်ခု အောင်မြင်မှုကြောင့် စပေ့စ်အိတ်စ်ကုမ္ပဏီ၏ စတားလင့်ခ်အင်တာနက်ဂြိုဟ်တုကွန်ရက်၌ လုပ်ငန်းလည်ပတ်ဆဲ ဂြိုဟ်တုအရေအတွက်မှာ ၇၉၀၀ ထိရှိလာမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

HEALTH

ရုပ်ပိုင်းဆိုင်ရာ တက်ကြွလှုပ်ရှားမှုများရှိခဲ့ပါက တွေးတောဆင်ခြင်နိုင်မှုစွမ်းရည်ကျဆင်းမှုကို တားဆီးနိုင်

နယူးယောက် ဇွန် ၂၉

ရုပ်ပိုင်းဆိုင်ရာ တက်ကြွလှုပ်ရှားမှုများသည် တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် ကျဆင်းမှုကိုတားဆီးပေးနိုင်ကြောင်း အမေရိကန်နိုင်ငံ ကျော်ကျီယာတက္ကသိုလ်မှ သုတေသနပညာရှင်များက ဇွန် ၂၈ ရက်တွင် ပြောကြားသည်။

ရုပ်ပိုင်းဆိုင်ရာအရ တက်ကြွလှုပ်ရှားမှုရှိခြင်းကို ကျန်းမာရေးနှင့်ညီညွတ်သည့် ဘဝနေထိုင်မှုပုံစံအဖြစ် ဆေးပညာရှင်များက အသိအမှတ်ပြုထားသည်။

သို့ရာတွင် အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ရုပ်ပိုင်းဆိုင်ရာ တက်ကြွလှုပ်ရှားမှုရှိခြင်းသည် တွေးတော ဆင်ခြင်နိုင်မှုစွမ်းရည် ကျဆင်းမှုကို တားဆီးနိုင်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက် ၅၀ အထက် လူပေါင်း ၁၃၀၀၀ ကျော်တို့၏ အချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ ရုပ်ပိုင်းဆိုင်ရာအရ တက်ကြွလှုပ်ရှားမှုရှိသော သက်ကြီးပိုင်းများ၌ တွေးတောဆင်ခြင်နိုင်မှု စွမ်းရည် ကျဆင်းမှု နှုန်း လျော့ပါးသွားနိုင်သည်ကို တွေ့ရကြောင်း၊ သက်ကြီးပိုင်းများ အနေဖြင့် တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် ကျဆင်းမှုနှုန်းကို လျော့ချနိုင်ပါက ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ Dementia ဖြစ်နိုင်ခြေကို လျော့ချနိုင်ကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

Ref : Sputnik News
Trs : KKO

အသင့်ဖျော်ကော်ဖီများ သောက်သုံးမှုကြောင့် ADM မျက်လုံးရောဂါဖြစ်နိုင်ခြေ မြင့်မားလာနိုင်

ပေကျင်း ဇွန် ၂၉

အသင့်ဖျော် ကော်ဖီများ သောက်သုံးမှုကြောင့် အမြင်အာရုံ ထိခိုက်ပျက်စီးမှုရောဂါ (AMD)ဖြစ်နိုင်ခြေ မြင့်မားနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဇွန် ၂၈ ရက် သတင်းများအရ သိရသည်။

တရုတ်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အသင့်ဖျော်ကော်ဖီကို သောက်သုံးသူများသည် အခြားကော်ဖီအမျိုးအစားများအား သောက်သုံးမှုများထက် အသက်အရွယ်နှင့် ဆက်စပ်နေသည့် အမြင်အာရုံ ထိခိုက်ပျက်စီးမှုရောဂါ (AMD) ဖြစ်နိုင်ခြေ ခုနစ်ဆပိုမြင့်မားကြောင်း သိရသည်။

အသင့်ဖျော် ကော်ဖီများမှ Acrytamide ခေါ် ဓာတုပစ္စည်း တစ်မျိုးသည် သွေးလည်ပတ်မှု စနစ်အတွင်း ဝင်ရောက်နိုင်ပြီး မျက်လုံး၏ မြင်လွှာဆဲလ်များကို ဖျက်ဆီးနိုင်ဖွယ်ရှိကြောင်း တရုတ်သုတေသန ပညာရှင်များက ပြောကြားသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ အသင့်ဖျော် ကော်ဖီများကြောင့် AMD မျက်လုံးရောဂါဖြစ်ပွားနိုင်ခြေ မြင့်တက်လာနိုင်ပြီး ၎င်းကော်ဖီ အမျိုးအစားများ သောက်သုံးမှုကို လျော့ချခဲ့ပါက ADM မျက်လုံးရောဂါ ဖြစ်နိုင်ခြေကို လျော့ချနိုင်သည်ဟု တရုတ်သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

ထို့ပြင် ADM မျက်လုံးရောဂါ ဖြစ်ပွားနိုင်ခြေ မြင့်မားသူများအနေဖြင့် အသင့်ဖျော်ကော်ဖီများ သောက်သုံးမှုကို ရှောင်ရှားသင့်ကြောင်း တရုတ်သုတေသန ပညာရှင်များက အကြံပြုထားသည်။

Ref : Xinhua News
Trs : KKO

ကလပ်ကမ္ဘာဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ ချဲလ်ဆီးအသင်း တက်ရောက်

လန်ဒန် ဇွန် ၂၉

ချဲလ်ဆီးအသင်းသည် ဖီဖာ ကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းရှုံးထွက်အဆင့်တွင် ဘင်ဖီကာ အသင်းနှင့်တွေ့ဆုံခဲ့ရာ အချိန်ပိုသွင်းဂိုး လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ကွာတားဖိုင်နယ် အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ချဲလ်ဆီးအသင်းသည် ပွဲစကတည်းက ဘောလုံးပိုင်ဆိုင်မှု အသာဖြင့် ဆက်တိုက် ဖိအားပေးကစားနိုင်ခဲ့သော်လည်း ဘင်ဖီကာအသင်း ခံစစ်ကစားပုံ ကောင်းမွန်မှုကြောင့် ဦးဆောင်ဂိုးမရခဲ့ဘဲ ဒုတိယပိုင်း ပွဲကစားချိန်၌ တိုက်စစ်ကစားပုံ ထပ်မံမြှင့်တင်နိုင်ခဲ့သဖြင့် ပွဲချိန် ၆၄ မိနစ်တွင် ခံစစ်ကစားသမား ရီစီဂျိမ်းက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ပြိုင်ပွဲကို ထိန်းချုပ်၍ ထိရောက်သည့် ကန်သွင်းချက် ၁၂ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သည်။

ထို့နောက် ချဲလ်ဆီးအသင်းက အနိုင်ရလဒ်ကို ထိန်းချုပ်နိုင်ရန် လူစားလဲမှုများ ပြုလုပ်ခဲ့သော်လည်း ဘင်ဖီကာအသင်းက ပွဲကစားချိန် မိနစ် ၉၀ ကျော်တွင် ပင်နယ်တီကန်သွင်းခွင့် ရရှိခဲ့ပြီး ဒီမာရီယာက ဂိုးအဖြစ်ပြောင်းလဲခဲ့သဖြင့် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

အချိန်ပို ပွဲကစားချိန်တွင် ချဲလ်ဆီးအသင်း ကစားအားကျဆင်းသွားခြင်း မရှိသည့်အပြင် ပွဲချိန် ၉၂ မိနစ်တွင် ဘင်ဖီကာ အသင်းတိုက်စစ်မှူး ပရက်စတီယန်နီ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံရသောကြောင့် ဖိအားပေးမှုပိုမိုပြုလုပ်နိုင်ခဲ့ရာ ပွဲချိန် ၁၀၈ မိနစ်၊ ပွဲချိန် ၁၁၅ မိနစ်နှင့် ပွဲချိန် ၁၁၇ မိနစ်တို့တွင် ချဲလ်ဆီးအသင်းက ဦးဆောင်ဂိုးများ ဆက်တိုက်သွင်းယူခဲ့ပြီး လေးဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

အားကစားသတင်းအတိုအထွာများ

- ❑ ဘင်ဖီကာအသင်းနှင့် ချဲလ်ဆီးအသင်းတို့ ကစားခဲ့သည့် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပွဲကစားချိန် ၈၆ မိနစ်အရောက်၌ ရာသီဥတုဆိုးရွားလာမှုကြောင့် ပွဲချိန် ငါးမိနစ်ခန့် ရပ်ဆိုင်းခဲ့ရကြောင်း သိရသည်။
- ❑ အတ္တလန်တာအသင်းတိုက်စစ်မှူး လွတ်မန်းက ပရီးမီးယားလီဂ်သို့ ပြန်လည်ပြောင်းရွှေ့ရန် ဆန္ဒရှိနေသဖြင့် အာဆင်နယ်အသင်းက ကစားသမားအတွက် ပြောင်းရွှေ့ကြေး ယူရို သန်း ၅၀ ဖြင့်ကမ်းလှမ်းရန် ကြိုးပမ်းလျက်ရှိသည်။
- ❑ အဲဗာတန်အသင်းနည်းပြ မိုယက်စ်က ၂၀၀၉ ခုနှစ်ကတည်းက အသင်းနှင့် လက်တွဲခဲ့သည့် ခံစစ်ကစားသမား ကိုးမန်းကို တစ်ပတ်လုပ်ခ စတာလင်ပေါင် ၆၀၀၀ ဖြင့် လာမည့် ၂၀၂၆ ခုနှစ်ထိ သက်တမ်းတစ်နှစ်တိုးခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။
- ❑ ဘာစီလိုနာအသင်းက ဘီလ်ဘာအိုအသင်းမှ တောင်ပံကစားသမား နစ်ကိုးဝီလျံကိုခေါ်ယူရန် သဘောတူညီမှုရရှိထားသော်လည်း စပိန်လာလီဂါအဖွဲ့ချုပ်၏ ဝင်ငွေထွက်ငွေစည်းမျဉ်းနှင့် ငြိစွန်းနိုင်သည့်အခြေအနေများကြောင့် ခေါ်ယူမည့်အစီအစဉ်ကို လက်လျှော့ရဖွယ်ရှိကြောင်း သိရသည်။ ML

ယူ-၂၁ ဥရောပချန်ပီယံရှစ်ပြိုင်ပွဲ ချန်ပီယံဆုကို အင်္ဂလန်အသင်း ဆွတ်ခူး

လန်ဒန် ဇွန် ၂၉

ယူ-၂၁ ဥရောပချန်ပီယံရှစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အင်္ဂလန်အသင်းနှင့် ဂျာမနီအသင်းတို့ ကစားခဲ့ရာ အင်္ဂလန်အသင်းက အချိန်ပို သွင်းဂိုး သုံးဂိုး နှစ်ဂိုးဖြင့် နိုင်ပွဲရခဲ့သဖြင့် ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် အင်္ဂလန် ယူ-၂၁ အသင်းသည် ကွာတားဖိုင်နယ်အဆင့်တွင် စပိန်အသင်းကို သုံးဂိုး တစ်ဂိုး၊ ဆီမီးဖိုင်နယ်အဆင့်တွင် နယ်သာလန်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ယူ၍ ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ပြီး ဂျာမနီအသင်းက ကွာတားဖိုင်နယ်အဆင့်တွင် အီတလီအသင်းကို သုံးဂိုး နှစ်ဂိုး၊ ဆီမီးဖိုင်နယ်အဆင့်တွင် ပြင်သစ်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် ဗိုလ်လုပွဲတွင် အင်္ဂလန်အသင်းနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ဗိုလ်လုပွဲစဉ်တွင် အင်္ဂလန် ယူ-၂၁ အသင်းက ပွဲစကတည်းက တိုက်စစ်မြှင့် ကစားနိုင်မှုကြောင့် ပွဲချိန် ငါးမိနစ်နှင့် ပွဲချိန် ၂၄ မိနစ်တွင် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သဖြင့် ဂျာမနီအသင်း ဖိအားအောက် ကျရောက်ခဲ့ရသော်လည်း ပွဲကစားချိန် ၄၅ မိနစ်ကျော်တွင် တန်ပြန်တိုက်စစ်မှ ချေပဂိုးသွင်းယူနိုင်ခဲ့၍ နှစ်ဂိုး တစ်ဂိုးဖြင့် ပထမပိုင်းပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင် ဂျာမနီအသင်း ကစားအား မြှင့်တင်လာခဲ့သောကြောင့် အင်္ဂလန်အသင်း ထိန်းချုပ်ရခက်ခဲခဲ့ပြီး ပွဲကစားချိန် ၆၁ မိနစ်တွင် အလွတ်တည်ကန်ဘောမှ ဂျာမနီအသင်း ချေပဂိုးသွင်းယူနိုင်ခဲ့သဖြင့် သရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့သောကြောင့် အချိန်ပိုဆက်လက်ကစားခဲ့ရပြီး အချိန်ပိုတွင် ပွဲအစ ၉၂ မိနစ်ကတည်းက အင်္ဂလန်အသင်းက ဦးဆောင်ဂိုးသွင်းယူ၍ လက်ကျန်ပွဲချိန်များတွင် ဂျာမနီအသင်းကို ထိန်းချုပ်ကစားနိုင်မှုကြောင့် သုံးဂိုး နှစ်ဂိုးဖြင့် နိုင်ပွဲရခဲ့ပြီး ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

Ref : Daily mail

Trs : ML

ကွန်ကာကပ်ဇုန် Gold Cup ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် မက္ကဆီကိုအသင်းနှင့် ဟွန်ဒူးရပ်စ်အသင်းတို့ တွေ့ဆုံ

မက္ကဆီကိုစီးတီး ဇွန် ၂၉

ကွန်ကာကပ်ဇုန် Gold Cup ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဆော်ဒီအာရေဗျ အသင်းနှင့် မက္ကဆီကိုအသင်းတို့ တွေ့ဆုံခဲ့ရာ မက္ကဆီကိုအသင်းက ပွဲကစားချိန် အတွင်း နှစ်ဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရခဲ့သဖြင့် ဆီမီးဖိုင်နယ်သို့တက်ရောက်နိုင်ခဲ့ပြီး ဟွန်ဒူးရပ်စ်အသင်းနှင့် တွေ့ဆုံနေကြောင်း သိရသည်။

ဆော်ဒီအာရေဗျ အသင်းနှင့် ပွဲစဉ်တွင် မက္ကဆီကိုအသင်းသည် ပွဲချိန်ပထမပိုင်းတွင် ကွင်းလယ်ပိုင်း ထိန်းချုပ်ရခက်ခဲခဲ့သည့်အပြင် အသင်းလိုက်ကစားပုံ ချိတ်ဆက်မှုမရခဲ့သောကြောင့် ဂိုးရရှိရေး ရုန်းကန်ခဲ့ရပြီး ဒုတိယပိုင်းပွဲကစားချိန်တွင် ကစားကွက်ပိုင်း ပြောင်းလဲနိုင်ခဲ့သဖြင့် ပွဲချိန် ၄၉ မိနစ်တွင် ဗီအီဂါက ဦးဆောင်ဂိုး သွင်းယူပြီး နောက်ပိုင်း တောင်ပံတိုက်စစ်အားဖြင့် ဆော်ဒီအာရေဗျခံစစ်ကြောင်းကို ဖိအားပေးမှုများ ဆက်လက်ပြုလုပ်နိုင်ခဲ့ရာ ပွဲချိန် ၈၁ မိနစ်တွင် ဗီအီဂါ၏ ကန်သွင်းချက်ကြောင့် ဆော်ဒီကစားသမား မာဒူ ကိုယ့်ဂိုးကို သွင်းယူခဲ့သဖြင့် နှစ်ဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရခဲ့သည်။

မက္ကဆီကိုအသင်းသည် ဆီမီးဖိုင်နယ်အဆင့်တွင် ပနားမားအသင်းနှင့် ဟွန်ဒူးရပ်စ်အသင်းတို့ပွဲစဉ်မှ ပနားမားအသင်းကို ပင်နယ်တီ အဆုံးအဖြတ်ဖြင့် အနိုင်ရခဲ့သည့် ဟွန်ဒူးရပ်စ်အသင်းနှင့် ကစားရမည်ဖြစ်ပြီး ဟွန်ဒူးရပ်စ်အသင်းနှင့် ထိပ်တိုက်တွေ့ဆုံမှု ၄၆ ကြိမ်တွင် ၂၇ ပွဲနိုင်၊ ကိုးပွဲသရေ၊ ၁၀ ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့သည်။

Ref : Goal.com

Trs : ML

UFC 317 တွင် ဂျိုရူအာဗန်က အမေရိကန်ဖိုက်တာ ဘရန်ဒန်ကို ဒိုင်အမှတ်ဖြင့်အနိုင်ရရှိ

လက်စ်ဗီးဂတ် ဇွန် ၂၉

အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်စ်မြို့တွင် ကျင်းပခဲ့သည့် UFC 317 စိန်ခေါ်ပွဲကြီးတွင် ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံစိန်ခေါ်ခွင့်အတွက် မြန်မာ UFC ဖိုက်တာ ဂျိုရူအာဗန်နှင့် အမေရိကန် UFC ဖိုက်တာ ဘရန်ဒန်တို့ ထိုးသတ်ခဲ့ရာ ဂျိုရူအာဗန်က ဒိုင်အမှတ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုရူအာဗန်သည် ပထမအချီတွင် ဘရန်ဒန်အား ဖိအားပေးထိုးသတ်ကာ အသာစီးရယူနိုင်ခဲ့သော်လည်း ဘရန်ဒန်က ဒုတိယအချီတွင် ဂျိုရူအာဗန်အား ပြန်လည်ဖိအားပေးလာနိုင်ခဲ့သည်။

တတိယအချီတွင် သူတင်ကိုယ်တင် ထိုးသတ်နိုင်ခဲ့သော်လည်း ဂျိုရူအာဗန်၏ ထိုးချက်များက ပိုမိုထိရောက်ခဲ့သလို ပွဲချိန်ပြီးဆုံးရန် စက္ကန့် ၄၀ အလိုတွင် ဂျိုရူအာဗန်၏ ထိရောက်သော ထိုးချက်များကြောင့် ဘရန်ဒန်အထိနာခဲ့ရသည်။

စက္ကန့်ပိုင်းအလိုတွင် ဂျိုရူအာဗန်၏ အားပါပြင်းထန်သည့် ထိုးချက်ကြောင့် ဘရန်ဒန် လဲကျခဲ့ပြီး ဂျိုရူအာဗန်က ပွဲကိုအဆုံးသတ်ရန်အတွက် ဆက်တိုက်ထိုးသတ်ခဲ့သော်လည်း ပွဲချိန်ပြည့်ခဲ့သည်။

ဂျိုရူအာဗန်အနေဖြင့် ဒိုင်အမှတ်နှင့် အနိုင်ရခဲ့ခြင်းဖြစ်သော်လည်း နောက်ဆုံးအချီတွင် ရရှိထားသည့် ရမှတ်မှာပြတ်သားခဲ့ခြင်းဖြစ်သည်။



အမှတ်ပေးဒိုင် သုံးဦးအနက် ဒိုင်နှစ်ဦးက (၂၉-၂၈) မှတ်ဖြင့် လည်းကောင်း၊ ကျန်အမှတ်ပေးဒိုင်တစ်ဦးက (၃၀-၂၇)မှတ်ဖြင့် လည်းကောင်း ဂျိုရူအာဗန်အား အနိုင်ပေးသွားခဲ့သည်။

အနိုင်ရလဒ်ကြောင့် အသက် ၂၃ နှစ်အရွယ် ဂျိုရူအာဗန်သည် ကမ္ဘာ့ဖလိုင်းဝိတ်တန်း ချန်ပီယံအား စိန်ခေါ်ခွင့်ရရှိခဲ့ပြီဖြစ်သည်။

ဂျိုရူအာဗန်က "အခု ဘရန်ဒန်နဲ့ပွဲစဉ်ဟာ ကျွန်တော့်အတွက် အရမ်းကို ခက်ခဲမဲ့ပွဲစဉ်ဖြစ်သလို ဘရန်ဒန်ဟာ အရမ်းမာတဲ့ ဖိုက်တာ တစ်ယောက်ဆိုတာ ကျွန်တော်သိတယ်။ ဒီစိန်ခေါ်ပွဲ မထိုးသတ်ခင်ကတည်းက ကျွန်တော်တို့နှစ်ယောက်အကြား ပြင်းထန်တဲ့တိုက်ပွဲ ဖြစ်လာမယ်ဆိုတာကိုလဲ ကြိုသိပြီးသားပါ။ ကျွန်တော့်အနေနဲ့ ဒီစိန်ခေါ်ပွဲမှာ ပြတ်သားတဲ့ရလဒ်နဲ့ အဆုံးသတ်နိုင်ဖို့ရည်မှန်းခဲ့တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : DAZN

Trs : AZL

အမျိုးသမီးအာရှဖလား ခြေစစ်ပွဲ အုပ်စုအဖွင့်ပွဲစဉ်တွင် မြန်မာအမျိုးသမီးအသင်းက တာ့ခ်မင်နစ္စတန် အမျိုးသမီးအသင်းကို ရှစ်ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိ

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက် ရှိနေသည့် အမျိုးသမီး အာရှဖလားပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီး အသင်းနှင့် တာ့ခ်မင်နစ္စတန် အမျိုးသမီးအသင်းတို့ ကစားခဲ့ရာ မြန်မာ အမျိုးသမီးအသင်းက တာ့ခ်မင်နစ္စတန် အမျိုးသမီး အသင်းကို ရှစ်ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက မြန်မာအမျိုးသမီးအသင်းက ခြေစွမ်းပိုင်းအသာ၊ ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၁၁ မိနစ်၊ ၂၈ မိနစ်နှင့် ၃၈ မိနစ်တို့တွင် ဝင်းဝင်းကလည်းကောင်း၊ ပွဲချိန် ၄၅ မိနစ်တွင် ခင်မိုမိုထွန်းကလည်းကောင်း မြန်မာအမျိုးသမီးအသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းတွင် လေးဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း မြန်မာအမျိုးသမီးအသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဆက်လက်ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၄၈ မိနစ်တွင် စန်းသော်သော်၊ ပွဲချိန် ၅၂ မိနစ်တွင်မေထက်လူ၊ ပွဲချိန် ၇၅ မိနစ်တွင် ခင်မိုမိုထွန်းနှင့် ပွဲချိန် မိနစ် ၉၀ တွင် ရွှေရည်ထွန်းတို့က အသီးသီး သွင်းယူနိုင်ခဲ့သည့် အတွက် ပွဲပြီးဆုံးချိန်တွင် မြန်မာအမျိုးသမီးအသင်းက ရှစ်ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး အခြားအုပ်စုပွဲစဉ်တွင် ဘင်္ဂလားဒေ့ရှ်အသင်းက ဘာရိန်းအသင်းကို ခုနစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

Bad Homburg Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ပီဂူလာ ဆွတ်ခူး

ဘတ်ဟွမ်ဘတ် ဇွန် ၂၉

ဂျာမနီနိုင်ငံ ဘတ်ဟွမ်ဘတ်မြို့တွင် ကျင်းပခဲ့သည့် Bad Homburg Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် အမေရိကန်တင်းနစ်မယ် ပီဂူလာနှင့် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာပီဂူလာက (၆-၄၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ပထမပွဲငယ်တွင် ပီဂူလာက ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး ဒုတိယပွဲငယ်တွင် tie-break အဆင့်ထိ ကစားခဲ့ရပြီးမှ အနိုင်ရခဲ့ခြင်းဖြစ်သည်။

စဝီယာတက်ခ် အနေဖြင့် ကစားသမားဘဝ၏ ပထမဆုံးသော မြက်ကွင်းဆုဖလားကို ကိုင်မြှောက်ခွင့်ရအောင်ကြိုးစားခဲ့သော်လည်း အမှားများခဲ့သည့် အတွက်ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။

စဝီယာတက်ခ် အနေဖြင့် ချန်ပီယံဆုဖလားဖြင့် လွဲချော်ခဲ့ရသော်လည်း ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခွင့် ရခဲ့သည့်အတွက် ကမ္ဘာ့အဆင့် သတ်မှတ်ချက်မှာ လက်ရှိကမ္ဘာ့အဆင့်(၈)မှ ကမ္ဘာ့အဆင့်(၄)နေရာထိ တက်ရောက်ခွင့် ရတော့မည်ဖြစ်ကြောင်း သိရသည်။

ပီဂူလာက "စဝီယာတက်ခ်ဟာ မြက်ကွင်းမှာသိပ်မကစားတတ်ဘူးဆိုတာကိုထုတ်ဖော်ပြောကြားထားကြောင်း သိရပါတယ်။ ဒါပေမဲ့လဲ ကျွန်မအမြင်ကတော့ သူကစားသွားတာ အရမ်းကောင်းတယ်။ စဝီယာတက်ခ်နဲ့ မကြာခဏပြိုင်ပွဲထဲဆုံဖူးတယ်။ ဆုံတိုင်းလဲ အမြဲတမ်း ခက်ခက်ခဲခဲ ကစားခဲ့ရတယ်။ ကျွန်မအတွက်တော့ သိပ်ကိုဂုဏ်ယူပျော်ရွှင်စရာကောင်းတဲ့ ရက်သတ္တပတ်ဖြစ်ခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

US Senior Open ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် ဟာရင်တန်၊ ဟန်စဘိုင်နှင့် စတိဝက်တို့ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်

ကော်လိုရာဒို ဇွန် ၂၉

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ် ဘရတ်မောဂေါက်ကလပ်တွင်ကျင်းပနေသည့် US Senior Open ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား ဟာရင်တန်၊ ဩစတြေးလျ ဂေါက်သီးရိုက် ကစားသမား ဟန်စဘိုင်နှင့် အမေရိကန် ဂေါက်သီးရိုက်ကစားသမား စတိဝက်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားအား ပူးတွဲဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဒိန်းမတ်ဂေါက်သီးရိုက် ကစားသမား သောမတ်စ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး အမေရိကန် ဂေါက်သီးရိုက် ကစားသမား ဖလက်ရ်ုက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် လေးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ဟာရင်တန်၊ ဟန်စဘိုင်နှင့် စတိဝက်တို့သည် ဒုတိယနေ့တွင်လည်း ရိုက်ချက်တူဖြင့် အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နိုင်ခဲ့ကြသလို တတိယနေ့အပြီးတွင်လည်း ပုံစံကောင်းကို ထိန်းသိမ်းကာ အမှတ်ပေးဇယားအား ဆက်လက်ဦးဆောင်နိုင်ခဲ့ကြသည်။

ဟာရင်တန်က "တတိယနေ့မှာ Chip in ရိုက်ချက်လေးတွေ တော်တော်လေးကို ကောင်းခဲ့တယ်။ အထူးသဖြင့် နောက်ဆုံးကျင်းမှာ Chip in ရိုက်ချက်က အရမ်းကိုကောင်းခဲ့ပါတယ်။ ခက်ခဲတဲ့အခြေအနေကနေ ရိုက်တာ တောင် Green ထဲကိုရောက်သွားတယ်။ ဒီလိုအမြဲရိုက်နိုင်ဖို့ဆိုတာ ကမလွယ်ပါဘူး။ တတိယနေ့အထိ အမှတ်ပေးဇယားထိပ်မှာ ရပ်တည်ထားနိုင်တဲ့ အခြေအနေကလဲ တကယ်ကို ကျေနပ်စရာပါပဲ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

တိုက်စစ်မှူး လာကာဇက် နီအွမ်အသင်းသို့ ပြောင်းရွှေ့ကစားရန် သဘောတူညီမှုရရှိ

ပဲရစ် ဇွန် ၂၉

လိုင်ယွန်အသင်း ဝါရင့်တိုက်စစ်ကစားသမား လာကာဇက်သည် ဆော်ဒီပရိုလိဂ်ပြိုင်ပွဲဝင် ကလပ်အသင်း တစ်သင်းဖြစ်သည့် နီအွမ်အသင်းသို့ ပြောင်းရွှေ့ကစားရန်အတွက် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အသက် ၃၄ နှစ်ရှိ လာကာဇက်သည် လိုင်ယွန်အသင်းအကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး လိုင်ယွန်အသင်းတွင် ပထမအကြိမ်အဖြစ် ၂၀၀၉ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိ ကစားခဲ့ပြီးနောက် ၂၀၁၇ ခုနှစ်က လိုင်ယွန်အသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူ ဖြစ်သည်။

လာကာဇက်သည် အာဆင်နယ်အသင်းတွင် ငါးရာသီကြာ ကစားခဲ့ပြီးနောက် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က အာဆင်နယ်အသင်းမှ အသင်းဟောင်း လိုင်ယွန်အသင်းသို့ ပြန်လည်ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ယခုနှစ် ဘောလုံးရာသီအကုန်တွင် လိုင်ယွန်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီးနောက် ကလပ်အသင်း လက်မဲ့ဖြစ်နေသူ ဖြစ်သည်။

လာကာဇက်သည် လိုင်ယွန်အသင်းနှင့်အတူ နှစ်ကြိမ်ကစားခဲ့ရာတွင် ပြိုင်ပွဲစုံ ၃၂၆ ပွဲထိ ကစားပေးခဲ့ပြီး ၁၈၄ ဂိုးထိ သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

နီအွမ်အသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ဆော်ဒီပရိုလိဂ်ပြိုင်ပွဲသို့ တန်းတက်ခွင့်ရရှိခဲ့ပြီးနောက် လာမည့်ဘောလုံးရာသီများတွင် ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတွင် ဆက်လက် ရပ်တည်နိုင်ရန်အတွက် ဥရောပမှ ထိပ်တန်းကစားသမားများကို ခေါ်ယူရန်ကြိုးပမ်းခဲ့ရာမှ လာကာဇက်ကိုခေါ်ယူရန်အတွက် သဘောတူညီမှုရရှိခဲ့ပြီး နှစ်နှစ်စာချုပ် ချုပ်ဆိုသွားမည် ဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano
Trs : STA

အယ်နာဆာအသင်းက တိုက်စစ်မှူးဒူရမ်၏နေရာတွင် အစားထိုးရန် လေဗာကူဆင်အသင်းမှ ဘွန်နီဖေ့စ်ကိုခေါ်ယူရန်ကြိုးပမ်းနေ

ရီယာ့ဒ် ဇွန် ၂၉

အယ်နာဆာအသင်းက အသင်းမှထွက်ခွာရန် နီးစပ်လျက်ရှိနေသည့် တိုက်စစ်ကစားသမား ဒူရမ်၏နေရာတွင် အစားထိုးရန်အတွက် လေဗာကူဆင်အသင်းမှ ဘွန်နီဖေ့စ်ကိုခေါ်ယူရန် ကြိုးပမ်းလျက်ရှိနေကြောင်း သိရသည်။

ဒူရမ်သည် ပြီးခဲ့သည့် ဇန်နဝါရီ ကစားသမား အပြောင်းအရွှေ့ကာလက အေဗီလာအသင်းမှ အယ်နာဆာအသင်းသို့ ပြောင်းရွှေ့ကြေးယူရှိ သန်း ၇၀ ဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အယ်နာဆာအသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီ ဒုတိယရာသီဝက်တွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သော်လည်း လက်ရှိနွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလတွင် အသင်းမှ ပြန်လည်ထွက်ခွာလိုနေခြင်းဖြစ်သည်။

ဒူရမ်သည် အင်တာဗျူးအစီအစဉ်တစ်ခုတွင် မိမိအနေဖြင့် ဆော်ဒီနိုင်ငံတွင် နေထိုင်ရသည်မှာ အဆင်ပြေမှုမရှိဘဲ ကာတာနိုင်ငံတွင်သာ နေထိုင်လိုကြောင်း ပြောကြားခဲ့ပြီးနောက် အသင်းပရိသတ်များက ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သည့်အတွက် လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန်ကြိုးပမ်းနေပြီး တူကီယဲ ထိပ်တန်းကလပ် ဖီနာဘာချီ အသင်းသို့ ပြောင်းရွှေ့ကစားရန် နီးစပ်လျက်ရှိနေသည်။

ဘွန်နီဖေ့စ်သည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က စိန့်ကျီလိုစီအသင်းမှ လေဗာကူဆင်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ပြီးခဲ့သည့် ဘောလုံးရာသီက ပထမဆုံး ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၄ ပွဲ ကစားခဲ့ရာ ၂၁ ဂိုး သွင်းယူနိုင်ခဲ့

သကဲ့သို့ ယခုနှစ်ဘောလုံးရာသီတွင်လည်း ဒဏ်ရာပြဿနာများကြောင့် အနားယူခဲ့ရသော်လည်း ပြိုင်ပွဲစုံ ၂၇ ပွဲ ကစားခဲ့ရာ ၁၁ ဂိုး သွင်းယူနိုင်ခဲ့သူ ဖြစ်ကြောင်း သိရသည်။

ဘွန်နီဖေ့စ်ကို ပြီးခဲ့သည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလကတည်းက အသင်းအများစုက ကမ်းလှမ်းမှုများ ရှိခဲ့ပြီး ယခုအခါတွင်လည်း အယ်နာဆာအသင်းက ဒူရမ်၏နေရာတွင်အစားထိုးရန် ကြိုးပမ်းနေကြောင်း သိရသည်။

Ref : Goal.com
Trs : STA

သတ္တိကောင်းပြီး အကြောက်ကြီးတဲ့ ရွှေမန်းသူ၊ ရွှေမန်းသားတို့ရဲ့ မန်းတက္ကသိုလ်ရာပြည့်ပွဲ

ယမန်နေ့မှအဆက်
မန်းတက္ကသိုလ်ကိုသတ္တိရှင်တွေဖြစ်ကြတဲ့ မြို့မိမြို့ဖတွေထံ ပြန်လည်အပ်နှံ

သို့ပါ၍စာရေးသူ ပါမောက္ခချုပ်တာဝန်ယူစဉ်မှာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် မြို့မိမြို့ဖတွေကို ဖိတ်ကြားပြီး "သူတို့မွေးဖွားပေးခဲ့သည့် မန္တလေးတက္ကသိုလ်ကြီး" သို့မဟုတ် "သူတို့ရဲ့နှလုံးအိမ်"ကို ရွှေမန်းသူ ရွှေမန်းသားမိဘများထံ ပြန်အပ်ခဲ့ပါတယ်။ မန်းရွှေမြို့က အညာဒေသရဲ့ ပထမဆုံးတက္ကသိုလ်ကြီးကိုအစွမ်းကုန်ဖွံ့ဖြိုးတိုးတက်ဖို့ နှတ်၏စောင်မခြင်း၊ လက်၏စောင်မခြင်းတို့နဲ့ ဆက်လက်စောင့်ရှောက် သွားနိုင်ဖို့အတွက်ပါ။ မြို့မိမြို့ဖတွေက သူတို့နှလုံးအိမ်ကျောင်းတော်ကြီးအပေါ်မှာထားတဲ့ ပညာပါရမီဖြည့်ဆည်းမှု စေတနာနှင့်သဒ္ဓါတရားကတော့ နှစ်ပေါင်း ၇၀ ကျော် ကြာလဲအတူတူပါပဲ။ "မြို့မိမြို့ဖ၊ ဒေသခံတွေနဲ့ ကျောင်းသားဟောင်းတွေက ကျောင်းကို ပြန်လည်ဖွံ့ဖြိုးအောင် ပံ့ပိုးစွမ်းဆောင်မှုတို့ဟာလဲ နိုင်ငံတကာတန်းဝင် တက္ကသိုလ်တစ်ခုဖြစ်ထွန်းရေး"စံနှုန်း" မှာ ပါဝင်ရမဲ့ အချက်တွေဖြစ်လို့ပါပဲ။ အခုလို မျိုးကျောင်းသားဟောင်းတွေနဲ့ မြို့မိမြို့ဖတွေ ပံ့ပိုးမှုပါဝင်ပါမှ နိုင်ငံတကာစံနှုန်းဆိုတဲ့ အချက်ကို ၁၉၄၇ ခုနှစ်ကတည်းက ဆရာကြီးဦးကိုလေးနဲ့ မြို့မိမြို့ဖတွေက မီးမောင်းထိုးပြခဲ့ပြီးပါပြီ။ ဆက်ပြီးကျင့်သုံးဖို့အတွက် ခြေလှမ်းနောက်တစ်လှမ်းတက်ခဲ့ပါပြီ။ မန္တလေးတက္ကသိုလ်တည်ထောင်သည့်နှစ် ၉၀ ပြည့် အထိမ်းအမှတ်မှစတင်ပြီး ပညာသင်ဆုတွေ နှစ်စဉ်ချီးမြှင့်ဖို့နဲ့ သုတေသနထူးချွန်ဆုတွေချီးမြှင့် ဖို့ "မန္တလေးမြို့မိမြို့ဖရန်ပုံငွေ" တစ်ရပ် ထူထောင်ရေးဆွေးနွေးကြပြီး ကော်မတီတစ်ရပ်ဖွဲ့စည်းခဲ့ပါတယ်။ ရပ်မိရပ်ဖတွေ၊ ကျောင်းသား၊ ကျောင်းသူဟောင်းတွေကလဲ ဒီရန်ပုံငွေဖြစ်မြောက်ဖို့ သူတို့တာဝန်ထားပါလို့အာမခံခဲ့ကြပါတယ်။

သတ္တိရှင်များဆက်သစ်မြို့မိမြို့ဖတွေရဲ့ ပညာရည်ချွန်ရွှေတံဆိပ်ဆု

ပညာရည်ချွန်ရွှေတံဆိပ်ဆု ချီးမြှင့်နိုင်အောင် အကောင်အထည်ဖော်ဖို့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၁ ရက် ညနေခင်းတွင် ကြင်းတော်ယန်ဘုရားကျောင်း၌ ထိုအချိန်က တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဝန်ကြီးတွေ၊ မြို့မိမြို့ဖတွေနဲ့ တက္ကသိုလ်မှ တာဝန်ရှိသူတွေ တွေ့ဆုံကာ မန္တလေးတက္ကသိုလ်က ပညာရည်ထူးချွန်သူတွေကို စဉ်ဆက်မပြတ် ရွှေတံဆိပ်ဆုချီးမြှင့်နိုင်ဖို့ ဆွေးနွေးကြပါ တယ်။ အဲဒီလို ဆွေးနွေးစဉ်ကကော်မတီဒုတိယဥက္ကဋ္ဌ၊ မန္တလေးကို ချစ်မြတ်နိုးသူ ဦးမောင်ကို(ထာဝရကုမ္ဗဏီ) သည် ၂၀၀၉ ခုနှစ်က မန္တလေးနှစ် ၁၅၀ ပြည့်ပွဲတော်တွင် ထည့်သွင်းခဲ့ကာ "မန္တလေးအနုပညာပုံရိပ်ပွဲတော်"ကို မြို့မိမြို့ဖတွေ၊ စာပေဂီတ၊ သဘင်ပညာရှင်တွေနဲ့ ညှိနှိုင်းဦးဆောင်နိုင်ခဲ့ပါတယ်။ ဦးမောင်ကိုက တိုက်တွန်းအလှူခံခဲ့ရာ ထိုညနေခင်းမှာ ငွေပဒေသာပင်မတည်ငွေ တစ်ဦးချင်း သိန်း ၁၁၀ ကျပ်ဖြင့် အလှူရှင် ၁၀ ဦးရရှိခဲ့ပါတယ်။ နောင်တွင် အလှူခံရရှိပြီး ရွှေတံဆိပ်ဆုပေါင်း ၂၀ တိတိကို ၂၀၁၇ ခုနှစ်တွင် ပထမအကြိမ်နှင့် ၂၀၁၈ ခုနှစ်၊ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တို့တွင် ဒုတိယအကြိမ်၊ တတိယအကြိမ်၊ စတုတ္ထအကြိမ် အဖြစ် ဆုချီးမြှင့်နိုင်ခဲ့ပါတယ်။ အထက်ပါလေးကြိမ်အတွက် ဘာသာရပ်ဆုအမျိုးအစားနှင့် အလှူရှင်တွေမှာ-

မန္တလေးတက္ကသိုလ် မြို့မိ၊ မြို့ဖတွေရဲ့ ပညာရည်ချွန်ရွှေတံဆိပ်ဆုများ

စဉ်	အထူးပြုဘာသာရပ်	အလှူရှင်
၁	မြန်မာစာ	ဦးစိန်မြင့်+ အဂ္ဂမဟာသီရိသုဓမ္မသိရိဒေါစန်းကြူ ဒိုင်းမွန်းစတား ကုမ္ဗဏီနှင့် ဒုံးပျံဂျုံစက်မိသားစု
၂	အင်္ဂလိပ်စာ	ဒေါနှင်းနှင်းမော် CAE ကိုယ်ပိုင်အထက်တန်းကျောင်း
၃	ပထဝီဝင်	သုဓမ္မမဏိဇောတရဦးအောင်နိုင်ဆွေ + သီရိသုဓမ္မသိရိ ဒေါမြမြင့်နွယ် သီရိရွှေစင် ရွှေဆိုင်မိသားစု
၄	သမိုင်း	ဦးမြင့်နိုင် + သုဓမ္မသိရိဒေါခင်ရွှေ အာရှနိုင်အင်တာပရိုက်(စ်)လီမိတက် ရွှေဘုန်း ကုမ္ဗဏီလီမိတက်မိသားစု
၅	ဒဿနိကဗေဒ	ကြင်းတော်ယန် ဗုဒ္ဓဘာသာအမျိုးသမီးများပရဟိတအသင်း
၆	စိတ်ပညာ	ဦးသက်ဝေ+ သုဓမ္မသိရိဒေါကြည်မေ အာရှအင်နာဂျီလီမိတက်
၇	ဥပဒေပညာ	ဦးထွန်းတင် + ဒေါအေးညိုအောင် ကြီးစိုးဟိုတယ်နှင့် ရွှေထွန်းကျောက်မျက်ကုမ္ဗဏီမိသားစု
၈	အရှေ့တိုင်းပညာ	ဦးတင်မြင့်၊ ဦးလှကြည်၊ ဦးရာဇော် ရွှေတံဆိပ်ဆုချီးမြှင့်ရေးအဖွဲ့
၉	နိုင်ငံတကာဆက်ဆံရေးပညာ	ဦးဇော်ဝင်းထွန်း + ဒေါအေးမိစံ Advanced Myanmar Star Co.,Ltd
၁၀	မနုဿဗေဒ	ဦးအောင်နိုင် + ဒေါနန်းသန်းစိန် တော်ဝင်မြန်မာကိုယ်ပိုင် အထက်တန်းကျောင်း
၁၁	ရှေးဟောင်းသုတေသနပညာ	ဦးမောင်မောင် + ဒေါခင်စန်းရီ ရီရှင်းကုမ္ဗဏီလီမိတက် ငြိမ်းနှင့် မြို့တော်ဆေးရုံ
၁၂	ဓာတုဗေဒ	ဦးတင်မောင် သူရိန်နန်း ကိုယ်ပိုင်အထက်တန်းကျောင်း
၁၃	ရူပဗေဒ	ဦးခင်မောင်ချို + ဒေါက်တာဥမ္မာ KMC ကိုယ်ပိုင်အထက်တန်းကျောင်း
၁၄	သင်္ချာ	ဦးအေးမောင် + ဒေါနီနီသားသုဓမ္မမဏိဇောတရ ဦးအောင်လွင်အေး စိန်စမွယ်ဖူးစိန်တိုက်
၁၅	သတ္တဗေဒ	ဒေါဝင်းဝင်းမေ VEC ကိုယ်ပိုင်အထက်တန်းကျောင်း
၁၆	ရုက္ခဗေဒ	ဒေါခင်မြမြ သူရိန်နန်းကိုယ်ပိုင်အထက်တန်းကျောင်း
၁၇	ဘူမိဗေဒ	ဦးမောင်ကို + သီရိသုဓမ္မသိရိ ဒေါရွှေဥ ထာဝရကုမ္ဗဏီလီမိတက်၊ ရွှေဥသြရွှေဆိုင်
၁၈	ကုန်ထုတ်ဓာတုဗေဒ	ဦးစိုးလွင် + ဒေါမြင့်မြင့်သန်း ဇင်ယော်ပလတ်စတစ်မိသားစု
၁၉	ကွန်ပျူတာသိပ္ပံပညာ	သဒ္ဓမ္မဇောတိကဓဇ ဦးကျော်ဝေ+အဂ္ဂမဟာသီရိသုဓမ္မသိရိ ဒေါဆွေသဇင် အောင်ကောင်းကျော်ကုမ္ဗဏီများအုပ်စု
၂၀	နိုင်ငံရေးသိပ္ပံပညာ	ထာဝရမန္တလေးဖောင်ဒေးရှင်းမိသားစု
၂၁	မြန်မာမှုပညာ	ဦးဟန်မြင့်မောင် + ဒေါတင်တင်စန်း ဟန်မြင့်မောင်ကိုယ်ပိုင်အထက်တန်းကျောင်း
၂၂	သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာ	ဦးတင်မိုး + ဒေါမီးမီး Simple Jewelry

ဤသည်မှာမန်းတက္ကသိုလ်စတင်တည်ထောင်ခဲ့ကြသည့်မြို့မိမြို့ဖတွေရဲ့ "မန်းတက္ကသိုလ်နဲ့ ရွှေမန်းသူ ရွှေမန်းသား"တွေက "ရုပ်နဲ့နာမ်" လိုခွဲခြားမရစကောင်းဟူသည့် "ကောင်းမြတ်သည့် စိတ်ဓာတ်အမွေ"ကို နောင်မျိုးဆက်သစ် မြို့မိမြို့ဖ အဆက်ဆက်တို့က ဆက်၍လက်ခံကျင့်သုံးခြင်းသည် လုပ်သင့်လုပ်ထိုက်တာကိုသိသည့် သတ္တိပိုင်ရှင်တွေဖြစ်ကြတဲ့ ကောင်းမွေကို ဆက်လက်ခံယူခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။

သေမှာထက်ပို၍အကြောက်ကြီးကြတဲ့ ရွှေမန်းသူ ရွှေမန်းသားတွေ

"လူဟာမွေးပြီးရင်သေရမှာပါ၊ သဘာဝတရားမို့ သေမှာကိုတော့မကြောက်ပါ၊ ဒါပေမဲ့ ခေတ်တစ်ခေတ်က ပုခုံးပေါ်တင်ပေးလိုက်တဲ့ သမိုင်းပေးတာဝန်မကျေပွန်မှာကိုတော့သေမှာထက်ပိုကြောက်တာမို့ ဒီအလုပ်ကိုလုပ်ရတာပါ"

ဒေါခင်မျိုးချစ် (စာရေးဆရာမကြီး)

ရွှေမန်းသူရွှေမန်းသားတွေ သတ္တိကောင်းကြောင်းများစွာအနက်မှ **"ပညာဗဟိုပြုသည့်သတ္တိရှိကြောင်း"**ကို အထက်တွင်ဖော်ပြပြီးပါပြီ။ ယခုအချိန်အခါတွင်မန်းရွှေမြို့သားတို့သည် အလွန်အကြောက်ကြီးကြသူတွေပါလားဆိုတာကိုလဲ အံ့သြစွာမြင်တွေ့နေရပါတယ်။ အထူးသဖြင့် မန်းတက္ကသိုလ် ရာပြည့်ပွဲမှာ ထင်ထင်ရှားရှားပါ။ ကြောက်တာမှ **"သေမှာထက်ပိုကြောက်သူတွေ"** ဖြစ်နေပါတယ်။ အထက်ပါစကားက မြန်မာ့သမိုင်းမှာ ဖက်ဆစ်ဂျပန်ကိုတော်လှန်ဖို့ လျှို့ဝှက်ကြံစည်တဲ့အချိန်တုန်းက ပေါ်ထွန်းခဲ့တဲ့ စကားပါ၊ မြန်မာ့အမျိုးသမီး စာရေးဆရာမကြီး ဒေါခင်မျိုးချစ်က **"တော်လှန်ရေးလျှို့ဝှက်စာတမ်း"** တွေကို တော်လှန်ရေးခေါင်းဆောင်တွေဆီ ပို့ပေးရပါတယ်။ အဲဒါကို သိတဲ့မိတ်ဆွေတွေက "ဂျပန်ကင်ပေတိုင်တွေ သိသွားလို့ သတ်မှာမကြောက်ဘူးလား" တဲ့၊ ဆရာမကြီးက အထက်ပါအတိုင်းဖြေကြားခဲ့တာဖြစ်ပါတယ်။ အခုလဲ မန်းတက္ကသိုလ်ရဲ့ နှစ်တစ်ရာပြည့်ပွဲကို မိမိတို့ပုခုံးပေါ်ကျလာတဲ့ အချိန်မှာ မကျေပွန်မှာကို ရွှေမန်းသူရွှေမန်းသားတွေ အလွန်ကြောက်နေကြတယ်။ ကြောက်တာမှ သေမလောက် မဟုတ်ပါ၊ သေမှာထက်ပိုကြောက်နေတယ်။ မိမိတို့သာ ကံထူး၍ ကြုံရသည့် ရှားရှားပါးပါး နှစ်တစ်ရာပွဲတော်ပါ။

သို့ပါ၍ ကမ္ဘည်းတင်ခံမြို့မိမြို့ဖတွေရဲ့ "နှလုံးအိမ်"၏ အနှစ်တစ်ရာပြည့်ပွဲတော် ထည်ထည်ဝါဝါ ခုံခုံညားညား ကျင်းပနိုင်ဖို့အတွက် ခေတ်သစ်မျိုးဆက်သစ်တွေက အချင်းချင်းလဲ အကြိမ်ကြိမ် ဆွေးနွေးကြ၊ ညှိနှိုင်းကြ၊ တိုင်ပင်ကြ၊ တာဝန် အသီးသီးခွဲဝေကြ၊ ဒေသဆိုင်ရာ အစိုးရအဖွဲ့ဝင်တွေ၊ တက္ကသိုလ်နှင့်ပညာရေးဝန်ကြီးဌာန တာဝန်ရှိသူတွေနှင့် ညှိနှိုင်းကြ၊ ရန်ပုံငွေရှာကြ၊ ကိုယ်တိုင်လဲ အလှူငွေတွေထည့်ဝင်ကြနှင့်ကဏ္ဍစုံမှာ အားတက်သရော တက်ညီလက်ညီဆောင်ရွက်နေကြပါတယ်။ သေမှာထက် ရာပြည့်ပွဲအတွက် သမိုင်းပေးတာဝန်ကို မကျေပွန်မှာကြောက်တဲ့ ခေတ်သစ်မြို့မိ၊ မြို့ဖတွေ၊ ကျောင်းသား၊ ကျောင်းသူတွေရဲ့ ကြိုးပမ်းမှု ကြောင့် အနှစ်သာရပြည့်ဝစွာ ဖြတ်သန်းလာသော နှစ်ပေါင်း (၁၀၀) ကို ဖော်ညွှန်းထားသည့် **"မန္တလေးတက္ကသိုလ် အနှစ် (၁၀၀)ပြည့် မဂ္ဂဇင်း"**ကို ဇူလိုင် ၄ ရက်တွင် စတုဒိသာကျွေးမွေးမှုနဲ့အတူ ရောင်းချပါမယ်။

ဆက်လက်၍ အောက်တိုဘာလတွင် **"ရာပြည့် အာစရိယပူဇော်ပွဲ"**နှင့် **ရာပြည့် အထိမ်းအမှတ် "ကျောက်စာတိုင်"** စိုက်ထူနိုင်အောင် ကြိုးပမ်းနေကြပါသည်။ **"စာဖတ်သူအဆွေခင် ခင်ဗျာ - - သင်လဲ မန်းတက္ကသိုလ်ရာပြည့်ပွဲကျင်းပမှုတာဝန်ကို မထမ်းဆောင်လိုက်ရမှာကို သေမှာထက်ပိုကြောက်သူ၊ ရွှေမန်းသူရွှေမန်းသား၊ မန်းတက္ကသိုလ်ကျောင်းထွက်ဆိုရင် တစ်ထောင့်တစ်နေရာမှ ပါဝင်ပေးနိုင်ပါရန် အမြန်လှမ်းလာခဲ့ပါ၊ အကြောက်ကြီးသူများအဖွဲ့မှာ ပါဝင်လှည့်ပါလို့ ဖိတ်ခေါ်ပါရစေ"။**

အချုပ်အားဖြင့် စိတ်ဓာတ်အမွေကောင်းချမှတ်ပေးခဲ့၊ လက်ဆင့်ကမ်းပေးခဲ့ကြတဲ့ သတ္တိကောင်းကြောင်း ကမ္ဘည်းထိုးမှတ်တမ်းတင်ခံရတဲ့ ရွှေမန်းမြို့မှ ဘိုးဘွားမြို့မိမြို့ဖတွေနဲ့ ယင်းစိတ်ဓာတ်ကောင်းအမွေကိုလက်ဆင့်ကမ်း ခံယူကျင့်သုံးအကောင်အထည်ဖော်နေကြတဲ့ အကြောက်ကြီးကြသူ (ပခုံးပေါ်ကျလာတဲ့ ရာပြည့်ပွဲစည်စည်ကားကား ကျင်းပနိုင်ဖို့ တာဝန်မကျေပွန်မှာကို သေမှာထက်ပိုကြောက်ကြသူ) နောင်မျိုးဆက် ခေတ်သစ်မြို့မိ၊ မြို့ဖများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းတွေကို လေးစားဂုဏ်ပြုရေးသား မှတ်တမ်းတင်လိုက်ရပါတယ်။

ဒေါက်တာမောင်သင်း
ပါမောက္ခချုပ်(ငြိမ်း) မန္တလေးတက္ကသိုလ်

မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်/မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တာန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျောကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

ရေဦး ဇွန် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျောကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရေဦးခရိုင်တွင် ငှက်ပျော ၃၅၉၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ မြို့နယ်အလိုက် ငှက်ပျောစိုက်ပျိုးပြီးစီးမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၂၈၅ ဧက၊ တန့်ဆည်မြို့နယ်တွင် ၃၁၂ ဧက၊ ဒီပဲယင်းမြို့နယ်တွင် ဧက ၃၀၀၀ စုစုပေါင်း ၃၅၉၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရေဦးခရိုင်မှာ ငှက်ပျော ၃၅၉၇ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧကအားလုံးရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပိုးမွှားရောဂါကျရောက်မှုသက်သာတဲ့အတွက် အခုနောက်ပိုင်းလယ်ကန်သင်းတွေမှာ ငှက်ပျောစိုက်တာမျိုးလဲ တွေ့လာရတယ်" ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမျိုး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ငှက်ပျောစိုက်တောင်သူများ အနေဖြင့် မြေတစ်ဧကလျှင် ငှက်ပျောပင် ၁၀၀၀ ခန့်ထိ စိုက်ပျိုးပြီး တစ်ဧကလျှင် အသီးသီးသည့်ထိ စိုက်ပျိုးစရိတ်ငွေကျပ်သိန်း ၂၀ ထိ ကုန်ကျမှုရှိရာ အသီးသီးချိန်တွင် တစ်ဧကလျှင် ငွေကျပ်သိန်း ၅၀ ခန့်ထိ ရရှိကြောင်း သိရသည်။

ငှက်ပျောအထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ငှက်ပျောကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည် ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမျိုး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ပင်လယ်စာသွေးခုံးပိသာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဖျာပုံ ဇွန် ၂၉

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်း ပင်လယ်စာသွေးခုံးပိသာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြူကြူက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ဒေသထွက်ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ဧပြီလအတွင်း ပင်လယ်စာသွေးခုံး ပိသာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ပင်လယ်စာသွေးခုံး ပိသာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့်သွေးခုံး ၁၀ ပိသာလျှင် ငွေကျပ် ၁၇၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

''တစ်လအတွင်း ပင်လယ်စာသွေးခုံးတွေကို ရန်ကုန်ဈေးကွက်သို့ တင်ပို့မှုကောင်းခဲ့ပါတယ်။ ဒေသထွက်ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချခဲ့တာပါ။ ပြည်တွင်းမှာကို သွေးခုံးအမျိုးအစားတွေက ဝယ်ယူတာများနေပါတယ်။ မေလအတွင်း ပင်လယ်စာသွေးခုံး ပိသာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်''ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြူကြူက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ရေထွက်ကုန်ပင်လယ်စာသွေးခုံးများ တင်ပို့ရောင်းချမှု ကောင်းလာသည့်အတွက် ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အင့ားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

မြန်အောင်မြို့နယ် ဆန်နီချောင်ကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

မြန်အောင် ဇွန် ၂၉

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆန်နီချောင် ကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း (Smart Village) မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၈ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာစုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်က ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါကော်မတီရွေးချယ်ရာတွင် လိုက်နာရန်အချက်များ၊ ကော်မတီဝင်များ၏တာဝန်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒဖြင့် ခေတ်မီစံပြကျေးရွာထူထောင်ရေးကော်မတီဝင် ခုနစ်ဦးကိုမဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အထွေး

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နင့်အား မှုတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

စလင်းမြို့နယ် ပေါက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

စလင်း ဇွန် ၂၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးစီးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရေကြည်ကျေးရွာအုပ်စု ပေါက်ကုန်းကျေးရွာ၌ အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၂၈ ရက်က အဆိုပါကျေးရွာ ဘုန်းကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က တက်ရောက်လာသူများကို မိတ်ဆက်အမှာစကားပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်း လည်ပတ်ဆောင်ရွက်ပုံ အဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စည်မျဉ်းစည်းကမ်းများ၊ အရင်းအတိုးပေးဆပ်ရမည့် ကာလနှင့် ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ပေါက်ကုန်းကျေးရွာ၌ အဋ္ဌမအကြိမ်ထုတ်ချေးမည့် ရန်ပုံငွေကျပ် ၄၀ ဒသမ ၆ သန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပေါက်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၄ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၀ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း စလင်းမြို့နယ် ကျေးလက်ဦးစီးဌာနမှ သိရသည်။

သန်းသန်းစိုး

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။

High-level Myanmar delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing visits Lake Baikal and Ulan-Ude LVRZ Locomotive and Carriage Repair Plant

Senior General Min Aung Hlaing hears a report on the salient points and conservation undertakings of the natural waterbody of the Lake Baikal, while having the bird's eye view of the lake from helicopter.

Nay Pyi Taw June 29

The high-level Myanmar delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, who is on an official goodwill visit to the Republic of Buryatia, Russian Federation, visited Lake Baikal and Ulan-Ude LVRZ Locomotive and Carriage Repair Plant this morning.

First, the Senior General, accompanied by wife, Daw Kyu Kyu Hla and members of the delegation, and Head of Buryatia Mr. Aleksey Sambuyevich Tsydenov and officials, viewed the Lake Baikal from helicopter.

The Senior General while having the bird's eye view of the lake heard a report on the salient points and conservation undertakings of the natural waterbody, presented by the head of Buryatia. The Senior General asked for more information.

Later, the Senior General and party sailed on the lake and had the lake's closer view.

Located in the area between Irkutsk Oblast in southern Siberia and Buryatia, Lake Baikal is the deepest inland waterbody in the world, with a maximum depth of 1642 metres (5387 feet). It is also the world's oldest lake at 30 million years. UNESCO declared Baikal a World Heritage Site in 1996. The lake hosts about 1,000 species of plants and 2,500 species of animals. Lake Baikal is a crescent-shaped lake known for its exceptional natural beauty and unique heritage.

The Senior General and party arrived at the Ulan-Ude LVRZ Locomotive and Carriage Repair Plant, and were welcomed by its head Zaborskikh Sergey Alexandrovich and officials.

Senior General Min Aung Hlaing visits Ulan-Ude LVRZ Locomotive and Carriage Repair Plant.

They observed the entire process of repair works, listened to the reports and inquired about the specific parts that needed detailed clarification. *See Page 14*

Senior General Min Aung Hlaing views photos on repair works at Ulan-Ude LVRZ Locomotive and Carriage Repair Plant.



Senior General Min Aung Hlaing presents a commemorative gift to the head of Ulan-Ude LVRZ Locomotive and Carriage Repair Plant.

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and Head of Buryatia Mr. Aleksey Sambuyevich Tsydenov answer questions of the local media including Arigus, ATV and Tivicom

Senior General Min Aung Hlaing and Head of Buryatia Mr. Aleksey Sambuyevich Tsydenov answer questions of the local media including Arigus, ATV and Tivicom.

Nay Pyi Taw June 29

Q: Recent years saw a lot of activities in Russian-Myanmar cooperation. Especially in the cultural and other multi-sectors. These activities also encompass cooperation with Buryatia. What is the future cooperation program between Buryatia and Myanmar?

Senior General: Today I visited a locomotive and carriage repair plant, and earlier, I was at the airplane assembling plant, and the two are included in the potential areas of bilateral cooperation. In addition, Buryatia has people of the Buddhist Faith. As Myanmar is a Buddhist country, we two have prospects for religious cooperation. There are also the health issues and the Prime Minister's overture for educational programs. So, there may be cooperation in the education sector. And then, we will have talks on agricultural undertakings. I would say that we have a wide range of areas and actions.

Q: Mr. Prime Minister, as you are visiting Buryatia, what is Your Excellency's view of Buryatia? Anything to say about the beauty and cleanliness of the land?

Senior General: It's a great pleasure as the land is indeed serene and beautiful. I feel like I was in an environment that is close to Myanmar. I have been to this place three times, and every time I visited, I felt like I was coming to my native land. I will try to visit the place more.

Q: As the head of the Buryatia Republic, how do you feel about the friendly visit of the Prime Minister from Myanmar? Additionally, please share your thoughts on cooperation with Myanmar.

Head of Buryatia Republic: I am deeply honoured and delighted that this is the third visit from Myanmar. These repeated visits demonstrate how much our republic is valued. We look forward to implementing many cooperative initiatives between our republic and Myanmar. In recent years, our Rapid Bio pharmaceutical company has been working on registering to export our pharmaceutical technology to Myanmar. Additionally, helicopters manufactured in Ulan-Ude have been used in Myanmar for many years and continue to be utilized. We are planning further collaborations in transportation, particularly related to helicopters. Today, TMH Holding also presented their products and discussed their operations. We are planning discussions for future collaborations in these areas. In terms of educational cooperation, we aim to provide advanced training in Buryatia for teachers from Myanmar studying the Russian language. We are also working to establish a Myanmar language department at our university in Buryatia to teach the Myanmar language. Today, I personally guided our distinguished guests from Myanmar around the lake. Last December, I led a delegation to Myanmar, where we were warmly welcomed. I want to emphasize that not only I but the entire delegation experienced the beauty and culture of Myanmar. Therefore, we are planning to promote tourism exchanges between our two nations.

Senior General: I invite your media teams to visit Myanmar and explore the country. The head of your republic has provided a general overview, but when you visit, you will experience even more profound connections and impressions. I am confident that we will soon see your faces in Myanmar. 100

Delegation led by Daw Kyu Kyu Hla, wife of SAC Chairman Prime Minister Senior General Min Aung Hlaing, visits Leo Bardamov Museum in Ulan-Ude, Buryatia, Russian Federation

Nay Pyi Taw June 29

Daw Kyu Kyu Hla, the wife of Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, who is currently visiting Ulan-Ude in the Republic of Buryatia, Russian Federation, along with a delegation including Daw Nilar, the wife of the Joint Secretary of the SAC, members of the delegation, the wife of Myanmar's Ambassador to the Russian Federation, and other officials, visited the Leo Bardamov Museum this morning.

First, the delegation led by Daw Kyu Kyu Hla was welcomed by Ms. Evgenia Yurievna Ludupova, the Deputy Head of the Republic of Buryatia, and officials from the Leo Bardamov Museum.

Afterwards, Daw Kyu Kyu Hla and the delegation toured the museum, where officials provided explanations and guided them through the exhibits. Daw Kyu Kyu Hla inquired about details of interest and engaged in discussions.

Later, Daw Kyu Kyu Hla signed the guestbook of the Leo Bardamov Museum.

Following this, Daw Kyu Kyu Hla and the museum officials exchanged commemorative gifts.

The Leo Bardamov Museum, located in Ulan-Ude, showcases ancient Soviet cultural artifacts, historical records, and literature, as well as Buddhist historical relics, statues, and artworks by 20th-century artists. The museum is open daily from 11:00 to 19:00 and features over 5,000 exhibits, including literary works, paintings, and traditional utensils. 100

Daw Kyu Kyu Hla exchanges gifts with a Leo Bardamov Museum official.

High-level Myanmar Delegation led by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing arrives back in Myanmar

Senior General Min Aung Hlaing being seen off at Baikal International Airport in Ulan-Ude in the Republic of Buryatia.

Nay Pyi Taw June 29

The high-level Myanmar delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, which attended the fourth Eurasian Economic Forum (EEF 2025) in Minsk, the Republic of Belarus and paid an official goodwill visit to the Republic of Buryatia of the Russian Federation, left Baikal International Airport in Ulan-Ude in the Republic of Buryatia for Myanmar by a special flight this afternoon.

The Senior General and wife and members of the delegation were seen off at the airport by Head of the Republic of Buryatia Mr. Aleksey Sambuyevich Tsydenov and officials, Myanmar Ambassador to the Russian Federation U Thit Lin Ohn, Myanmar Military Attache' (Army, Navy, Air) Brig-Gen Kyaw Soe Oo and officials.

The Senior General and wife were accompanied by SAC Joint Secretary General Ye Win Oo and wife and members of the delegation on the return flight.

During the goodwill visit to the Republic of Belarus, the Senior General attended the fourth Eurasian Economic Forum (EEF 2025) in Minsk, the Republic of Belarus, held exclusive talks with the Rotating Chairman of the EAEU President of the Republic of Belarus and the Chairman of the Eurasian Economic Council Board and toured factories and workshops, resulting in strengthening friendship and strategic cooperation in various sectors including economic and security sectors between the two governments and peoples and promotion of economic development among Eurasian Economic Union-EAEU.

During the visit to the Republic of Buryatia, the Senior General toured factories and workshops, strengthening cooperation in various sectors including friendship, economic, education, health, science and technology and industrial technology sectors.

The high-level delegation led by the Senior General arrived back at the Tatmadaw Airport in Nay Pyi Taw in the evening and was welcomed back by Vice Chairman of the SAC Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, SAC Secretary General Aung Lin Dwe and his wife, members of the SAC, union ministers and senior officers from the Office of the Commander-in-Chief of Defence Services and their wives, the ambassador of the Russian Federation to Myanmar and officials from the embassy and the office of the military attache'. 100

Senior General Min Aung Hlaing being welcomed back at the Tatmadaw Airport in Nay Pyi Taw.

From Page 12

The head of the plant and officials expounded on maintenance undertakings, generation of job opportunities, international economic relations of the plant. The Senior General asked for more information.

Established in 1934, Ulan-Ude LVRZ Locomotive and Carriage Repair Plant is the largest plant of Zheldorremmash, the universal enterprise for repair of the rolling stock and production of spare parts. The plant is divided into three main productions – locomotive repair, and mechanical and auxiliary production. Ulan-Ude LVRZ performs development of new technologies of repair, upgrade of locomotives with life extension, warranty service, and upgrade of locomotives with life extension.

The Senior General presented commemorative gifts to the plant head and officials.

While the Senior General and party were visiting the plant, local media including Arigus, ATV and Tivicom of Buryatia came and gathered information.

After the factory visit, the Senior General and the head of Buryatia met the press and gave answers to questions on further promotion of friendship and bilateral cooperation in economic, education, technological, and tourism sectors between Myanmar and Buryatia. 100

34 killed, 4 missing as monsoon rains wreak havoc in India's Himachal Pradesh

New Delhi June 29

At least 34 people were killed, four reported missing, and 74 were injured in the monsoon rains during the past nine days in the northern Indian state of Himachal Pradesh, officials said Sunday.

The cumulative damages to the infrastructure during this period have been estimated at 8.32 million U.S. dollars, according to a report released by the State Emergency Operations Centre.

The disaster management authority also confirmed damage to houses, livestock shelters, government buildings, roads, water supply and power lines in the state. Xinhua

Corrigendum

Please read "the Deputy Head" instead of "the wife of the Head of the Republic of Buryatia" in the 28th line of the sixth column on page 13 mentioned in the Yadanabon Daily newspaper issued on 29-6-2025.

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

ယူကရိန်းလေတပ်က အီရန်ထုတ် Shahed တိုက်ခိုက်ရေးဒရုန်းများကို ကြားဖြတ်ပစ်ချရန် FPV ဒရုန်းတစ်မျိုး ထုတ်ဖော်ပြသခဲ့

ယူကရိန်းလေတပ်သည် ရုရှားတပ်မတော်၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ တွင်ကျယ်စွာ တိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုနေသည့် အီရန်ထုတ် Shahed တိုက်ခိုက်ရေးဒရုန်းများကို ကြားဖြတ်ပစ်ချနိုင်ရန် တီထွင်ထုတ်လုပ်ထားသည့် FPV ဒရုန်းတစ်မျိုးကို ထုတ်ဖော်ပြသခဲ့ကြောင်း Next Gen Defense သတင်းဌာနမှ ဇွန် ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

FPV ဒရုန်းသည် ရိုးရှင်းသော ဖွဲ့စည်းတည်ဆောက်မှုနှင့် မိုဘိုင်းလ်လောက်လွှဲ စင်ပေါ်မှ အလွယ်တကူ လွှတ်တင်နိုင်စွမ်းရှိကာ လေ့ကျင့်သင်တန်းပေးမှု အချိန်အနည်းငယ်အတွင်း လျင်မြန်စွာတိုက်ပွဲဝင်လုပ်ဆောင်နိုင်စေမည့် ဒရုန်းအမျိုး အစားဖြစ်သည်။ ၎င်းဒရုန်းတွင် တောင်ပံပုံသေတပ်ဆင်ထားသော ကိုယ်ထည်၊ ကာဗွန်ဖိုင်ဘာများ အသုံးပြုထားပြီး တာဝေးနှင့် အမြင့်ပျံသန်းစစ်ဆင်နိုင်ရန်အတွက် ချိန်ညှိလုပ်ဆောင်ထားသော တွန်းကန်အားစနစ်တို့ ပါဝင်ဖွဲ့စည်းထားလေ့ရှိသည်။ ပြည်တွင်းထုတ် အဆိုပါ FPV ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းများနှင့် ပတ်သက်၍ စွမ်းဆောင်ရည်အချက်အလက်များကို ယူကရိန်းလေတပ်မှ ထုတ်ဖော်ပြောကြားထားခြင်းမျိုးတော့ မရှိသေးပေ။

FPV ဒရုန်းသည် အမေရိကန်ဒေါ်လာ ၅၀၀၀ ခန့်သာ တန်ဖိုးရှိမည်ဖြစ်ပြီး Shaheds တိုက်ခိုက်ရေးဒရုန်းများ မကြာခဏ ဝင်ရောက်လာလေ့ရှိသည့် စစ်ဆင်ရေးဧရိယာများတွင် တပ်ဖြန့်ချထားပြီးဖြစ်ကြောင်း သိရသည်။ အဆိုပါ FPV ကြားဖြတ်တိုက်ခိုက်ရေး ဒရုန်းများကို ဦးဆောင်လုပ်ကိုင်နေသည့် Lviv မြို့အခြေစိုက် ယူကရိန်းအနောက်ပိုင်းတိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ်သည် ဒရုန်းများ ထိန်းကျောင်းမောင်းနှင်မည့် အော်ပရေတာပိုင်းလေ့မျှား၊ စက်ပြင်များနှင့် လက်နက်တပ်ဆင်သည့်တပ်ဖွဲ့ဝင်များကို သင်တန်းဖွင့်လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ယူကရိန်းစစ်ဘက်သည် FPV ဒရုန်းများ တပ်ဖြန့်ချထားရေးနှင့် လေ့ကျင့်သင်တန်းပေးရေးအပိုင်းကို တာဝန်ယူထားပြီး ဘဏ္ဍာရေးထောက်ပံ့မှုတွင် ပုဂ္ဂလိကအလှူရှင်များနှင့် စေတနာ့ဝန်ထမ်းများက ပံ့ပိုးပေးထားကြောင်း သိရသည်။ ယခုအခါတွင် လေ့ကျင့်သင်ကြားထားတဲ့တပ်ဖွဲ့ဝင်များသည် ရှေ့တန်း ဧရိယာနှင့် နီးကပ်စွာတည်ရှိနေသော ယူကရိန်းနိုင်ငံ ဒေသအသီးသီးတွင် ရန်သူဒရုန်းများ ဝင်ရောက်လာချိန်တွင် ရှာဖွေတွေ့ရှိသည်နှင့် ကြားဖြတ်ဟန့်တားပစ်ချရန် တာဝန်စတင်ထမ်းဆောင်နေကြပြီဖြစ်ကြောင်း အနောက်ပိုင်းတိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ်၏ ဒရုန်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ကြေညာချက်တွင် ဖော်ပြထားသည်။

Shahed တိုက်ခိုက်ရေးဒရုန်းများသည် ရုရှား–ယူကရိန်းပဋိပက္ခတွင် စွမ်းဆောင်ရည်မြင့်မားစွာ တိုက်စွမ်းရည်ပြသထားနိုင်သည့် စစ်လက်နက်ပစ္စည်းကိရိယာများထဲမှတစ်ခုဖြစ်ပြီး ဈေးသက်သာခြင်း၊ လှုပ်ရှားစစ်ကစားပျံသန်းနိုင်ခြင်းနှင့် တစ်ဖက်မှခြေရာခံထိန်းကျောင်းရန်ခက်ခဲခြင်း စသည့်ဝိသေသလက္ခဏာထူးများ ပိုင်ဆိုင်ထားသည့် ဒရုန်းအမျိုးအစားများ ဖြစ်ကြသည်။ ၎င်းတို့ကို တန်ပြန်တိုက်ဖျက်ရန်အတွက် ယူကရိန်းတပ်မတော်က နည်းလမ်းပေါင်းစုံ ထည့်သွင်းစဉ်းစားထားကာ တန်ပြန်လုပ်ဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ukraine's New Drone Was Built for One Job:kill Shaheds ကို ဘာသာပြန်ဆိုထားပါသည်။

အမေရိကန်ရေတပ်က ကမ္ဘာ့စွမ်းအားအပြင်းဆုံး သင်္ဘောတင်လေဆာလက်နက်များ တီထွင်ထုတ်လုပ်ရန် စီမံကိန်းစတင်ဆောင်ရွက်

အမေရိကန်ရေတပ်သည် ကမ္ဘာပေါ်တွင် စွမ်းအားအပြင်းဆုံး သင်္ဘောတင်လေဆာလက်နက်များ တီထွင်ထုတ်လုပ်ရန် အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၉ သန်းတန် စီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း Next Gen Defense သတင်းဌာနက ဇွန် ၂၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

SONGBOW ဟုအမည်ပေးထားသော အဆိုပါစီမံကိန်းကို ယခုနှစ် ဇွန်လပထမပတ်တွင် စတင်ဆောင်ရွက်ခဲ့ရာ မောင်းသူမဲ့လေယာဉ်များ၊ ခရုဇ်ဒုံးကျည်များနှင့် အလင်းအမြန်နှုန်းဖြင့် အသံထက်မြန်သော ဟိုက်ပါဆောနစ်လေဟုန်စီးယာဉ် (လ္ပျောပျံယာဉ်)များကဲ့သို့သော ခေတ်မီဆန်းပြားသော လေကြောင်းခြိမ်းခြောက်မှုများကို တန်ပြန်တိုက်ခိုက်ရန် ရည်ရွယ်လုပ်ဆောင်နေခြင်းဖြစ်သည်။

အဆိုပါ လေဆာလက်နက်စနစ်တွင် ၅၀ ကီလိုဝပ်ထုတ်လွှတ်နိုင်သည့် လေဆာစနစ်များကိုစုပေါင်း၍ တိကျသော လေဆာအလင်းတန်းစုကြီးတစ်ခုတည်းအဖြစ် ကီလိုဝပ် ၄၀၀ လေဆာစွမ်းအင်ထုတ်လွှတ်ပေးနိုင်မည်ဖြစ်ကာ လက်ရှိရေတပ်သုံးသင်္ဘောပေါ်တွင် တင်ဆောင်နိုင်သည့် လေဆာလက်နက်စနစ်များထက် သိသာထင်ရှားသော တိုးတက်ဖွံ့ဖြိုးမှုတစ်ရပ်ကို ဖော်ညွှန်းနေခြင်းလည်းဖြစ်သည်။ လေကြောင်းခြိမ်းခြောက်မှုများကို လျင်မြန်စွာ တုံ့ပြန်တိုက်ခိုက်နိုင်ရန်နှင့် သမားရိုးကျ Hard-Kill နည်းလမ်းသုံး လက်နက်စနစ်များထက် ခဲယမ်းများ လိုအပ်ချက်ကိုလျှော့ချပေးနိုင်ရန် ရည်ရွယ်၍ တီထွင်ထုတ်လုပ်နေခြင်းဖြစ်သည်။

အဆိုပါစီမံကိန်းကို အမေရိကန်နိုင်ငံ Coherent Aerospace & Defense ကုမ္ပဏီမှဦးဆောင်၍ အကောင်အထည်ဖော်တည်ဆောက်နေခြင်းဖြစ်ပြီး ရေတပ်သုတေသနညွှန်ကြားရေးမှူးရုံးမှ ကုန်ကျစရိတ်အားလုံးကျခံသည့်အပြင် ထပ်ဆောင်းအကျိုးအမြတ်များကို ခံစားခွင့်ပြုထားသည့် cost-plus-fixed-fee contract သဘောတူစာချုပ်တစ်ရပ်ဖြင့် ချုပ်ဆိုလုပ်ဆောင်နေခြင်းမျိုး ဖြစ်ကြောင်း သိရသည်။ ၂၀၂၇ ခုနှစ်အတွင်း အဆိုပါအစီအစဉ်ကို ထပ်မံတိုးချဲ့လုပ်ဆောင်နိုင်မည့်အချက်များပါ ထည့်သွင်းထားပြီး လပေါင်း ၂၀ အတွင်း ကနဦးတိုးတက်ဖွံ့ဖြိုးမှုအပိုင်းကို ဆောင်ရွက်နိုင်ရန် ရည်မှန်းထားသည်။

SONGBOW ရေတပ်သုံး လေဆာလက်နက်စနစ်စီမံကိန်းသည် စွမ်းအားမြင့် လေဆာအလင်းတန်းများ ထုတ်လွှတ်နိုင်ရန် အလင်းတန်းများကို တိကျစွာထိန်းကျောင်းနိုင်သည့်စနစ်ဖြင့် ပစ်မှတ်ကို တိုက်ခိုက်နိုင်စေရန်အတွက် pulsed fiber laser modules များ အသုံးပြုထားသည်။ ထိုမော်ဂျူးများ အသုံးပြုထားခြင်းကြောင့် အကွာအဝေးပေါ်မူတည်၍ လေဆာအလင်းတန်းစွမ်းအားများ ဆုံးရှုံးသွားခြင်းမျိုးမရှိစေဘဲ စွမ်းအားကိုထိန်းသိမ်းတိုက်ပွဲဝင်နိုင်သည့်အတွက် တိုက်ပွဲဝင် ထိရောက်မှုမြင့်မားကောင်းမွန်စေမည်ဖြစ်သည်။ လက်နက်စနစ်၏ အဓိကအခန်းကဏ္ဍမှာ အရွေ့စွမ်းအင်သုံးကာကွယ်ရေးစနစ်များဖြစ်သော်လည်း လေဆာစနစ်သည် အဝေးထိန်းအာရုံခံခြင်းနှင့် စစ်မြေပြင်တွင် ပစ်မှတ်ရှာရန် အလင်းပေးခြင်းကဲ့သို့ လုပ်ငန်းတာဝန်များတွင်လည်း အထောက်အပံ့ ဖြစ်စေမည်ဖြစ်သည်။ ရေတပ်၊ စစ်သင်္ဘောများပေါ်တွင် တပ်ဆင်အသုံးပြုနိုင်မည့်အပြင် မြေပြင်အခြေစိုက်ဗားရှင်းအဖြစ်လည်း အသုံးပြုနိုင်ရန် အလားအလာများရှိနေသည်။

အမေရိကန် ရေတပ်၏မတူကွဲပြားသော ရည်မှန်းချက်တာဝန်အမျိုးမျိုးတွင် တိုက်ရိုက်စွမ်းအင်သုံး လေဆာလက်နက်စနစ်စွမ်းဆောင်ရည်များကို တပ်ဖြန့်အသုံးပြုနိုင်ရန် ကြိုးပမ်းအားထုတ်မှုတစ်ရပ်လည်းဖြစ်သည်။ ထိုသို့ဆိုလျှင် အမေရိကန်ရေတပ်အလွှာလိုက်ကာကွယ်ရေး မဟာဗျူဟာ၏တစ်စိတ်တစ်ပိုင်းအနေဖြင့် Aegis နှင့် SM-6 ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်များကဲ့သို့ ရှိပြီးသား လက်နက်စနစ်များနှင့်လည်း တွဲဖက်လုပ်ဆောင်နိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

US Navy Starts Building 400kW Laser to Fry Drones and Hypersonic Threats ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Baikal ရေကန်ကို ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုလေ့လာစဉ် Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲက Baikal ရေကန်ဆိုင်ရာအချက်အလက်များနှင့် ထိန်းသိမ်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

ရှေ့ဖုံးမှအဆက်

Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ Baikal ရေကန်ဆိုင်ရာအချက်အလက်များနှင့်ထိန်းသိမ်းဆောင်ရွက်နေမှုအခြေအနေများကိုရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Baikal ရေကန်အတွင်း ရေယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

အဆိုပါ Baikal ရေကန်သည် ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသတောင်ပိုင်း Irkutsk Oblast နှင့် ဘူရားတီးရားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်တို့အကြားတွင် တည်ရှိကြောင်း၊ ကမ္ဘာပေါ်တွင် အနက်ဆုံးရေကန်တစ်ခုဖြစ်ပြီး အနက် ၁၆၄၂ မီတာ(၅၃၈၇ ပေ) ရှိကြောင်း၊ ထို့ပြင် လွန်ခဲ့သောနှစ်ပေါင်းသန်း ၃၀ ခန့်ကတည်းကတည်ရှိခဲ့သည့် ရှေးအကျဆုံး ရေချိုရေကန်တစ်ခုလည်းဖြစ်ကြောင်း၊ UNESCO မှ ကမ္ဘာ့အမွေအနှစ်နေရာအဖြစ် ၁၉၉၆ခုနှစ်တွင်စာရင်းသွင်းခဲ့ပြီး ရှားပါးသော အပင်မျိုးစိတ် ၁၀၀၀ ခန့်နှင့် တိရစ္ဆာန်မျိုးစိတ်ပေါင်း ၂၅၀၀ ခန့်ရှိသည့် ရေကန်တစ်ခုဖြစ်ကြောင်း၊ လခြမ်းပုံရှည်လျားသည့် ပုံသဏ္ဌာန်ရှိပြီး သဘာဝ၏အလှတရားနှင့် ထူးခြားသောအမွေအနှစ်တို့ဖြင့် ပြည့်နှက်လျက်ရှိသောရေကန်ဖြစ်ကြောင်းသိရှိရသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Ulan-Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံသို့ ရောက်ရှိရာ စက်ရုံအကြီးအကဲ Zaborskikh Sergey Alexandrovich နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း ပြုပြင်ရေးလုပ်ငန်းများ အဆင့်ဆင့်ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုလေ့လာကြပြီး ရှင်းလင်းတင်ပြမှုများ အပေါ် သိရှိလိုသည်များပြန်လည်မေးမြန်းဆွေးနွေးသည်။

ထို့နောက် စက်ရုံအကြီးအကဲနှင့်တာဝန်ရှိသူများက Ulan-Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံနှင့် ပတ်သက်၍ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊အလုပ်အကိုင်အခွင့်အလမ်းများဖော်ဆောင်ပေးနိုင်မှု၊ နိုင်ငံတကာနှင့် စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ မေးမြန်းဆွေးနွေးသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်Ulan-Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံအကြီးအကဲ Zaborskikh Sergey Alexandrovichအား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်စဉ်။

အဆိုပါ Ulan-Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံသည် ၁၉၃၄ ခုနှစ်တွင်စတင်တည်ထောင်ခဲ့သော စက်ရုံတစ်ရုံဖြစ်ကြောင်း၊ အဆိုပါစက်ရုံသည် ကမ္ဘာလုံးဆိုင်ရာ မီးရထားဆက်စပ်ပစ္စည်းများပြုပြင်ခြင်းနှင့် အပိုပစ္စည်းများထုတ်လုပ်ခြင်းဆိုင်ရာ အကြီးစားလုပ်ငန်းကုမ္ပဏီတစ်ခုဖြစ်သည့် Zheldorrem-mash ကုမ္ပဏီ၏ လက်အောက်ခံ စက်ရုံတစ်ရုံဖြစ်ကြောင်း၊ စက်ရုံအနေဖြင့် မီးရထားစက်ခေါင်းပြုပြင်ခြင်းလုပ်ငန်း၊ စက်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အပိုပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်းဟူ၍ သုံးပိုင်းခွဲကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အဆိုပါစက်ရုံမှ ပြုပြင်မွမ်းမံရေးဆိုင်ရာ နည်းပညာအသစ်များအား အဆင့်မြှင့်တင်ခြင်း၊ မီးရထားစက်ခေါင်းများ၏ပျမ်းမျှမောင်းနှင်နိုင်မှုကိုပြုပြင်မွမ်းမံခြင်း၊ အာမခံဝန်ဆောင်မှုပေးခြင်းနှင့် မီးရထားစက်ခေါင်းများသက်တမ်းတိုးခြင်းနှင့် မီးရထားစက်ခေါင်းများ ဆက်လက်ထိန်းသိမ်းခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်းများ ကိုဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြပြီး ယခုအခါ Ulan-Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံ၏ ဝန်ထမ်းပေါင်း ၂၅၀၀ ခန့်ရှိပြီး ယင်းတို့ထဲမှ ၁၅၀၀ ခန့်ကို ကျွမ်းကျင်ပညာတတ်ဝန်ထမ်းများ ခန့်ထားကြောင်း ရှင်းလင်းပြောကြားခဲ့ကြပြီး ယခုနှစ်ကုန်လွန်ခဲ့သော ၁ နှစ်ခွဲခန့်ကာလတွင် ရထားတွဲ ၁၀ စီးခန့် ပြုပြင်ခြင်းနှင့် ပြန်လည်ပြုပြင်ခြင်းတို့ ပြုလုပ်ခဲ့ကြောင်း ရှင်းလင်းပြောကြားခဲ့ကြပါသည်။



ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသတောင်ပိုင်း Irkutsk Oblast နှင့် ဘူရားတီးရားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်တို့အကြားတွင် တည်ရှိသည့် Baikal ရေကန်ကို တွေ့ရစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Ulan-Ude LVRZ မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံတွင် ကြည့်ရှုလေ့လာစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံအကြီးအကဲနှင့် တာဝန်ရှိသူများကို အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ Ulan-Ude LVRZ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov တို့ ဒေသခံမီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားစဉ်။

မီးရထားစက်ခေါင်းနှင့် ရထားတွဲပြုပြင်ရေးစက်ရုံကြည့်ရှုလေ့လာစဉ် Buryatia ပြည်နယ်မှ Arigus ၊ ATV ၊ Tivicom တို့ အပါအဝင် ဒေသခံမီဒီယာများကလည်း လာရောက်သတင်းရယူခဲ့ကြသည်။

စက်ရုံအတွင်း လေ့လာမှုများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲတို့သည်အဆိုပါမီဒီယာမှ သိရှိလိုသည့်မြန်မာနိုင်ငံနှင့် Buryatia ပြည်နယ်အကြား ချစ်ကြည်ရင်းနှီးမှုပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု၊ စီးပွားရေး၊ ပညာရေး၊ စက်မှုနည်းပညာ၊ ခရီးသွားကဏ္ဍစသည်တို့တွင်ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများနှင့်ပတ်သက်၍မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ် Ulan-Ude မြို့ရှိ Leo Bardamov ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ Ulan-Ude မြို့ Leo Bardamov ပြတိုက်တွင် ကြည့်ရှုလေ့လာစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှနှင့် Leo Bardamov ပြတိုက်တာဝန်ရှိသူတို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

နေပြည်တော် ဇွန် ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ် Ulan-Ude မြို့သို့ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှသည် ကောင်စီတွဲဖက်အတွင်းရေးမှူး၏ဇနီး ဒေါ်နီလာနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၏ဇနီးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် Leo Bardamov ပြတိုက်သို့သွားရောက်လေ့လာကြည့်ရှုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို Buryatia ပြည်နယ်ဒုတိယအကြီးအကဲ Ms. Evgenia Yurievna Ludupova နှင့် Leo Bardamov ပြတိုက်မှတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးနှင့် အဖွဲ့ဝင်များသည် Leo Bardamov ပြတိုက်အတွင်းလှည့်လည်ကြည့်ရှုရာ ပြတိုက်တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးက သိရှိလိုသည်များပြန်လည်မေးမြန်းဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှသည် Leo Bardamov ပြတိုက် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးနှင့် ပြတိုက်တာဝန်ရှိသူတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

အဆိုပါ Leo Bardamov ပြတိုက်သည် Ulan-Ude မြို့တွင်တည်ရှိပြီး ရှေးခေတ်ဆိုဗီယက်လူမျိုးတို့၏ ယဉ်ကျေးမှုအနုပညာလက်ရာများ၊ သမိုင်းကြောင်းများနှင့် စာပေများကိုလေ့လာနိုင်သည့်အပြင် ဗုဒ္ဓသာသနာနှင့်ပတ်သက်သည့် သမိုင်းကြောင်းများ၊ ဆင်းတုတော်များနှင့် ၂၀ ရာစုနှစ် အနုပညာရှင်တို့၏လက်ရာများကို လေ့လာခံစားနိုင်ကြောင်း၊ နေ့စဉ် နံနက် ၁၁ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ပြီးပြတိုက်အတွင်း၌ စာပေယဉ်ကျေးမှု၊ ပန်းချီများ၊ အသုံးအဆောင်များစသည့် အနုပညာလက်ရာအမျိုးအစားပေါင်း ၅၀၀၀ ကျော်ပြသထားရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဧနီး ဒေါ်ကြူကြူလှတို့အား Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov နှင့် တာဝန်ရှိသူများက Baikal အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဌေး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် သံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

☆ ကျောဖုံးမှအဆက်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဧနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဧနီး၊ ခရီးစဉ်တွင် လိုက်ပါသွားကြသည့် အဖွဲ့ဝင်များ ပြန်လည်လိုက်ပါလာကြသည်။

အဆိုပါခရီးစဉ်များအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် စတုတ္ထ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘယ်လာရုစ်နိုင်ငံသမ္မတနှင့် သီးခြားတွေ့ဆုံဆွေးနွေးခြင်း၊ ဥရောပ-အာရှ စီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာခြင်းများကို ဆောင်ရွက်ခဲ့ပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ Eurasian Economic Union – EAEU အဖွဲ့ဝင်နိုင်ငံများနှင့် စီးပွားရေးဖွံ့ဖြိုးအလှည့်ကျ ဥရောပ-အာရှစီးပွားရေးဖိုရမ် (EEF 2025)သို့တက်ရောက်ခြင်း၊ EAEU ၏ တိုးတက်မှုဆိုင်ရာကိစ္စရပ်များကို ပိုမို တိုးတက်ခိုင်မာအောင် ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ်သို့ ရောက်ရှိချိန်တွင်လည်း စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာခဲ့ပြီး ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ၊ စက်မှုနည်းပညာဆိုင်ရာ စသည့်ကဏ္ဍ အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ကို ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဧနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဌေးနှင့် ဧနီး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဧနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် သံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

လေဖိအားနည်းရပ်ဝန်းအခြေအနေ

နေပြည်တော် ဇွန် ၂၉

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေတို့၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညှင်းစွာ ရွှေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ဩရိသပြည်နယ်မြောက်ပိုင်းနှင့် အနောက်ဘင်္ဂလားပြည်နယ်တို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရပါသည်။ (မိုး/၉လ)



မနက်ဖြန် မွန်းတည့်ချိန်ထိ ခန့်မှန်းချက်

နေပြည်တော် ဇွန် ၂၉

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာ ကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/၉လ)

ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၆-၂၀၂၅ ရက်နေ့ထုတ် ရတနာပုံသတင်းစာ စာမျက်နှာ ၁၇ တတိယကော်လံ စာကြောင်းရေ နှစ်ကြောင်းမြောက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ၏ ဧနီးနှင့် Buryatia ပြည်နယ် **အကြီးအကဲ၏ဧနီး** အစား Buryatia ပြည်နယ် ဒုတိယအကြီးအကဲဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရှေ့ဆိုင်းခွင့်ရသူများ

ရှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(c) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဧနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူ ဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(c) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ Mr. Aleksey Sambuyevich Tsydenov တို့သည် Buryatia ပြည်နယ်မှ Arigus၊ ATV ၊ Tivicom တို့အပါအဝင် ဒေသခံမီဒီယာများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားချက်

မေး ။ ။ မကြာမီနှစ်အတွင်းမှာ ရုရှား-မြန်မာ ပူးပေါင်းဆက်ဆံရေးလုပ်ငန်းတွေဟာ အများကြီးလုပ်ခဲ့တာဖြစ်ပါတယ်။ အထူးသဖြင့် ယဉ်ကျေးမှုအခန်းကဏ္ဍတွေရော၊ ကဏ္ဍပေါင်းစုံမှာ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ဆောင်ထားတာ ရှိပါတယ်။ ဒီအထဲမှာ Buryatia နဲ့ ပတ်သက်ပြီးတော့လည်း ပူးပေါင်းဆောင်ရွက်မှုလုပ်နေတာတွေရှိပါတယ်။ အနာဂတ်မှာ Buryatia နဲ့ပတ်သက်ပြီးတော့ Buryatia နဲ့ မြန်မာအကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းတွေ ဘယ်လို အပိုင်းတွေကို လုပ်ဖို့အတွက် ရည်ရွယ်ထားတာ ရှိပါသလဲ။

ဗိုလ်ချုပ်မှူးကြီး ။ ။ အခုဒီနေ့ကျွန်တော် လာကြည့်တဲ့ မီးရထားစက်ရုံလုပ်ငန်း အပါအဝင် စောစောပိုင်းက လေယာဉ်စက်ရုံလည်း ကျွန်တော်သွားကြည့်ခဲ့တယ်။ ဒါတွေကတော့ ကျွန်တော်တို့ နှစ်ဖက်ပူးပေါင်း ဆောင်ရွက်ဖို့အတွက် အလားအလာရှိတဲ့နေရာတွေဖြစ်ပါတယ်။ ဒါပြီးလို့ရှိရင် Buryatia မှာလည်း ဒီပြည်နယ်က ဗုဒ္ဓဘာသာကိုးကွယ်တဲ့ ပြည်နယ်သူ၊ ပြည်နယ်သားတွေရှိတယ်။ မြန်မာနိုင်ငံကလည်း ဗုဒ္ဓဘာသာနိုင်ငံ ဖြစ်တဲ့အခါကျတော့ ဗုဒ္ဓဘာသာနဲ့ ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်မှုတွေက အလားအလာတွေလည်းရှိတယ်။ နောက် ကျန်းမာရေးနဲ့ပတ်သက်တာတွေ ရှိတယ်။ နောက်ဝန်ကြီးချုပ် ကမ်းလှမ်းထားတဲ့ ပညာသင်ကြားရေးနဲ့ပတ်သက်တဲ့ ကမ်းလှမ်းချက်လည်းရှိတယ်။ ပညာရေးအတွက် ပူးပေါင်းဆောင်ရွက်မှုတွေလည်း ကျွန်တော်တို့ ရှိပါလိမ့်မယ်။ နောက် စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ လုပ်ငန်းတွေလည်း ဆွေးလည်း ဆွေးနွေးပြီး ဆောင်ရွက်သွားဖို့ ရှိပါလိမ့်မယ်။ နယ်ပယ်တော့အများကြီးရှိတယ်။ လုပ်စရာနယ်ပယ်တွေ အများကြီးရှိတယ်ဆိုတဲ့ အကြောင်း ကျွန်တော်ပြောချင်ပါတယ်။

မေး ။ ။ အခု လက်ရှိ Buryatia ကို လာရောက်တဲ့အတွက် အဆွေတော် နိုင်ငံတော်ဝန်ကြီးချုပ်ကြီးအနေနဲ့ Buryatia နဲ့ပတ်သက်ပြီးတော့ ဘယ်လိုမျိုး မြင်ပါသလဲ။ Buryatia ရဲ့ အလှအပတွေ၊ Buryatia ရဲ့ သန့်ရှင်းမှုတွေနဲ့ ပတ်သက်ပြီး ဘယ်လိုမျိုးမြင်ပါသလဲ။

ဗိုလ်ချုပ်မှူးကြီး ။ ။ အင်မတန်စိတ်ချမ်းသာရပါတယ် လာရတာ။ သာယာလှပတဲ့ ဒေသတစ်ခုပေါ့။ ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ရင်းနှီးတဲ့ ပတ်ဝန်းကျင်တစ်ခုကို ကျွန်တော်လာရတယ်လို့ ခံစားရပါတယ်။ ကျွန်တော်သုံးကြိမ်ရှိပြီ လာတာ။ ကိုယ့်ဒေသကိုလာရသလို ကျွန်တော်ရင်းနှီးတဲ့ စိတ်ရှိပါတယ်။ နောက်ထပ်လည်းလာနိုင်ဖို့ ကျွန်တော်ကြိုးစားဦးမယ်လို့ ပြောလိုပါတယ်။

မေး ။ ။ Burytia ပြည်နယ်အကြီးအကဲ အနေနဲ့ ယခုကဲ့သို့ မြန်မာနိုင်ငံကနေ နိုင်ငံတော်ဝန်ကြီးချုပ် ချစ်ကြည်ရေးခရီးစဉ်လာရောက်မှုပတ်သက်ပြီး မည်သို့ ခံစားရပါသလဲ။ ပြီးတော့ မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ ပတ်သက်ပြီး ပြောကြားပေးစေလိုပါတယ်။

Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ ။ ။ မြန်မာနိုင်ငံကနေ သုံးကြိမ်လာတယ်ဆိုတော့ ကျွန်တော်အရမ်းကို ဂုဏ်ယူဝမ်းမြောက်မှု ဖြစ်ပါတယ်။ သုံးကြိမ်လာတယ်ဆိုတာက ကျွန်တော်တို့ပြည်နယ်ကို ဘယ်လောက်အထိ ချစ်တယ်ဆိုတာကို ပြယုဂ်ဖြစ်ပါတယ်။ ကျွန်တော်တို့ပြည်နယ်နဲ့ မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းတွေလည်း အများကြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်မယ်လို့လည်း မျှော်လင့်ပါတယ်။ ပြီးခဲ့တဲ့ မကြာမီနှစ်အတွင်းက ကျွန်တော်တို့ Rapid Bio ဆေးဝါးကုမ္ပဏီ အနေနဲ့ မြန်မာနိုင်ငံမှာ ကျွန်တော်တို့ ဆေးဝါးနည်းပညာနဲ့ပတ်သက်ပြီး ပစ္စည်းတင်သွင်းဖို့အတွက် Register တွေ လုပ်နေတာလည်း ရှိပါတယ်။ ကျွန်တော်တို့ Ulan-Ude က ထုတ်ထားတဲ့၊ ရဟတ်ယာဉ် စက်ရုံကနေပြီးတော့ ထုတ်ထားတဲ့ ရဟတ်ယာဉ်တွေကလည်း မြန်မာနိုင်ငံမှာ အခုဆိုနှစ်အကြာကြီးအထိ အသုံးပြုနေတာတွေရှိပါတယ်။ လက်ရှိအချိန်မှာလည်း အသုံးပြုနေသလို အနာဂတ်မှာလည်း ရဟတ်ယာဉ်နဲ့ ပတ်သက်ပြီးတော့ ပို့ဆောင်ရေးနဲ့ ပတ်သက်ပြီးတော့လည်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းတွေ အများကြီးလုပ်ဖို့အတွက် စီစဉ်ထားတာ ရှိပါတယ်။ ဒီနေ့မှာ ဆိုရင်လည်း TMH Holding ကုမ္ပဏီကနေပြီးတော့ သူတို့ရဲ့ ထုတ်ကုန်ပစ္စည်းတွေကို သူတို့လုပ်ဆောင်တဲ့ပစ္စည်းတွေနဲ့ ပတ်သက်ပြီးတော့လည်း ရှင်းပြသွားတာရှိပါတယ်။ လာမယ့် အနာဂတ်မှာလည်း မြန်မာနိုင်ငံနဲ့ ပူးပေါင်းပြီးတော့ ဒီနယ်ပယ်နဲ့ ပတ်သက်ပြီးတော့ ပူးပေါင်းဆောင်ရွက်ဖို့ အတွက်လည်း ဆွေးနွေးဖို့အတွက် စီစဉ်ထားတာတွေလည်း ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီပညာရေး ပူးပေါင်းဆောင်ရွက်မှုနဲ့ ပတ်သက်လို့ရှိရင်တော့ မြန်မာနိုင်ငံကနေ ပြီးတော့ ရုရှားဘာသာစကား ပညာသင်ကြားတဲ့ ဆရာတွေအနေနဲ့ ထပ်ဆင့် သင်တန်းတွေပေးဖို့၊ အဆင့်မြင့်သင်တန်းတွေပေးဖို့ အတွက်ကို Buryatia မှာ သင်ပေးနိုင်သလို၊ ကျွန်တော်တို့ Buryatia မှာရှိတဲ့ တက္ကသိုလ်မှာလည်း မြန်မာဘာသာစကားကို သင်ကြားဖို့အတွက် မြန်မာဘာသာစကားဌာန ဖွင့်ဖို့အထိလည်း ရည်ရွယ်ပြီးတော့ ဆောင်ရွက်နေတာ ရှိပါတယ်။ ကျွန်တော်အနေနဲ့ ဒီနေ့ မြန်မာနိုင်ငံကလာတဲ့ အထူးဧည့်သည်တော်တွေကို ရေကန်ကို လိုက်လံပြသပေးပါတယ်။ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာကလည်း ကျွန်တော်ကိုယ်တိုင် ဦးဆောင်ပြီးတော့ မြန်မာနိုင်ငံကို Delegation သွားရောက်ခဲ့တာရှိပါတယ်။ သွားရောက်ခဲ့တဲ့ အချိန်မှာလည်း မြန်မာနိုင်ငံကနေပြီးတော့ ကျွန်တော်တို့ကို လှိုက်လှဲစွာ ကြိုဆိုခဲ့တာတွေလည်းရှိပါတယ်။ ကျွန်တော်အနေနဲ့ ဒီကနေ ပြောကြားလိုတာကတော့ မြန်မာနိုင်ငံက သာယာလှပတဲ့ အလှတရားတွေ၊ ယဉ်ကျေးမှုတွေကို ကျွန်တော်တင်မကဘဲနဲ့ Delegation အဖွဲ့ဝင်အားလုံးက ခံစားခဲ့ရတာတွေရှိပါတယ်။ ဒါကြောင့် မို့လို့ နှစ်နိုင်ငံ အပြန်အလှန် ကျွန်တော်တို့ Tourism အခန်းကဏ္ဍကို မြှင့်တင်ဖို့ အတွက်လည်း ကျွန်တော်တို့ လျာထားစီစဉ်ထားတာ ရှိပါတယ်။

ဗိုလ်ချုပ်မှူးကြီး ။ ။ ခင်ဗျားတို့ မီဒီယာအဖွဲ့တွေလည်း မြန်မာနိုင်ငံမှာလာပြီး လေ့လာဖို့အတွက် ကျွန်တော် ဖိတ်ပါတယ်။ မြန်မာပြည်ရဲ့ အခြေအနေတွေ အားလုံးကို ခင်ဗျားတို့ ပြည်နယ်အကြီးအကဲကတော့ အကြမ်းဖျဉ်း ရှင်းပြတာပေါ့။ ခင်ဗျားတို့လာတဲ့အခါကျရင် ဒီထက်ပိုပြီး ထိတွေ့မှုခံစားမှု ပိုပြီး ကောင်းပါလိမ့်မယ်။ ကျွန်တော် မကြာခင်မှာ ခင်ဗျားတို့ မျက်နှာလေးတွေ မြန်မာနိုင်ငံမှာ တွေ့ရမယ်လို့ ယုံကြည်ပါတယ်။ (၅၀၁)

Kickboxing အားကစားနည်းမှ အားကစားသမားများ လူရွေးချယ်ခြင်းနှင့် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် IMANE AMATEUR FUTSAL CUP 2025 ဖူဆယ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် ၆နှစ် ၂၉

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးထိန်လင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွှန့်မြို့နယ်ရှိ သိမ်ဖြူအားကစားခန်းမ၌ ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကစ်ဘောက်ဆင် (Kickboxing) အားကစားနည်းမှ အားကစားသမားများ လူရွေးချယ်ခြင်းနှင့် AsianKickboxing Confederation (AKC) ဥက္ကဋ္ဌ Mr. Nasser Nassiri နှင့် နည်းပြတို့မှ အားကစားအထောက်အကူပြုပစ္စည်းများ၊ နည်းစနစ်ပိုင်းနှင့် နည်းပညာဆိုင်ရာ အချက်အလက်များ ရှင်းလင်းဆွေးနွေးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) စားရိပ်သာ၌ သင်တန်းသား၊ သင်တန်းသူများအား နေ့လယ်စာကျွေးမွေးရန် ပြင်ဆင်ထားရှိမှုများနှင့် I.S.P.Eဘောလုံးအသင်း နေ့လယ်စာစားသုံးနေမှုနှင့် သုဝဏ္ဏလူငယ်အားကစားလေ့ကျင့်ရေးစခန်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပပြုလုပ်နေသော အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် IMANE AMATEUR FUTSAL CUP 2025 ဖူဆယ်ပြိုင်ပွဲတွင် ULAD FC အသင်းနှင့် Kyal Sin Lin FC အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက Imane Thailand မှ ပြိုင်ပွဲတွင် တာဝန်ယူခဲ့သော ဒိုင်လူကြီးများအား အမှတ်တရဆု၊ အသန့်ရှင်းဆုံးဆု၊ အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံးကစားသမားဆု၊ ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် အသင်းနှင့်အားကစားသမားများကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ်(EEF 2025) တက်ရောက်ခဲ့ပြီး နေပြည်တော်တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိစဉ် သတင်းမီဒီယာများ၏ မေးမြန်းမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ဖြေကြားချက်

မေး ။ ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ ဘယ်လာရုစ်နိုင်ငံမှာ ကျင်းပတဲ့ ဥရောပ-အာရှ (EEF) စီးပွားရေးဖိုရမ်ကို တက်ရောက်ခဲ့တယ်။ ဒီတက်ရောက်ခဲ့တဲ့ ဖိုရမ်ကနေပြီးတော့ ဘယ်လိုအောင်မြင်မှုတွေ၊ ဘယ်လိုအကျိုးရလဒ်တွေ ရရှိခဲ့ပါသလဲခင်ဗျ။

ဖြေ ။ ။ ပထမဦးဆုံးတော့ EAEU နဲ့ပတ်သက်ပြီးတော့ ကျွန်တော် နည်းနည်းလေးပြောပြချင်ပါတယ်။ EAEU ဆိုတာ ဥရောပ-အာရှ စီးပွားရေးသမဂ္ဂဆိုတာ ၂၀၁၅ ခုနှစ်မှာ စတင်ထူထောင်ခဲ့တာဖြစ်တယ်။ စတင်ထူထောင်ခဲ့တဲ့ ရည်ရွယ်ချက်ကတော့ နံပါတ်တစ်ကတော့ ပါဝင်တဲ့ အဖွဲ့ဝင်နိုင်ငံအချင်းချင်း၊ မိတ်ဆွေနိုင်ငံတွေ၊ အဖွဲ့ဝင်နိုင်ငံတွေ အချင်းချင်းမှာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဖို့၊ နောက်တစ်ခုကတော့ လူနေမှုအဆင့်အတန်း မြင့်မားလာစေဖို့ဆိုတဲ့ ရည်ရွယ်ချက်နှစ်ခုနဲ့ စတင်ပြီးတော့ထူထောင်ခဲ့တာဖြစ်တယ်။ မြန်မာနိုင်ငံကတော့ ၂၀၂၂ ခုနှစ်ကနေစပြီးတော့ EAEU နဲ့ ဆက်သွယ်ခဲ့တယ်။ ၂၀၂၂ ခုနှစ်မှာ (EAEU)ရဲ့ (EEC)အဖွဲ့ပေါ့ (EEC)ဆိုတာ ဥရောပ-အာရှ စီးပွားရေးအဖွဲ့ပေါ့။ အဲ့ဒီအဖွဲ့က ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံကို ရောက်ရှိခဲ့တယ်။ ရောက်ရှိခဲ့ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့တွေ့ပြီးတော့ ကဏ္ဍပေါင်းစုံမှာ မြှင့်တင်နိုင်ရေး၊ ကဏ္ဍပေါင်းစုံဆက်ဆံမှုမြှင့်တင်နိုင်ရေးကို ဆောင်ရွက်ခဲ့တယ်။ ၂၀၂၃ ခုနှစ်မှာ ပိုပြီးတော့ အရှိန်အဟုန်ကောင်းစွာ ဆောင်ရွက်နိုင်ခဲ့တယ်။ ၂၀၂၃ ခုနှစ်မှာဆိုရင် EAEU အဖွဲ့နဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်ရေးအတွက်ကို ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးအတွက် MoU နားလည်မှုစာချွန်လွှာချုပ်ဆိုနိုင်ခဲ့တယ်။ ၂၀၂၃ ခုနှစ် စက်တင်ဘာလမှာပဲ စိန့်ပီတာစဘတ်မှာ ကျင်းပခဲ့တဲ့ ၂၆ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာစီးပွားရေးဖိုရမ်မှာ ဒီစာချုပ်ကို ကျွန်တော်တို့ချုပ်ဆိုနိုင်ခဲ့တာပါ။ ချုပ်ဆိုနိုင်ခဲ့ပြီးတော့ ၂၀၂၄ ခုနှစ်မှာ EAEU က ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံကို လာခဲ့တယ်။ လာတဲ့အချိန်မှာ ဒီ MoU ကို ဆက်လက်ပြီးတော့ အရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် MoU ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းခဲ့တယ်။ ပထမအကြိမ် အစည်းအဝေးကို နေပြည်တော်မှာ ကျင်းပခဲ့တယ်။ နောက်တစ်ကြိမ် အစည်းအဝေးကိုတော့ ရုရှားမှာ ကျွန်တော်တို့ ကျင်းပခဲ့တယ်။ EAEU ရဲ့ ခုနကပြောတဲ့ မူလရည်ရွယ်ချက်ကို ပြောပြခဲ့ပြီးဖြစ်တယ်။ EAEU အနေနဲ့က သူ့ရဲ့ အခြေခံပဋ္ဌာန်းချက်မှာ ဘာပါလဲဆိုတော့ နိုင်ငံအချင်းချင်း အချုပ်အခြာအာဏာတည်တံ့မှု နယ်မြေခိုင်မြဲမှုကို အလေးထားဖို့ နံပါတ်နှစ်အချက်ကတော့ နိုင်ငံတွေရဲ့ အမျိုးသားအကျိုးစီးပွားကို အလေးထားဖို့ဆိုတာပါပါတယ်။ ဒါဟာ နိုင်ငံတိုင်းအတွက် လိုအပ်တဲ့ကိစ္စတွေဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့ကမ္ဘာမှာ

ဖြစ်ပျက်နေတဲ့အခြေအနေအရ စီးပွားရေးအရပဲဖြစ်ဖြစ်၊ နိုင်ငံရေးအရပဲဖြစ်ဖြစ်၊ ကျွန်တဲ့အရေးအရာတွေပဲဖြစ်ဖြစ် သူတို့လိုရင်လိုသလို ပုံဖော်နေတယ်။ မလိုရင်မလိုသလို ပုံဖော်နေတဲ့ဟာတွေ ပိတ်ဆို့နေတဲ့ဟာတွေရှိပါတယ်။ ဒါတွေကို ကျွန်တော်တို့က EAEU နဲ့ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပူးပေါင်းဆောင်ရွက်မှုအင်အားကို ရရှိလာမှာဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ EAEU ရဲ့ နှစ်စဉ်ကျင်းပနေကျဖြစ်တဲ့ ဥရောပ-အာရှ စီးပွားရေးဖိုရမ် (EEF)၊ အခုဆိုရင် ၄ ကြိမ်မြောက်ဖြစ်ပါတယ်။ စတုတ္ထအကြိမ်မြောက်မှာလည်း တက်ရောက်ပြီး မိန့်ခွန်းပြောကြားခဲ့ပါတယ်။ မိန့်ခွန်းပြောကြားခဲ့တဲ့နေရာမှာလည်း ကျွန်တော်ပြောကြားခဲ့တဲ့ အချက်အလက်တွေအပြင် ကျယ်ကျယ်ပြန့်ပြန့်ပြောကြားခဲ့တာကို အားလုံးတွေ့နိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ EAEU ရဲ့ အဖွဲ့ဝင်နိုင်ငံဖြစ်ဖို့အတွက် EAEU ရဲ့လေ့လာခွင့်ရရှိတဲ့နိုင်ငံ၊ လေ့လာသူနိုင်ငံဖြစ်ဖို့အတွက် ကျွန်တော်တို့ ကြိုးစားဆောင်ရွက်နေပါတယ်။ ကြိုးစားဆောင်ရွက်မှုလည်း အောင်မြင်နိုင်လိမ့်မယ်လို့ မြင်ပါတယ်။ EAEU အဖွဲ့ဝင်နိုင်ငံတွေဖြစ်တဲ့ ရုရှားတို့ အခြားအဖွဲ့ဝင် နိုင်ငံတွေအနေနဲ့လည်း မြန်မာနိုင်ငံကိုကြိုဆိုလက်ခံတယ်လို့ ကျွန်တော်တို့မြင်ပါတယ်။

မေး ။ ။ ခရီးစဉ်အတွင်းမှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Ulan-Ude မြို့ကိုလည်း သွားရောက်ခဲ့တာတွေ့ရပါတယ်။ ဒီခရီးစဉ်ကနေပြီးတော့ ဘယ်လိုအကျိုးအမြတ်တွေကိုရရှိခဲ့ပါသလဲခင်ဗျ။

ဖြေ ။ ။ Buryatia ပြည်နယ်အုပ်ချုပ်ရေးမှူးက ကျွန်တော်တို့ မြန်မာနိုင်ငံကိုလည်း လာခဲ့ဖူးပါတယ်။ သတင်းထောက်ကြီးတို့လည်း တွေ့မှာ ပဲဖြစ်ပါတယ်။ မာရဝိဇယဘုရားကြီး တန်ဆောင်တိုင်ပွဲတော်မှာ Buryatia မြို့အထိမ်းအမှတ်အနေနဲ့ မီးပုံးပျံလွှတ်တင်ခဲ့တာရှိပါတယ်။ ထူးခြားတာက Buryatia ပြည်နယ်က ဗုဒ္ဓဘာသာကိုးကွယ်တဲ့ ပြည်နယ်ဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ ဗုဒ္ဓဘာသာနဲ့ပတ်သက်ပြီး၊ ဘာသာရေးနဲ့ပတ်သက်ပြီး ဆက်ဆံမှု၊ ဆက်သွယ်မှုတွေ အများကြီးရှိခဲ့ပါတယ်။ ဒါ့အပြင် အဲဒီမှာရှိနေတဲ့ ဗုဒ္ဓဘာသာညီလာခံဖိုရမ်တစ်ခုလုပ်ဖို့လည်း ဆောင်ရွက်နေတာတွေရှိတယ်။ မြန်မာနိုင်ငံက ဆရာတော်ဘုရားကြီးတွေလည်း သူတို့ဆီကို ကြွနေတာရှိတယ်။ နောက်တစ်ခုက ရဟတ်ယာဉ်နဲ့ပတ်သက်ပြီး သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်တွေ၊ သူတို့နဲ့ပူးပေါင်းဆောင်ဖို့ ဆောင်ရွက်နေတာရှိတယ်။ ဒါ့အပြင် Ulan-Ude မှာ ရထားပို့ဆောင်ရေးနဲ့ပတ်သက်ပြီး စက်ရုံတွေရှိတယ်။ အဲဒီစက်ရုံတွေကိုလည်း ပူးပေါင်းဆောင်ရွက်ဖို့၊ ခရီးသွားမြှင့်တင်ဖို့ ကျွန်တော်တို့ သွားရောက်လေ့လာခဲ့တယ်။ ဒီနေ့မှာဆို Buryatia မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နဲ့ Buryatia ပြည်နယ်အုပ်ချုပ်ရေးမှူးတို့က ရထားစက်ရုံကို လေ့လာပြီးတဲ့နောက်ပိုင်းမှာ သူတို့မီဒီယာတွေကလည်း တော်တော်စိတ်ဝင်စားကြတယ်။ သူတို့ဆီက ပင်မမီဒီယာ ရှစ်ခုကလာပြီး နိုင်ငံတော်ဝန်ကြီးချုပ်ကိုလည်းမေးတယ်။ Buryatia ပြည်နယ်အုပ်ချုပ်ရေးမှူးကိုလည်းမေးတယ်။ သူတို့အနေနဲ့လည်း မြန်မာနိုင်ငံကို စိတ်ဝင်စားတဲ့ပြည်နယ်တစ်ခုဖြစ်ပါတယ်။ အဲဒီကနေ ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။

မေး ။ ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဘယ်လာရုစ်နိုင်ငံနဲ့ ရုရှားနိုင်ငံသို့ သွားရောက်ခဲ့တဲ့ခရီးစဉ်နဲ့ပတ်သက်ပြီး ဗိုလ်ချုပ်အနေနဲ့ ဘာများ ဖြည့်စွက်ပြောကြားချင်ပါသလဲခင်ဗျ။

ဖြေ ။ ။ ကျွန်တော်တို့မြန်မာနိုင်ငံက ကျင့်သုံးနေတဲ့ နိုင်ငံခြားမူဝါဒက လွတ်လပ်တက်ကြွပြီး ဘက်မလိုက်တဲ့ နိုင်ငံခြားရေးမူဝါဒဖြစ်တယ်။ ကျွန်တော်အနေနဲ့ နိုင်ငံတကာဆက်ဆံရေးမှာဆိုရင် နိုင်ငံအားလုံးကို မိတ်ဆွေအဖြစ် မိတ်ဝတ်မပျက်ဆက်ဆံမှာဖြစ်တယ်။ သို့သော် ကျွန်တော်တို့အနေနဲ့က နိုင်ငံအားလုံးနဲ့ ဆက်ဆံတဲ့နေရာမှာ ကိုယ့်ကိုပိုပြီး အကျိုးပြုမယ့်နိုင်ငံ၊ ကိုယ့်နိုင်ငံအတွက်၊ ကိုယ့်ပြည်သူလူထုရဲ့ လုမှုအကျိုးစီးပွားအတွက် လက်တွေ့အကျိုးစီးပွားဖြစ်နိုင်တဲ့ နိုင်ငံတွေနဲ့ ဦးစားပေးပြီး ဆက်ဆံသွားရမှာဖြစ်ပါတယ်။ ဒီခရီးစဉ်မှာလည်း မြန်မာပြည်သူလူထု၊ မြန်မာနိုင်ငံလုမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်တဲ့ လမ်းစကောင်းတွေကို ရရှိခဲ့တယ်လို့ ကျွန်တော်မြင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (၅၀၁)

အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့်ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါစသည့် အသကရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ်သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာသတ်မှတ်ထားပါသည်။ လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အဆိုပါရောဂါများ ဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

❖ လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့်လက္ခဏာများရှိသူများအနေဖြင့် မိမိမှအခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက်-

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို စနစ်တကျဝတ်ဆင်ခြင်း၊

(ခ) ပါးစပ်နှင့် နှာခေါင်းစည်းဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုပါက လက်ကိုင်ပဝါ၊ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊

(ဂ) ရောဂါလက္ခဏာပြင်းထန်ပါက နီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။

❖ တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည် (Hand Sanitizer)ဖြင့် မကြာခဏစနစ်တကျဆေးကြောခြင်း၊

❖ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့်အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာကာကွယ်ပေးသည့်အတွက် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့်အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူခြင်း။

ကျန်းမာရေးဝန်ကြီးဌာန

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

မြန်မာနိုင်ငံအတွက် အကျိုးစီးပွားများစွာဖော်ဆောင်နိုင်ခဲ့တဲ့ စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ်(EEF 2025)သို့ ခရီးစဉ်

ထက်မြတ်

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုကို အကျိုးဟုသတ်မှတ်မည်ဆိုပါက ထိုနိုင်ငံအတွက် စွမ်းစွမ်းတမံဦးစီးဆောင်ရွက်ပေးသော ခေါင်းဆောင်ကောင်းရှိမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းကောင်းများကို ရှာဖွေဖန်တီးဆုပ်ကိုင်လျှောက်လှမ်းမှုတို့က အကြောင်းတရားများဖြစ်သည်ဟုဆိုရမည်ဖြစ်သည်။ ခေါင်းဆောင်ကောင်းဟုဆိုရာတွင် ကိုယ်ကျိုးကိစ္စများကို ငဲ့ကွက်ခြင်းမရှိဘဲ ကိုယ်ဦးဆောင်ရသည့်အဖွဲ့အစည်း၊ အသိုင်းအဝိုင်းတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ကြဉ်းပေးနိုင်သူကိုသာ ခေါ်ဆိုရမည်ဖြစ်သည်။ ထို့အတူ ခေါင်းဆောင်ကောင်းရှိရုံမျှဖြင့်မပြည့်စုံသေးပေ။ မိတ်ဆွေကောင်းများနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းကောင်းများလည်းရှိကာ ထိုအခွင့်အလမ်းကောင်းများကို ပိုင်ပိုင်နိုင်နိုင်ဆုပ်ကိုင်နိုင်ရဦးမည်ဖြစ်သည်။

ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်လာစေရန်ဆိုသည်မှာ ကိုယ်တိုင်အသိစိတ်၊ စွန့်လွှတ်အနစ်နာခံစိတ်တို့နှင့်အတူ ထားရှိရမည့်စိတ်နေစိတ်ထားများကို မွေးမြူရန်လိုအပ်လှပေသည်။ ထို့အတူပင် အခွင့်အလမ်းကောင်းများဆိုသည်မှာလည်း သူ့အလိုလိုဖြစ်ပေါ်လာခြင်းမျိုးမဟုတ်ဘဲ မိမိတို့ကိုယ်တိုင်က ဖန်တီးယူရခြင်းဖြစ်သည်။ ပေါ်ထွန်းလာသောအခွင့်အလမ်းကောင်းများကိုလည်း ပိုင်ပိုင်နိုင်နိုင်ဆုပ်ကိုင်နိုင်စွမ်းရှိရမည်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းကြောင်းပေါ်ကို လျှောက်လှမ်းရာတွင် မိတ်ကောင်းဆွေကောင်းဆိုသည်မှာလည်း မရှိမဖြစ်အရေးပါလှသည်။ ထိုကဲ့သို့သောမိတ်ကောင်းဆွေကောင်းဆိုသည်ကိုမူ မှန်ကန်စွာရွေးချယ်တတ်ဖို့အရေးကြီးသည်။ ထိုသို့ရွေးချယ်ခြင်းက ခေါင်းဆောင်ကောင်းအပေါ်မူတည်နေပြန်သည်။ ထို့ကြောင့် အရာအားလုံးသည် ကွင်းဆက်တစ်ခုကဲ့သို့ အပြန်အလှန်မှီခိုဆက်စပ်နေသည်ဟုဆိုရမည်ဖြစ်သည်။

မိမိတို့မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် ရေခံမြေခံကောင်းသလို အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုများလုပ်ဆောင်နိုင်သည့် အချက်အချာကျသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ သို့ရာတွင်ပြည်တွင်း၌ စည်းလုံးညီညွတ်မှုအားနည်းခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုက နောက်ကျကျန်နေခဲ့သည်ကိုတွေ့ရသည်။ သို့သော် ယခုအချိန်မှစ၍ သိပ်မဝေးတော့သောကာလတွင် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို မိမိတို့အနေဖြင့် မျက်ဝါးထင်ထင်မြင်တွေ့ရလိမ့်မည်ဟု ကျွန်တော်ကတော့ ယုံကြည်မိသည်။ အဘယ်ကြောင့်ဆိုသော် ခေါင်းဆောင်ကောင်းတစ်ဦး၏ခံယူချက်နှင့် မှန်ကန်သောလုပ်ရပ်များကြောင့်သာဖြစ်သည်။ ကျွန်တော်တို့စိုက်သော အပင်သည် နောင်လာနောက်သားများအတွက်ဖြစ်သည်ဟုဆိုသော စကားနှင့်အညီ ထိုခေါင်းဆောင်ကောင်း၏ ပစ္စုပ္ပန်လုပ်ရပ်များသည် အနာဂတ်တွင် မိမိတို့၏မျိုးဆက်များအတွက် အကျိုးများစေသည်မှာအမှန်ပင်ဖြစ်သည်။

ကျွန်တော်တို့၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းမှာပင် ဘယ်လာရစ်နိုင်ငံသို့သွား၍ စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ်(EEF 2025) မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ထိုသို့သွားရောက်ခြင်းသည် ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် မိတ်ကောင်းဆွေကောင်းများနှင့်တွေ့ဆုံခြင်းပင်ဖြစ်သည်ဟုဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် မှန်ကန်သောရည်မှန်းချက်၊ ရည်ရွယ်ချက်၊ လုပ်ဆောင်ချက်များဖြင့် စတင်ဖွဲ့စည်းခဲ့သည့် ဥရောပ-အာရှစီးပွားရေးသမဂ္ဂ(EAEU) အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များနှင့် ကိုယ်တိုင်ကိုယ်ကျထိတွေ့ဆက်ဆံနိုင်ခဲ့သည့်အတွက်ဖြစ်သည်။ ထို့ကြောင့် EAEU အကြောင်းကို အကျဉ်းချုပ်အားဖြင့် ဖော်ပြလိုသည်။

ဥရောပ-အာရှစီးပွားရေးသမဂ္ဂ (EAEU) ဆိုသည်မှာ ၂၀၁၄ ခုနှစ် မေလ ၂၉ ရက်တွင် ဘယ်လာရစ်၊ ကာဇက်စတန်နှင့် ရုရှားနိုင်ငံတို့မှခေါင်းဆောင်များက သဘောတူညီချက်လက်မှတ်ရေးထိုးပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်တွင် စတင်အသက်ဝင်လာသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ၂၀၁၄ ခုနှစ် အောက်တိုဘာလနှင့် ဒီဇင်ဘာလတို့တွင် အာမေးနီးယားနှင့် ကာဂျစ်စတန်နိုင်ငံတို့ကို ထိုသမဂ္ဂတွင် အဖွဲ့ဝင်အဖြစ်ပါဝင်နိုင်ခွင့်ပြုရေးအတွက် သဘောတူညီချက်များကို လက်မှတ်ထိုးခဲ့သည်။ ထို့နောက်တွင် EAEU သည် အဖွဲ့ဝင်ငါးနိုင်ငံဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်လာသည်။

EAEU သည် ကုန်စည်နှင့်ဝန်ဆောင်မှုများ လွတ်လပ်စွာစီးဆင်းရေးကိုအားပေးကာ မေခရိုစီးပွားရေးရပ်ဝန်း၊ ပို့ဆောင်ရေး၊ စက်မှုနှင့်စိုက်ပျိုးရေး၊ စွမ်းအင်၊ ပြည်ပကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ အကောက်ခွန်၊ လုပ်ထုံးလုပ်နည်းဆိုင်ရာစည်းမျဉ်းစည်းကမ်းများချမှတ်ခြင်း အစရှိသည်တို့ကို ဖော်ဆောင်ပေးသော အဖွဲ့အစည်းဖြစ်သည်။ ၎င်းတို့၏အနာဂတ်မျှော်မှန်းချက်ထုတ်နုတ်ကြည့်ရလျှင် မြန်မာနိုင်ငံနှင့် EAEU တို့ကြားထိတွေ့ဆက်ဆံမှုက ၂၀၂၂ ခုနှစ်မှစတင်ခြင်းဖြစ်သော်လည်း ၂၀၂၃ ခုနှစ်တွင် ထိုဆက်ဆံမှုက အရှိန်အဟုန်မြင့်တက်လာသည်ကိုတွေ့ရသည်။ ယင်းသို့ အပြန်အလှန်ဆက်ဆံရေးက ပိုမိုခိုင်မာလာပြီဖြစ်သည်။ ဒီလိုခိုင်မာမှုနှင့်အတူ မြန်မာနိုင်ငံနှင့် ဥရောပ-အာရှစီးပွားရေးသမဂ္ဂတို့ကြား စီးပွားရေး၊ ကုန်သွယ်ရေးစသည့်ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကိုဖော်ထုတ်ပြီး တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်သည်။

ထိုကဲ့သို့ အပြန်အလှန်ဆက်ဆံရေးတိုးတက်မြင့်မားလာမှုအတွက် အရေးပါပြီး အရာရောက်သည့်တစ်ခုမှာ စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ်ဖြစ်သည်။ ထိုဖိုရမ်ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပခြင်းဖြစ်သည်။ ထိုဖိုရမ်ကြောင့် မြန်မာနိုင်ငံနှင့်ရုရှားနိုင်ငံတို့ကြား အပြန်အလှန်စီးပွားရေးဆက်ဆံမှုများ၊ ရင်းနှီးမြှုပ်နှံမှုများပိုမိုတိုးတက်လာသည်။ မကြာသေးမီကကျင်းပပြီးစီးခဲ့သည့် (၂၈) ကြိမ်မြောက်စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ်၏ ဆွေးနွေးမှုအစီအစဉ်တစ်ခု၌

> ❖ အခွင့်အလမ်းကောင်းများဆိုသည်မှာလည်း သူ့အလိုလိုဖြစ်ပေါ်လာခြင်းမျိုးမဟုတ်ဘဲ မိမိတို့ကိုယ်တိုင်က ဖန်တီးယူရခြင်းဖြစ် . . .
>
> ❖ မိမိတို့မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် ရေခံမြေခံကောင်းသလို အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုများလုပ်ဆောင်နိုင်သည့် အချက်အချာကျသောနိုင်ငံတစ်နိုင်ငံဖြစ် . . .

တစ်ခုမှာ အဖွဲ့ဝင်နိုင်ငံများကြား ကုန်သွယ်ရေးတွင် ဘုံငွေကြေးတစ်ရပ်ကိုဖော်ဆောင်အသုံးပြုရေးနှင့် အဖွဲ့ဝင်နိုင်ငံအရေအတွက်တိုးတက်များပြားလာရေးဖြစ်သည်။ ၂၀၂၃ ခုနှစ်အတွက် ကောက်ယူရရှိသော စာရင်းများအရ ထိုအဖွဲ့တွင် လူဦးရေပေါင်း ၁၈၃ သန်းပါဝင်ပြီး ဂျီဒီပီမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ ထရီလီယံအထိရှိသည်။

EAEU နှင့်အတူ အရေးပါသည့်အရာတစ်ခုမှာ ဥရောပ-အာရှစီးပွားရေးဖိုရမ်ဖြစ်သည်။ ထိုဖိုရမ်တွင် အဖွဲ့ဝင်နိုင်ငံများ အချင်းချင်းသာမက အဖွဲ့ဝင်ပြင်ပနိုင်ငံများနှင့်ပါ စီးပွားရေးဆိုင်ရာ ဆောင်ရွက်နိုင်မည့် အခြေအနေများကို အပြန်အလှန်ဆွေးနွေးခြင်းအပါအဝင် EAEU ဖွဲ့စည်းတည်ထောင်မှု (၁၀)နှစ်ပြည့်အထိမ်းအမှတ်အခမ်းအနားများကိုလည်း ထည့်သွင်းကျင်းပခဲ့သည်ကိုတွေ့ရသည်။ အဆိုပါဖိုရမ်၏ မျက်နှာစုံညီအစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များနှင့်အတူ ကျွန်တော်တို့၏ နိုင်ငံတော်အကြီးအကဲသည်လည်း ပါဝင်တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲပြောကြားသော မိန့်ခွန်းအနက် အချက်အလက်အချို့ကို ထိတွေ့ဆက်ဆံမှုမှတစ်ဆင့် ကျယ်ပြန့်စွာဆွေးနွေးနိုင်ခဲ့သည့် ကဏ္ဍများတွင် ဖွံ့ဖြိုးဆဲမြန်မာနိုင်ငံအတွက် မရှိမဖြစ်လိုအပ်သော လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ၊ မြန်မာနိုင်ငံ၏အဓိကထုတ်ကုန်ဖြစ်သော စိုက်ပျိုးရေးကဏ္ဍ၊ အနာဂတ်အတွက်အုတ်မြစ်ဖြစ်သော ပညာရေးကဏ္ဍ၊ ကုန်စည်စီးဆင်းမှုအတွက်အရေးပါသောသယ်ယူပို့ဆောင်ရေးကဏ္ဍ စသည့်ကဏ္ဍပေါင်းစုံပါဝင်သည်။

ဤနေရာတွင် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ်၏ အရေးပါမှုကိုလည်းထည့်တွက်ရမည်ဖြစ်သည်။ ၂၀၂၃ ခုနှစ်မှာပင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပသည့် (၂၆) ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ်တွင် မြန်မာနိုင်ငံနှင့်ဥရောပ-အာရှစီးပွားရေးကော်မရှင်တို့ကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးလိုက်နိုင်သည်။ ၂၀၂၄ ခုနှစ်တွင်မြန်မာနိုင်ငံနှင့် ဥရောပ-အာရှစီးပွားရေးသမဂ္ဂတို့ကြား အပြန်အလှန်ဆက်ဆံရေးမြှင့်တင်ရန် အုတ်မြစ်ချနိုင်ခဲ့ပြီဖြစ်သည်။ ၂၀၂၅ ခုနှစ်မှာတော့ ဥရောပ-အာရှစီးပွားရေးဖိုရမ်သို့ နိုင်ငံတော်အကြီးအကဲကိုယ်တိုင်တက်ရောက်ပြီး မိန့်ခွန်းပြောကြားခြင်းဖြင့် ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးမစ္စတာမက်ဆင်ရီရှတ်နီကော့က မြန်မာနိုင်ငံနှင့်ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်တစ်ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်းတရားဝင်ထုတ်ဖော်ပြောကြားခဲ့သည်။

ထိုစာချုပ်မှာ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုလုပ်မည့် အဓိကနယ်ပယ်မှာ ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍဖြစ်သည်ဟု နိုင်ငံတကာသတင်းများတွင်ဖော်ပြထားသည်ကိုတွေ့ရသည်။ အဆိုပါရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် သယ်ယူပို့ဆောင်ရေးအခြေခံအဆောက်အဦ၊ သတ္တု၊ စိုက်ပျိုးရေးနှင့် ဆက်သွယ်ရေးကဏ္ဍများအပါအဝင် အခြားနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုကို လွယ်ကူချောမွေ့စေမည်ဖြစ်သည်။

(၂၈) ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ်၏ ဆက်စပ်အစည်းအဝေးအဖြစ်ကျင်းပသော ဥရောပ-အာရှစီးပွားရေးကော်မရှင်နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ်အစည်းအဝေးကိုလည်း အပြန်အလှန်ကုန်သွယ်ရေးနှင့်

စာမျက်နှာ ၂၂ သို့

မန္တလေး မြို့နယ်ခုနစ်မြို့နယ်ရှိ လျှော်ဘေးသင့် သံဃာတော်နှင့် သီလရှင် စုစုပေါင်း အပါး ၁၁၁၀၀ အတွက် ဆန်၊ ဆီ၊ ကုလားပဲ လှူဒါန်းပွဲအခမ်းအနား ကျင်းပ

မန္တလေး ဇွန် ၂၉

မန္တလေး မြို့နယ်ခုနစ်မြို့နယ်ရှိ လျှော်ဘေးသင့် သံဃာတော်များနှင့် သီလရှင် စုစုပေါင်း အပါး ၁၁၁၀၀ အတွက် မန္တလေး ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း မြန်မာပြည်ဖွား တရုတ်မျိုးနွယ်စုနှင့် စေတနာအလှူရှင်များစုပေါင်း၍ ဆန်၊ ဆီ၊ ကုလားပဲများ လှူဒါန်းခြင်းအခမ်းအနား ကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံ မြို့နယ် မာန်အောင်ရတနာစေတီတော် ဝါခင်းကုန်းဘုရားရှိ သိန်းသန်းရတနာ သာသနာ့ဗိမာန်တော်ကြီးတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သံဃနာယက အဖွဲ့အကျိုးတော်ဆောင် ဒက္ခိဏာရာမ ဘုရားကြီးတိုက် ဇောတိကာရုံအုဍ္ဍကျောင်း ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝါသဝသီရိအမှူးပြုသည့် ပင့်သံဃာ တော် ၅၅ ပါးနှင့် သီလရှင် ၁၀ ပါးတို့ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားသို့မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေး မြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် H.E. Ms. Gao Ping၊ မန္တလေး ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဥက္ကဋ္ဌ ဦးတင်ထွန်း နှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍အခမ်းအနားကို ဖွင့်လှစ်ပြီး မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရား တော်များ နာယူကြည်ညိုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဒက္ခိဏာရာမဘုရားကြီးတိုက်ဇောတိကာ ရုံအုဍ္ဍကျောင်းဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝါသဝသီရိထံ တိုင်းဒေသကြီးဝန်ကြီးချုပ်က လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများ၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်၊ မန္တလေး ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က မြို့နယ် ခုနစ်မြို့နယ်ရှိ လျှော်ဘေးသင့် သံဃာတော်နှင့် သီလရှင် များအတွက် ဆန်၊ဆီ၊ကုလားပဲနှင့် လှူဖွယ် ပစ္စည်းများကိုလည်းကောင်း၊ ပင့်သံဃာ တော် ၅၅ ပါးအား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ၊ သီလရှင် ၁၀ ပါးအား လှူဒါန်းငွေများကိုလည်းကောင်း ဆက်ကပ် လှူဒါန်းကြပြီး မာန်အောင်ရတနာစေတီ တော် ဝါခင်းကုန်းဘုရား ဘက်စုံပြုပြင် မွမ်းမံနိုင်ရန်အတွက် မန္တလေး ယူနန်ဗုဒ္ဓ ဘာသာဘုရားကျောင်း စေတနာအလှူရှင် များစုပေါင်း၍ အလှူငွေကျပ် ၂၅ သိန်း၊ ဦးဝင်းမောင်+ဒေါ်ဝါဝါမိသားစုက အလှူ ငွေကျပ်၂၅ သိန်းနှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌက အလှူငွေကျပ် ၁၀ သိန်းတို့ကို တာဝန်ရှိသူ များထံ ပေးအပ်လှူဒါန်းပြီး ချမ်းအေးသာစံ မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မိုးကောင်းကျောင်းတိုက် ဆရာတော်ထံမှ လှူဒါန်းမှုအစုစုအတွက် ရေစက်ချ အမျှပေးဝေပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်း အနားကို ရုပ်သိမ်းခဲ့ကာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ယနေ့ လှူဒါန်းမှုမှာ မန္တလေး မြို့နယ်ခုနစ်မြို့နယ်ရှိ လျှော်ဘေးသင့် သံဃာတော်များ အပါး ၁၀၆၀၀ နှင့် သီလရှင် အပါး ၅၀၀ စုစုပေါင်း အပါး ၁၁၁၀၀ အတွက် မန္တလေး ယူနန်ဗုဒ္ဓ ဘာသာဘုရားကျောင်း မြန်မာပြည်ဖွား တရုတ်မျိုးနွယ်စုနှင့် စေတနာအလှူရှင် များစုပေါင်း၍ တစ်ပါးလျှင် ဆန်ခြောက် ပြည်၊ ကုလားပဲ တစ်ပိဿာနှင့် ဆီ ၅၀ ကျပ်သားတစ်ဗူးနှုန်း စုစုပေါင်း ကျပ်သိန်း ၆၀၀၀ ကျော် လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မျိုးကျော်

စာမျက်နှာ ၂၁ မှအဆက်

စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများ တိုးမြှင့်ရေးနှင့် လုပ်ငန်းအဖွဲ့များအကြား ဆွေးနွေးရန်လိုအပ်သော စီးပွားရေးဆိုင်ရာ အခက်အခဲများကို သတ်မှတ်ခြင်းတို့ကို အဓိကရည်ရွယ်ပြီး ကျင်းပခဲ့သည်။ ထိုအစည်းအဝေးတွင် ဥရောပ - အာရှ စီးပွားရေးသမဂ္ဂအဖွဲ့ဝင် နိုင်ငံများအတွင်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် စည်းမျဉ်း စည်းကမ်းများအပေါ် အပြန်အလှန်ဆွေးနွေး ခြင်းသည် မြန်မာနိုင်ငံနှင့် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂအဖွဲ့ဝင် နိုင်ငံငါးနိုင်ငံတို့ အကြား ကုန်သွယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်လာစေရန် ရည်ရွယ်ဆွေးနွေး ခြင်းဖြစ်သည့်အပြင် ၂၀၁၉ ခုနှစ်မှစ၍ ကုန်သွယ်မှုပမာဏမှာ သုံးဆတိုးလာ ကြောင်း ဥရောပ-အာရှ စီးပွားရေး ကော်မရှင်၊ မေခရီ(အကြီးစား) စီးပွားရေး နှင့် ပေါင်းစည်းရေးဝန်ကြီး Mr.Eldar Alisherov က ပြောကြားခဲ့သည်။ မိမိနိုင်ငံ အကျိုးစီးပွားအတွက် လက်ရှိအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှု အသီးအပွင့်များ ပင်ဖြစ်သည်။ ထိုမှတစ်ဆင့် ဥရောပ-အာရှစီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ နှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်နိုင် ရေးအတွက် ယုံကြည်မှုများ ပိုမိုတိုးမြှင့် ရရှိလာမည်ဖြစ်သည်။

ယခုဘယ်လာရုစ်နိုင်ငံတွင်ကျင်းပသည့် စတုတ္ထအကြိမ်မြောက် ဥရောပ-အာရှ စီးပွားရေးဖိုရမ်သို့ မြန်မာနိုင်ငံမှနိုင်ငံတော် အကြီးအကဲကိုယ်တိုင်တက်ရောက်ခြင်း က အိမ်ရှင်ဘယ်လာရုစ်နိုင်ငံသမ္မတ၏ ဖိတ်ကြားချက်အရဖြစ်သည်။ နိုင်ငံတော် အကြီးအကဲက ထိုသို့တက်ရောက်ခွင့်ရချိန် တွင်ရရှိသောအခွင့်အရေးကိုအကောင်းဆုံး အသုံးချသည့်အနေဖြင့် မြန်မာနိုင်ငံက ဥရောပ-အာရှစီးပွားရေးသမဂ္ဂ၏ မိသားစု အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ရန် များစွာ စိတ်အားထက်သန်လျက်ရှိကြောင်းနှင့် မြန်မာနိုင်ငံကို ဥရောပ-အာရှစီးပွားရေး သမဂ္ဂ၏လေ့လာသူနိုင်ငံအဖြစ် ဆောလျင် စွာပါဝင်နိုင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံ့ ခေါင်းဆောင်များက ထောက်ခံဆောင်ရွက် ပေးရန် အလေးအနက်ထားမေတ္တာရပ်ခံ လိုကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ တည်နေရာနှင့် ရုရှား၊ ဘယ်လာရုစ်အစရှိသော ဥရောပ-အာရှ စီးပွားရေးသမဂ္ဂအဖွဲ့ဝင် နိုင်ငံများ၏ တည်နေရာကို မြေပုံပေါ်တွင်ကြည့်လျှင် တော်တော်လေးဝေးကွာသည်ကိုတွေ့ရ မည်ဖြစ်သည်။ ထိုသို့ဆိုလျှင် မြန်မာနိုင်ငံ က ထိုသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်လာစေရေး ကြိုးပမ်းမှုသည် အရာထင်ပါ့မလားဟူသော စိုးရိမ်မှုတို့ရှိနေနိုင်သည်၊ သို့သော် ထိုအချက် ကိုစိတ်ပူစရာမလိုပေ။ အကြောင်းရင်းမှာမူ မြန်မာနိုင်ငံသည် အာဆီယံဒေသအတွက် အချက်အချာကျသောနေရာတွင်ရှိနေခြင်း ကြောင့်ဖြစ်သည်။

ဥရောပ-အာရှစီးပွားရေးသမဂ္ဂဆိုသည် မှာ နိုင်ငံရေး၊ စစ်ရေးထက် စီးပွားရေးကို အဓိက ဦးစားပေးဆောင်ရွက်သော အဖွဲ့ အစည်းတစ်ခုဖြစ်သည်။ ထို့အတွက် ၎င်းတို့ အနေဖြင့် စီးပွားရေးကွန်ရက်ကို မဖြစ်မနေ ချဲ့ထွင်ရမည်ဖြစ်သည်။ ယင်းသို့ချဲ့ထွင် ရာတွင် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့်စီးပွားရေး လုပ်ခြင်းထက် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့်ပူး ပေါင်း၍ စီးပွားရေးလုပ်ခြင်းက ကမ္ဘာကြီး ဖွံ့ဖြိုးတိုးတက်မှုအတွက်များစွာအထောက် အကူပြုနိုင်သည်၊ ထို့ကြောင့်အလားအလာ ကောင်းများရှိသော နယ်မြေများကိုရှာဖွေ ရာတွင် အာဆီယံဒေသကရှေ့ဆုံးတွင် ရှိနေသည်။ အာဆီယံဒေသအတွက် မည်သည့်နိုင်ငံကအချက်အချာဖြစ်မည်ကို ဆက်လက်ရှာဖွေရာတွင် မြန်မာနိုင်ငံက ထိပ်ဆုံးကပါဝင်နေသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သွားပါက မြန်မာနိုင်ငံအတွက်သာမက အာဆီယံဒေသ အတွက်ပါ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု များကို ဆောင်ကြဉ်းပေးနိုင်စေမည်ဖြစ် သည်။

ထိုအရေးကိုကြိုတင်ရှုမြင်ထားသည့် ဥရောပ-အာရှစီးပွားရေးသမဂ္ဂအဖွဲ့ဝင် နိုင်ငံများမှ ခေါင်းဆောင်များက မြန်မာ နိုင်ငံကိုညှို့သည်တော်အဖြစ်ဖိတ်ကြား သည်။ ကျွန်တော်တို့၏နိုင်ငံတော်အကြီး အကဲကလည်း ဥရောပ-အာရှစီးပွားရေး သမဂ္ဂနှင့်ဆက်စပ်၍ မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်မည့် အလားအလာ ကောင်းများကိုမြော်တွေးကာ ဖိတ်ကြား မှုကိုလက်ခံသည့်အပြင် မိန့်ခွန်းပါ ပြောကြားပြီး မြန်မာနိုင်ငံကို ၎င်းတို့၏ မိသားစုအဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ရန် များစွာ စိတ်အားထက်သန်နေကြောင်း ပြောကာ မြန်မာနိုင်ငံကို လေ့လာသူ အဖြစ် ဆောလျင်စွာပါဝင်ခွင့်ပြုရေး မေတ္တာရပ်ခံခဲ့သည်။

အစောပိုင်းတွင်ပြောခဲ့သည့်စကားကို ပြန်ကောက်ရလျှင် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် ခေါင်းဆောင် ကောင်းရှိပြီး ဖွံ့ဖြိုးတိုးတက်စေမည့် အခွင့် အလမ်းကောင်းများကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်နိုင်စွမ်းရှိရမည့်အပြင် မိတ်ကောင်း ဆွေကောင်းကိုလည်း မှန်ကန်စွာရွေးချယ် တတ်ရမည်ဖြစ်သည်။ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် ကြည့်လျှင် ခေါင်းဆောင်ကောင်းတစ်ဦး ပီသသော နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ရုရှား ဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံ တို့ကဲ့သို့သော မိတ်ကောင်းဆွေကောင်း များကို မှန်ကန်စွာ ရွေးချယ်ကာ ဥရောပ-အာရှ စီးပွားရေးဖိုရမ်ဟူသည့် အခွင့်အလမ်းကောင်းကိုဆုပ်ကိုင်၍ အခွင့် အရေးအဖြစ် ပြောင်းလဲအသုံးချကာ မြန်မာနိုင်ငံ၏ အကျိုးစီးပွားအတွက် အောင်မြင်မှုရှိစွာ ဖန်တီးနိုင်ခဲ့သည်ကို တွေ့ရသည်။

အကယ်၍များ မြန်မာနိုင်ငံက ဥရောပ-အာရှစီးပွားရေးသမဂ္ဂတွင် အဖွဲ့ဝင်နိုင်ငံ အဖြစ် ပါဝင်ခွင့်ရသွားပြီဆိုလျှင် မြန်မာ နိုင်ငံနှင့် ထိုအဖွဲ့ဝင်နိုင်ငံများကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာလာ မည်။ ကုန်သွယ်မှုများမြင့်တက်လာမည်။ နိုင်ငံအတွင်း အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်လာမည်။ ထိုနည်းတူစွာပင် မြန်မာနိုင်ငံသားတို့၏ ဘဝသည်လည်း ရေမြင့်၍ ကြာတင့်သကဲ့သို့ ဖြစ်လာစေ မည်ဖြစ်သည်။ ထိုသို့သောအကျိုးကို ရရှိအောင် ကောင်းမွန်သော အကြောင်း တရားကို ကျွန်တော်တို့၏နိုင်ငံတော် အကြီးအကဲက ဖန်တီးဆောင်ရွက်ထားပြီ ဖြစ်ပေတော့သည်။ ။

မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ မဟာစေတီလှစေတီတော်အား ပြန်လည်တည်ထားကိုးကွယ်မည့်မြေနေရာကို စက်ယန္တရားကြီးများဖြင့် ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇွန် ၂၉

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့်နေရာများဖြစ်သည့် မျိုးရင်းရင်းသီလရှင်စာသင်တိုက်နှင့် သာသနိုက အဆောက်အအုံ အပျက်အစီးများနှင့် နေအိမ်အဆောက်အအုံ အပျက်အစီးများကို စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှု၊ မဟာစေတီလှစေတီတော်အား အသစ်တစ်ဖန် ပြန်လည် တည်ထားကိုးကွယ်မည့် မြေနေရာကို စက်ယန္တရားကြီးများဖြင့် အင်တိုက်အားတိုက် ပြင်ဆင်ဆောင်ရွက်နေမှုနှင့် လေးကျွန်းမြေအုဋ္ဌေကျောင်းပရိယတ္တိစာသင်တိုက်ရှိ သာသနိုက အဆောက်အအုံ အပျက်အစီးများကို ဖယ်ရှားရှင်းလင်းပြီး ယာယီစာသင်ဆောင်များနှင့် ယာယီကျောင်းဆောင်များ ဆောက်လုပ်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေး အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာအုပ်စု သပြေတန်းကျေးရွာရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စစ်ကိုင်းတံတား(အင်း၀)၌ တံတားအပျက်အစီးများ ရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC)မှ တာဝန်ယူဆောင်ရွက်နေသော ခုံးအမှတ် (၄)နှင့် (၅)တို့ကို ကျွမ်းကျင်လုပ်သားများ၊ စက်ယန္တရားများနှင့် နည်းပညာအထောက်အကူပြု၍ စနစ်တကျ စီမံခန့်ခွဲဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာအုပ်စုရှိ သမိုင်း၀င် မဟာအောင်မြေရွှေကြက်ယက် ဆုတောင်းပြည့်မြတ်စွာဘုရားရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော စေတီတော်ကြီးအား ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် အမရပူရမြို့နယ်ရှိ ရွှေကြက်ယက် ဆုတောင်းပြည့်မြတ်စွာဘုရားတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော စေတီတော်ကြီးအား ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်ပြီးစီး နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

ပြည်သူများအနေဖြင့် ကိုယ်တိုင်ကိုယ်ကျဆွေးနွေးခြင်း၊ လှုဒါန်းခြင်းတို့ ပြုလုပ်နိုင်ပါကြောင်း ကြော်ငြာခြင်း

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် မြန်မာနိုင်ငံ၌ဖြစ်ပွားခဲ့သော မန္တလေးငလျင်ကြီးနှင့် ပတ်သက်၍ ပြည်သူများအနေဖြင့် မိမိကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် အခက်အခဲများ၊ ထိခိုက်ပျက်စီးမှုများကိုလည်းကောင်း၊ မိမိတို့ကိုယ်တိုင်ပါဝင်ခဲ့သည့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းအခြေအနေများကို လည်းကောင်း ဝင်ရောက်ဆွေးနွေးခြင်းနှင့် ငလျင်ဘေးသင့်ပြည်သူများအတွက် အလှူငွေ၊ အလှူပစ္စည်းဆက်သွယ်လှုဒါန်းခြင်းတို့ကို(www.myanmarearthquake.gov.mm)တွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ဆောင်ရွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

အကြမ်းဖက်မှုပယောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

စစ်တောင်းမြစ်၊ ပဲခူးမြစ်နှင့် သံလွင်မြစ်ရေတို့ ယင်းမြို့၏ စိုးရိမ်ရေမှတ်များသို့ ရောက်ရှိနိုင်

နေပြည်တော် ဇွန် ၂၉

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

အလားတူပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် လေးပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ထို့အတူ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့၊ ပဲခူးမြို့နယ်နှင့် ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးမည်

နေပြည်တော် ဇွန် ၂၉

ယနေ့ ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွှေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ ညနေမှ ဇူလိုင် ၅ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာ၀တီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည် ဖြစ်သည်။





သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာ၀ဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလွှမ်းမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်း တာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်ထားသည်။ (မိုး/ဇလ)

မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ဖမ်းဆီးရမိ တရုတ်နိုင်ငံသား ၂၀၇ ဦးကို ပြည်နှင်လွှဲပြောင်းပေးအပ်

မိုင်းလားမြို့ တာလော့ဂိတ်၌ တရုတ်နိုင်ငံသား ၂၀၇ ဦးအား ပြည်နှင်လွှဲပြောင်းပေးနေမှုကို တွေ့ရစဉ်။

နေပြည်တော် ဇွန် ၂၉

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြတ်ပြတ်သားသားစုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျလွှဲပြောင်းပေးလျက်ရှိသည်။

ထိုသို့လွှဲပြောင်းပေးလျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး Online လောင်းကစားမှုများ၊ Online လိမ်လည်မှုများနှင့် ဒုစရိုက်မှုများ လုပ်ဆောင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၀၇ ဦးတို့ကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဇွန် ၂၄ ရက်ညနေပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားမြို့ တာလော့ဂိတ်၌ မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများဖြင့် စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့သည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့်ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Thin Zarnwe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အမှတ် (၆)ရပ်ကွက်နေ သဏ္ဌာန္ဓယ် အား မွန်းလွဲ ၁၂ နာရီခွဲတွင် မြင်းခြံမြို့မ ရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

၂၀၂၅ ခုနှစ် ဇွန် ၂၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၈၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၆၀၆၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇွန် ၂၉

စားသုံးသူပြည်သူများ စားသုံးဆီ ဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇွန် ၃၀ ရက်မှ ဇူလိုင် ၆ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင်ငွေကျပ် ၆၀၆၀ ဖြစ်ကြောင်း စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့်ဈေးနှုန်းထက် ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်တနလင်္ဂနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့်မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝေါမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၃၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရှူးသွပ်ဆေးပြား ကိုးသိန်း ဖမ်းဆီးရမိ

ဖမ်းဆီးရမိသူများကို မော်တော်ယာဉ်၊ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇွန် ၂၉

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၄ ရက် နံနက် ၅ နာရီတွင် ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာအနီး၌ ရန်ကုန်မှ ထားဝယ်သို့ ဟိန်းလတ်မောင်းနှင်ပြီး နေလင်းထိုက် (ခ) မဲကြီးနှင့် ကောင်းစုညီ (ခ) စည်သူတို့ လိုက်ပါလာသော NISSAN ခြောက်ဘီးမော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ကိုးသိန်း (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၁ ဒသမ ၃၅ ဘီလီယံ) ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရန်ကုန်မှတစ်ဆင့် ထားဝယ်သို့ သယ်ဆောင် ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ သုံးဦးကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၅၀၁)

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်ထိ ခန့်မှန်းချက်

နေပြည်တော် ဇွန် ၂၉

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်ထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။



"ငါ့ကို ဒီအချိုးမျိုး လာမလုပ်နဲ့၊ နင်က ဘာမို့လို့လဲ။ ငါ့စိတ်ကို လာမစမ်းနဲ့"

"ဒုန်း"

"ခွမ်း"

ဦးမောင်မောင် ဒီဘက်ခြမ်းအိမ်မှာ နေရင်း သက်ပြင်းကို လေးလေးပင်ပင် ချလိုက်မိသည်။ တစ်ဆက်တည်း မဆီမဆိုင် အိမ်သူ၏မျက်နှာကို လှမ်းကြည့်မိသည်။ အိမ်သူလည်း မျက်နှာမကောင်းပေ။ ဘယ်ကောင်းမည်နည်း။ ကြားနေရတာ စိတ်ချမ်းသာစရာမှ မဟုတ်လေပဲ။ သမီးငယ် တိတ်နေ၍ ချောင်းကြည့်လိုက်တော့ အိပ်ပျော်နေလေသည်။ အိပ်ပျော်နေတာပဲ ကောင်းပါသည်။ နိုးနေပါက ပြဿနာက သည်ထက် ပိုကြီးလာနိုင်သည်။ ဦးမောင်မောင် ငယ်ဘဝကို ပြန်လည်မြင်ယောင်မိသွားသည်။

"နင် ကလေးတွေကို အကြောင်းမပြနဲ့အလှ။ ကလေးရှိရှိ မရှိရှိ၊ နင့်အလုပ်ကို နင်တာဝန်ကျေရမှာပဲ။ အိမ်မှုကိစ္စကို မိန်းမကမလုပ်ဘဲ ငါကလုပ်ရမှာလား"

အလှသည် ဦးမောင်မောင် ခေါ် သူ့ယောကျ်ားကိုမောင်ကို ဘာမျှ ပြန်မပြောနိုင်ပေ။ ရုံးအလုပ် တစ်ဖက်နှင့် သမီးကို ကလေးထိန်းကျောင်းပို့ရန် နံနက်တိုင်းပြင်ဆင်ရသည်။ အိမ်မှုကိစ္စများလည်း လုပ်ရသေးသည်။ သမီးအတွက် ထမင်းချိုင့်၊ သူ့ရုံး ထမင်းချိုင့်ထည့်ပြီး သမီးကျောင်းပို့ရန် ပြင်သင့်သို့ သူ့ရုံးသွားရန်လည်း ပြင်ဆင်ရသည်။ နံနက်ခင်း အချိန်ပိုင်းလေးတွင် သည်အလုပ်များကို ကလေး တစ်ဖက်နှင့် ပြီးအောင်လုပ်ရသည်။

ကိုမောင် အိပ်ရာကထလာတော့ သူ့အတွက် နံနက်စာ အဆင်သင့်မပြင်ထားမိပေ။ ကိုမောင်က နိုးလာရင် မျက်နှာသစ်၊ နံနက်စာစားပြီး ရုံးသွားရုံပင်။ သူ့မှာတော့ အားလုံး၏ ဝေယျာဝစ္စ အိမ်အလုပ်များအပြင် သမီးကိုလည်း ရုံးမသွားခင် ကလေးထိန်းကျောင်းသို့ အပြေးပို့ရသေးသည်။ နံနက်စာက အဆင်သင့်မပြင်ထားရုံကလွဲ၍ အားလုံးလုပ်ထားပြီး သားဖြစ်သည်။ အလှ သမီးကို သနပ်ခါးလိမ်းပေး နေရင်းက...

"ထည့်စားလိုက် ကိုမောင်၊ အလှ အားလုံးလုပ်ထားပြီးပြီ"

ကိုမောင်တစ်ယောက် မျက်နှာကြောတင်းသွားကာ "ဟ ယောကျ်ားကို ပြန်လုပ်ခိုင်းနေတာ နင်က ဘာအချိုးလဲ အလှ"

"ဩော်... အလှ လက်မအားလို့ပါကိုမောင်ရယ်။ ကလေးကိုလဲ လုပ်ပေးရသလို အလှလဲ ရုံးသွားဖို့ လုပ်ရမယ်လေ။ ကိုမောင်အားနေတာပဲ။ ကိုယ့်ဟာ ကိုယ် လုပ်လိုက်ပေါ့"

မောင်မောင် အလှရှိရာသွားကာ-

"ဖြောင်း"

လက်ပြန်ရိုက်ချလိုက်သည်။ "အ" ဟူ၍တစ်ချက် အော်ကာ အလှ လဲကျသွားသကဲ့သို့ ကလေးက လည်း လန့်ပြီးအော်ငိုလေသည်။

"ဝါး ဝါး ဝါး ဝါး ဝါး ကြောက်တယ်။ အီး အီး အီး"

"ဟင် ကိုမောင်၊ အလှကို ဘာလို့ရိုက်တာလဲ"

"လျှာက ရှည်နေသေးတယ်။ ယောကျ်ား ဝေယျာဝစ္စကို ကျေပွန်အောင်မလုပ်ဘဲ ယောကျ်ားကိုပြန်ခိုင်းတဲ့ မိန်းမ။ နောက်ရက် ဒီအချိုးဆို ဒီထက်နာမယ်။ ငါ့ကို ပြန်လာမခိုင်းနဲ့။ မင်းအလုပ်ကို မင်းတာဝန်ကျေအောင်လုပ် တောက်"

တောက်ခေါက်ကာ နံနက်စာမစားတော့ဘဲ ရုံးဘက်ထွက်သွားသည်။ သူတို့လင်မယားက ရုံးဝင်းထဲမှာပဲ လိုင်းခန်းရထား၍ ရုံးကိုဝေးဝေးလံလံ မသွားရသည်မှာ ကံကောင်းနေသည်။ အလှ တဝါးဝါး အော်ငိုနေသော သမီးကို ရင်ခွင်ထဲ ပွေ့ဖက်ကာ သူပါ ရောငိုချလိုက်သည်။ ကိုမောင်က ရုံးမှာရုံးကားမောင်းပြီး အလှက အငယ်တန်းစာရေးမ ဖြစ်သည်။ ကိုမောင်က ဝန်ထမ်းလုပ်နေသော်လည်း လုပ်ရည်ကိုင်ရည်တော့ရှိသည်။ လင်မယား နှစ်ယောက် လစာလေးနဲ့ ချွေတာစားသောက်ကြပြီး ပိုငွေကိုစုကာ ရေစည်လှည်းများ ဝယ်သည်။ ဆိုက်ကားများ ဝယ်သည်။ ဆိုက်ကားကို Owner ကြေးနှင့်ငှားစားသကဲ့သို့ ရေစည်လှည်းများကိုလည်း တစ်ခါငှားဘယ်လောက်နှင့် အချိန်ပိုင်းပြန်ငှားစားသည်။ ဝန်ထမ်းဆိုပြီး ကျပ်တည်းတာမျိုး မရှိပေ။ သူများတန်းတူ မိသားစုကို ပြည့်ပြည့်စုံစုံထားပေးသည်။ တစ်ခုဆိုးတာက ချစ်၍ယူထားသည့်မိန်းမကို တစ်ခါမှ မျက်နှာသာမပေး။ အလှမှာ နေတိုင်း မျက်ရည်နှင့်မျက်ခွက်။

"သူတော်လို့၊ သူအရှာကောင်းလို့ နင်တို့ဒီလိုနေရတာ။ ငါ့တာဝန်ငါကျေရင် နင်တို့တာဝန် နင်တို့ကျေ"ဆိုသည့် အချိုးမျိုးချိုးကာ အလှပေါ်မှာ ကြင်နာခြင်း တစ်ခါမှမရှိပေ။ အလှနှင့် ကလေးမှာ ကိုမောင့် မျက်နှာရိပ်မျက်နှာကဲကို ကြည့်ပြီး တုန်နေအောင် ကြောက်နေရသည်။

သည်လိုနှင့် အလှ ဒုတိယကိုယ်ဝန်ရလာသည်။ ကိုမောင်က သမီးမိန်းကလေး ရထားပြီးပြီမို့ သားယောကျ်ားလေးကို မျှော်လင့်ထားသည်။ အလှ လည်း သမီးရထားပြီးပြီမို့ သားယောကျ်ားလေး လိုချင်နေသည်။ သူတို့ ကလေးလေး မွေးဖွားလာ မည့်နေ့ကို ရင်ခုန်စိတ်လှုပ်ရှားစွာ စောင့်မျှော်နေကြ သည်။ (ထိုအချိန်က အာထရာဆောင်းရိုက်တာ ခေတ်မစားသေးပေ။ ထို့ကြောင့် ဘာလေးမှန်း ကြိုတင်မသိကြပါ)။ အလှ ဗိုက်နာသည့်နေ့ ကိုမောင်တစ်ယောက် စိတ်လှုပ်ရှားလွန်း၍ ထိုင်တောင်မထိုင်နိုင်ပေ။ ဘေးအိမ်က အစ်မကြီးက လက်သည်နှင့်အတူ အလှ ကလေးမွေးသည်ကို ဝိုင်းကူလုပ်ပေးနေသည်။

"မွေးပြီဟေ့ မွေးပြီ၊ မိန်းကလေး၊ ဝဝကစ်ကစ် ချစ်စရာ တစ်တုံးတစ်ခဲကြီးအေ"

ကိုမောင် စိတ်ညစ်သွားသည်။ အပျော်များပါ ပျောက်သွားသည်။ သားယောကျ်ားလေး လိုချင်သည်ကို မိန်းကလေးမွေးလာတော့ ဒေါသများက တလိပ်လိပ်။ ဘေးအိမ်ကအစ်မကြီးက ကလေးကိုအနီးထုပ်နဲ့ ယူလာကာ သူ့ကိုကလေးမျက်နှာလာပြသည်။

"မောင်မောင် ဒီမှာနင့်သမီး တစ်တုံးတစ်ခဲကြီး"

ကိုမောင် ကလေးကိုဝတ္ထရားကျေကြည့်ကာ -

"ဟုတ်ကဲ့ အစ်မ"

ထိုစကားတစ်ခွန်းသာပြောကာ အပြင်ကို ထွက်သွားတော့သည်။ အိမ်နီးချင်းအစ်မကြီးမှာ ကိုမောင်၏ အပြုအမူကို နားမလည်စွာကြည့်ပြီး ရပ်ကျန်ခဲ့သည်။ ကလေးကို ပွေ့ချီပြီး အမေဖြစ်သူနားလာကာ-

"အလှ ညည်းယောကျ်ားက မမွေးခင်ကတက်ကြွသလောက် အခုတော့ ကလေးမျက်နှာတောင် သေချာမကြည့်ပါလား"

အလှ မျက်နှာမကောင်းပေ။ ကလေးမွေးပြီးပြီး ချင်း လိုအပ်သည့်သန့်ရှင်းရေးများ လုပ်ပေးနေစဉ်မှာပဲ အလှသွေးတက်ပြီး သတိလစ်မလိုဖြစ်၍ လက်သည်နှင့် အိမ်နီးချင်းအစ်မကြီးတို့ မျက်လုံး ပြူးကာ ပြုစုကြရသည်။ ရှူဆေးထုပ်များ နှာခေါင်း ဝတ္ထုကာ-

"အလှရယ် နင်သတိထားစမ်းပါ။ နင့်ကလေး လေးက အခုမှ လူ့လောကရောက်တာလေ"

အလှ စိတ်ကိုတင်းကာ ခေါင်းညိတ်ပြရှာသည်။ အလှ၏ရင်တွင်းသောက အလှပဲသိသည်။ လက်သည်နှင့် အိမ်နားကအစ်မကြီး ပြန်သွားချိန် ကိုမောင် ပြန်ရောက်လာသည်။ အရက်သောက်လာပုံရသည်။ ဆေးပေါ့လိပ်ဖွာကာ အလှနား လာထိုင်သည်။ ကလေးကို တစ်စက်မှမကြည့်ပေ။

"အလှ ငါက သားမွေးခိုင်းတာလေ။ နင်က သားမမွေးဘဲ သမီးတွေချည်း မွေးရလား"

အလှ ကိုမောင့်ကို ကြောက်ရွံ့စွာကြည့်ကာ -

"သူ့ကံနဲ့သူလာတာလေ ကိုမောင်ရယ်၊ အလှ လုပ်လို့ရတာမှ မဟုတ်တာ"

"နင် ယုတ်ညံ့လို့ပေါ့။ နင် ယုတ်ညံ့လို့ မိန်းကလေးပဲမွေးတာ မိန်းမယုတ်မရဲ့"

"အား အ အ အု အု"

"နင် အသံထွက်ရဲ ထပ်ထွက်ကြည့်၊ ငါ့ အကြောင်း သိမယ်"

ဆေးလိပ်မီးနှင့် အလှ၏ လက်မောင်းသားကို ထိုး၍ အလှအော်မိချိန် အလှပါးစပ်ကို သူ့လက်နှင့် ဆွဲပိတ်ကာ ထိုသို့ ကြိမ်းမောင်းပြောဆိုလေသည်။ အလှ နာကျင်မှုကို အံကြိတ်ပြီး မျက်ရည်ပေါက်ပေါက် ကျလာသည်။ နားထင်များလည်း တဒုတ်ဒုတ်နဲ့ ပေါက်ထွက်တော့မလား ထင်ရသည်။ ခံနိုင်ရည် မရှိသည့်အဆုံး စိတ်ကိုလွတ်ချလိုက်ရာ အလှသတိ မေ့သွားတော့သည်။ အလှအော်သံကြား၍ အိမ်နား က အစ်မက သူတို့အိမ်ပေါ်တက်လာရာ-

"ဟဲ့ မောင်မောင်၊ နင် ဘာလုပ်လိုက်တာလဲ သွေးနု သားနုနဲ့ဟယ်"

အလှကို ပြေးပွေ့ထူတော့-

"ဟင် သတိလစ်နေတာပဲ။ နင် ဘာလုပ်လိုက်လဲ"

မောင်မောင် ဘာဖြေရမှန်းမသိပေ။ အလှလက်က ဆေးလိပ်မီးဒဏ်ရာကိုတွေ့တော့-

"နင် အတော်ရက်စက်တာပဲ မောင်မောင်။ သွေးလန့်ပြီး သတိမလည်တော့ဘဲ နင်မုဆိုးဖိုဖြစ်ရင် ငါမသနားဘူး။ အခုမှ မွေးလာတဲ့ကလေး အမေ မဲ့မှာကိုပဲ ငါသနားတယ်။ သွား လက်သည်ကို အမြန်သွားခေါ်"

မောင်မောင် ခပ်မြန်မြန် အိမ်ပေါ်ကနေ ပြေး ဆင်းသွားသည်။ ထိုအစ်မကြီးလည်း ရှူဆေးထုပ်ကို အလှနားခေါင်းဝတ္ထေထားပေးပြီး ခေါင်းကိုသာ ယပ်ခတ်ပေးနေမိသည်။ သူလည်း သေချာနားမလည် တော့ တတ်သိသလောက်လေး ပြုစုပေးနေခြင်းဖြစ် သည်။ လက်သည်ရောက်လာပြီး ပြုစုပေးတော့မှ အလှ သတိပြန်ရလာသည်။

"ထပ်မဖြစ်စေနဲ့။ မီးတွင်းထဲ အသက် အန္တရာယ်ရှိတယ်"

လက်သည်က ထိုစကားကိုပြောပြီး မှာလေ သည်။ အသက်အန္တရာယ်ရှိသည်ဆို၍ မောင်မောင် မီးတွင်းကာလ ပြဿနာမရှာသော်လည်း ထိုကလေး အရွယ်ရောက်လာချိန်တွင် မကြာခဏပြဿနာ ရှာတတ်ပြီး အရင်ကထက် ပိုရက်စက်လာသည်။ အလုပ်များကလည်း လုပ်သမျှငွေဖြစ်တော့ မောင်မောင်တို့ ပိုပြီး မောက်မာရိုင်းစိုင်းလာသည်။ သား မမွေးပေးနိုင်သည့် မိန်းမဆိုပြီး သူ့မိန်းမကို တစ်စက်မှနေရာမပေးသကဲ့သို့ အနိုင်ကျင့်နှိပ်စက်မှု များ ပိုဆိုးလာသည်။ အလှနှင့်ကလေးနှစ်ယောက်မှာ မောင်မောင့် မျက်နှာရိပ်မျက်နှာကဲကို ကြည့်ပြီး နေ့ရက်များကို ဖြတ်သန်းနေထိုင်ရသည်။ သမီးများ ကိုတော့ မောင်မောင်ချစ်ပါသည်။ အလှဘဝ တစ်လျှောက်လုံး မောင်မောင် နှိပ်စက်သည်ကို ခံစားရင်း အိမ်ထောင်ရေးသုခ ဘာမှန်းမသိခဲ့ရပေ။

သည်လိုနှင့် မောင်မောင်ကနေ ဦးမောင်မောင် ဖြစ်လာခဲ့သည်။ ပင်စင်ယူပြီး သမီးများကိုမှီခိုအားကိုး ရသည့်ဘဝ ရောက်လာသည်။ စုတတ်ဆောင်းတတ် တော့ ငွေကြေးအခက်အခဲမရှိပေ။ သမီးအကြီးက

စာမျက်နှာ ၂၆ သို့ ➤

ဝက်လက်မြို့နယ်တွင် နွေနှမ်း ၂၈၃၁၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

ဝက်လက် ဇွန် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို ခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနှမ်း ၂၈၃၁၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၆၄၁၇၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို မေလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၂၈၃၁၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၂၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီက ဝက်လက်မြို့နယ်မှာ နှမ်းဧက ၆၀၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့နှမ်းတွေကို ရိတ်သိမ်းနေပါတယ်။ လက်ရှိမှာ ဧက ၂၈၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်မှန်ကန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးသည့်သီးနှံများထက် အရည်အသွေး ပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

ကျောင်းကုန်းမြို့နယ်တွင် ကွမ်းရွက်များ အရောင်းအဝယ်ကောင်းမွန်နေ

ကျောင်းကုန်း ဇွန် ၂၉

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက်ကွမ်းရွက်များ ဝယ်ယူမှုအားကောင်းလာသဖြင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက် ကွမ်းရွက်များကို ဇွန်လ ပထမပတ်မှ ယနေ့တိုင် ဝယ်ယူမှုအားကောင်းလာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက်ကွမ်းရွက်များ တစ်ရက်လျှင် ပိဿာချိန် ၅၀၀၀ မှ ၆၅၀၀ ထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိ ကွမ်းရွက်တွေက ဒေသတွင်းမှာကို အရောင်းအဝယ်ကောင်းနေပါတယ်။ လက်ရှိမှာ ကွမ်းရွက်တစ်ပိဿာကို ငွေကျပ် ၁၁၀၀၀ ထိ ဈေးပေါက်နေပါတယ်။ ဒေသထွက် ကွမ်းရွက်တွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေက ဝယ်ယူမှုအားကောင်းနေလို့ အရောင်းအဝယ်ကောင်းနေတာပါ။ ဒီဘက်က ကွမ်းရွက် အရောင်းအဝယ် သမားတွေက ဒေသထွက် ကွမ်းရွက်တွေကို မှာယူတဲ့ဒေသထိ လိုက်လံပို့ပေးပါတယ်" ဟု ကျောင်းကုန်းမြို့နယ် ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ကွမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကွမ်းရွက်များကို အခြားဒေသများသို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါကွမ်းရွက်များ အရောင်းအဝယ် ကောင်းလာသည့်အတွက် ကွမ်းစိုက်တောင်သူများနှင့် ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ အဆင်ပြေကြကြောင်း သိရသည်။

ကျော်ကျော်လင်း

စာပေဆည်းပူး လမ်းကောင်းကူး

- အမှားအမှန် ခွဲခြားပေး
  ကောင်းဖို့အရေး လမ်းပြနေ၊
  သုတစုံ တိုးပွားခြင်းဖြင့်
  အလင်းတန်းတွေ၊
  ဉာဏ်အသိ တိုးတက်ဝေ
  အားဖြစ်စေသော ဂုဏ်ကျေးဇူး၊
  လူ့အလယ် ပြောဆိုတတ်တယ်
  မြင့်မြတ်လို့ထူး။

- စာပေကို မြဲဆည်းပူး
  လမ်းကောင်းကူး မိတ်သဟာ၊
  ရည်ရွယ်ရာ ပန်းတိုင်လမ်း
  ဖြောင့်တန်းလို့သာ၊
  မကွေ့မကောက် အိပ်မက်မှာ
  ဖော်ဆောင်ရာ ပန်းတိုင်ဖြစ်၊
  မြတ်စာပေ
  မှတ်ပါအဆွေ မပျင်းကြနဲ့
  တွေးဆလို့ချစ်။

- လူဆိုတာ အတွေးသစ်နဲ့
  စနစ်တကျ ကျင့်ကြံနိုင်၊
  မျှော်မှန်းရန် စာပေကျိုးက
  ဖွံ့ဖြိုးလျက်ပိုင်၊
  ဂုဏ်ရနံ့က မွှေးကြိုင်ကြိုင်
  သန့်ရှင်းလှိုင်တဲ့ စာပေပန်း၊
  အချိန်မနှောင်းစေဖို့
  အရှိန်ကောင်းစွာ စာပေဖတ်လို့၊
  စိတ်ဓာတ်ပြင်လှမ်း။ ။

ဖြိုးထက်(ရေစကြို)

မုဒုံမြို့နယ် ကော့လှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မုဒုံ ဇွန် ၂၉

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကော့လှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မုဒုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန္ဒာဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်နှင့် ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၅ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကော့လှကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၅ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သုတ**

➤ စာမျက်နှာ ၂၅ မှအဆက်

အိမ်ထောင်ကျကာ သူတို့နှင့်တစ်အိမ်ကျော်လိုင်းခန်းမှာ နေထိုင်သည်။ သမီးနှစ်ယောက်စလုံးက သူတို့လင်မယားလုပ်ခဲ့သည့် ရုံးမှာပဲပြန်လုပ်နေကြသည်။ သမီးကြီးက သူ့အိမ်ခန်းနှင့်သူနေသလို သူတို့က နဂိုအိမ်ခန်းလေးတွင် သမီးငယ်အမည်နှင့် ဆက်နေကြသည်။ သမီးငယ်က ယခုထိ လူလွတ်။ ထက်ထက်မြက်မြက်ရှိပြီး လူမကြောက်တတ်ပေ။ သမီးကြီးက အနေအေးကာ သူများနိုင်သမျှငြိမ်ခံသည့်လူစား။ ယခုလည်း သူတို့လင်မယားရန်ဖြစ်ကာ သူ့ယောကျ်ားက ခြေပါလက်ပါရှိပုံရသည်။

ဘေးတစ်အိမ်ကျော်မှာ မိဘတွေနေနေပါလားလည်း ဂရုစိုက်ပုံမရပေ။ သမီးကြီးကို ပြောဆိုကာ ရိုက်နှက်နေပုံများ။ ဦးမောင်မောင်ရင်ထဲ တဆတ်ဆတ်နာနေသော်လည်း ဘာမှမတတ်နိုင်ပေ။ အသက် ၇၀ အရွယ် အဘိုးကြီးမို့ သွားပြောလည်း သမက်လုပ်သူက အရေးစိုက်မည့်ပုံမရှိသလို သူ့လူငယ်အားနှင့် တစ်ခုခုပြန်လုပ်ပါက အဘိုးကြီးသာ ခံရပေမည်။ ပတ်ဝန်းကျင်မှာလည်း တစ်ရှက်ကနေ နှစ်ရှက်ပိုရပေမည်။ သည်ကိစ္စ သမီးငယ်သိရင်တော့ ပြဿနာအကြီးကြီးတက်မှာ အသေအချာ။ သမီးငယ်က မကြောက်မလန့်ရန်ပွဲထဲ ဝင်တတ်သည်။ ခက်သည်က သမီးကြီး။ သူ့ယောကျ်ား ဘယ်လောက် လက်ပါပါစေ ကိုယ်တွေဝင်ပါပါက သူ့ယောကျ်ားဘက်ကသာ နေသည်မို့ ပြဿနာတက်တိုင်းမခံနိုင်ဘဲ ဝင်ပါရန်လုပ်သည့် သမီးငယ်ကို အဘိုးကြီး၊ အဘွားကြီးများက ဝင်ဆွဲရသည်။

ဦးမောင်မောင် သည်အသံများကို နေ့တိုင်းရင်နာနာနှင့်နားထောင်နေရသည်။ သည်လိုကြားတိုင်း သူ့ကိုယ်သူ ပြန်မြင်ယောင်လာသည်။ သူ့နှိပ်စက်မှုကို ခေါင်းငုံ့ခံနေသော သူ့မိန်းမ။ သူစိတ်တိုင်း မကျတိုင်း အားရပါးရ နှိပ်စက်သည်ကိုခံရသော သူ့မိန်းမ။ သူ၏ အနိုင်ကျင့်မှုများကြောင့် သူ့ကို သေခန်းဖြတ်ထားကြသည့် သူ့မိန်းမအမျိုးတွေ။ ငယ်ရွယ်စဉ်တုန်းက ငါဆိုသည့်မာန်ကြောင့် ဂရုမစိုက်ခဲ့သော်လည်း အသက်ကြီးလာမှ နောင်တရမိသည်။ သို့သော် လွန်သွားလေပြီ။ သူ့မိန်းမ အမျိုးတွေက သူ့မိန်းမကို ဆက်ဆံကြသော်လည်း သူတို့အသိုင်းအဝိုင်းထဲ ဦးမောင်မောင်ကို ပတ်သက်မခံပေ။ သည်တော့လူက စိတ်ထဲသိမ်ငယ်လာသလို။ ကိုယ့်သမီးအလှည့် သည်လိုကြုံရမှ သူ့မိန်းမအမျိုးများ၏ခံစားချက်ကို ကိုယ်ချင်းစာသည်။ သမက်ဖြစ်သူကိုမြင်တိုင်း မောင်မောင်အငယ်စားကို ပြန်မြင်နေရသလို။ သူ့အိမ်သူ အလှကတော့ တစ်ခါတလေ စိတ်မချမ်းသာစွာ ပြောလေ့ရှိသည်။

"ငါနဲ့ငါ့သမီးက အတိတ်ကံတွေကို ပေးဆပ်နေရတာ။ ငါ့ယောကျ်ားကတော့ ဒီဘဝကံကို လက်ငင်းပေးနေရတာ။ ငါ့သမီးလေး အတိတ်ကံကြွေး အမြန်ကုန်ပြီး ရုန်းထွက်နိုင်ပါစေ။ ငါက အဘွားကြီးမို့ မထူးတော့ပါဘူး"

ထိုစကားကြားတော့ ဦးမောင်မောင်ရင်ထဲ ခံစားရသည်။

"ငါအခု အရင်လိုမဟုတ်တော့ပါဘူး မိန်းမရယ်"

"ဒါဆိုအလှ ကံကြွေးကုန်လို့နေမယ်။ ကိုမောင်က စိတ်တွေပြောင်းလဲလာတာ။ အလှက သံယောဇဉ်တွေနဲ့ ရုန်းမထွက်နိုင်တော့ ကံကြွေးရှိသေးရင် သေတဲ့ထိ ဆပ်နေအုံးမဲ့သူလေ။ သမီးကိုတော့ အမြန်ကျေစေချင်မိတယ်"

ဦးမောင်မောင် လေးပင်သော ခံစားချက်နှင့် ခေါင်းညိတ်ပြလိုက်မိသည်။ မောင်မောင် အငယ်စားလေး သမက်ဖြစ်သူကို မြင်နေရတာကိုက သူ့အတွက် လတ်လတ်ဆတ်ဆတ် ဝဋ်တစ်ခုမဟုတ်လား။ ဝဋ်။ တစ်လုံးတည်း။ သို့သော် စကားများအများကြီး ပြောသွားလေသည်။

အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ချက်

အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

မြောင်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနှမ်းဧကများ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

စစ်ကိုင်း ဇွန် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကများ ရာနှုန်းပြည့် ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၁၂၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို မေလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပြီး တစ်ဧကလျှင် ၁၈ ဒသမ ၁၃ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီက မြောင်မြို့နယ်မှာ နှမ်း ၄၁၂၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နှမ်းခင်းတွေ အခုလက်ရှိမှာတော့ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။ (၂၀၆)

မင်းဘူးမြို့နယ် တောင်မန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မင်းဘူး ဇွန် ၂၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ တောင်မန်းကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၁၈ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တောင်မန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၉ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၁၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဇင်မာ

အမျိုးသမီးများအရေး အလေးထားဆောင်ရွက်ပေး

မောင်သောင်းဝင်း(တမန်ဟောင်း)

နှစ်စဉ် ဇူလိုင် ၃ ရက်တွင် မြန်မာအမျိုးသမီးများနေ့အခမ်းအနားများကို နိုင်ငံတစ်ဝန်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ ပြည်ထောင်စုကြီးအတွင်း မိတင်းနေထိုင်လျက်ရှိသော အမျိုးသမီးအားလုံးကို ဂုဏ်ပြုသောအားဖြင့် ကျင်းပခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးများသည် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြင်နန်းနှင့် နေထိုင်ခဲ့စဉ်ကတည်းကပင် အမျိုးသားများနှင့် ရင်ပေါင်တန်းကာ နိုင်ငံ့တာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်နိုင်ခဲ့ကြသည်။ ခေတ်အဆက်ဆက်တွင် မြန်မာအမျိုးသမီးများသည် အမျိုးသားရေးလှုပ်ရှားမှုများတွင်လည်းကောင်း၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် လည်းကောင်း ဇွဲစိတ်သန်သန် အနစ်နာခံကာ တိုင်းချစ်၊ ပြည်ချစ်စိတ်အပြည့်အဝဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် သမိုင်းတစ်လျှောက်တွင်လည်း ဘာသာသာသနာရေး၊ နိုင်ငံရေး၊ ပညာရေး၊ စာပေ၊ အနုပညာ၊ စီးပွားရေး စသည့်အရေးပါသော အခန်းကဏ္ဍများတွင် စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်လျက်ရှိကြသည်။

မြန်မာအမျိုးသမီးများနေ့

၁၉၉၆ ခုနှစ်တွင် ဖွဲ့စည်းထူထောင်ခဲ့သည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာကော်မတီ စတင်ဖြစ်တည်လာသောနေ့ကို အမျိုးသမီးများနေ့အဖြစ် သတ်မှတ်ခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရသည် အမျိုးသမီးများ၏ လူမှုဘဝမြှင့်တင်ရေးအတွက် ထိုကော်မတီကို ဖွဲ့စည်းထူထောင်ပေးခဲ့ခြင်းဖြစ်သည်။ ထိုကော်မတီသည် အမျိုးသမီးများ ပညာရည်အဆင့်အတန်းမြင့်မားရေးနှင့် အမျိုးသမီးများကို အကြမ်းဖက်မှုမှကာကွယ်ပေးရန် အလေးထားဆောင်ရွက်လျက်ရှိသည်။ ထို့နောက် ၁၉၉၈ ခုနှစ် ဇူလိုင် ၃ ရက်ကို မြန်မာအမျိုးသမီးများနေ့အဖြစ် တရားဝင်သတ်မှတ်ခဲ့ပါသည်။

ထို့ပြင် အမျိုးသမီးများ၏ဘဝလုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်စေရန် အမျိုးသမီးများကိုယ်တိုင်ဦးဆောင်သော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် အကူအညီများဆောင်ရွက်ပေးလျက်ရှိသည်။

အမျိုးသမီးရေးရာကော်မတီ၏ ကြိုးပမ်းမှုများ

မြန်မာနိုင်ငံတွင် အမျိုးသမီးများဘဝလုံခြုံမှုရှိစေရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် လုပ်ငန်းကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းထားပြီးဖြစ်သည်။ ထိုကော်မတီ၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းကြီးများသည် အမျိုးသမီးများ သာတူညီမျှအခွင့်အလမ်းများ ရရှိခံစားနိုင်စေရန် အားသွန်ခွန်စိုက် လှုပ်ရှားဆောင်ရွက်လျက်ရှိကြသည်။

မြန်မာနိုင်ငံသည် အာဆီယံအမျိုးသမီးရေးရာကော်မတီနှင့် အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင်တွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်ကိုလည်း လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။ မြန်မာနိုင်ငံသည် မဲခေါင်ဒေသတွင်းနိုင်ငံများ အနက် လူကုန်ကူးမှုတားဆီးရေးဥပဒေကို ပထမဆုံးရေးဆွဲပြဋ္ဌာန်းနိုင်သည့် နိုင်ငံလည်းဖြစ်သည်။

အမျိုးသမီးရေးရာကော်မတီသည် အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေးဥပဒေကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ရေးဆွဲရေး၊ အမျိုးသမီးများအခွင့်အရေးနှင့် ကျား၊ မ တန်းတူညီမျှမှုဆိုင်ရာ အသိပညာပေးမှုအစီအစဉ်များ၊ အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးကွန်ဗင်းရှင်းတွင်ပါဝင်သည့် ပြဋ္ဌာန်းချက်များ၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ

> **❖ ခေတ်အဆက်ဆက်တွင် မြန်မာအမျိုးသမီးများဝတ်ဆင်ခဲ့သော ဆင်ယင်ထုံးဖွဲ့မှုသည် တစ်မူထူးခြားမှုရှိသဖြင့် နိုင်ငံခြားသားများသည်ပင်လျှင် ခုံမင်နှစ်သက်စွာ ဝတ်ဆင်လျက်ရှိကြသည်။ ထို့ကြောင့် မြန်မာအမျိုးသမီးများသည် ယဉ်ကျေးမှုမြင့်မားသည့် မြန်မာတို့၏ဝတ်စားဆင်ယင်မှု၊ အနေအထိုင်နှင့် အပြုအမူများကို စဉ်ဆက်မပြတ်ထိန်းသိမ်းသွားရန် လိုအပ်ပေသည်။ အချို့သောနိုင်ငံများတွင် အမျိုးသမီးများကိုခွဲခြားဆက်ဆံပြီး ဖျော်ဖြေရေးအဆင့်မျှသာ သဘောထားနေချိန်တွင် မြန်မာနိုင်ငံရှိ အမျိုးသားများနည်းတူ နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍများတွင် ပါဝင်စွမ်းဆောင်ခွင့်ရရှိနေကြသည်။❖**

ဖြတ်ပြီး ကြိုးပမ်းဆောင်ရွက်ကြသည်။

ပညာရေးကဏ္ဍ၌ ပညာသင်ယူနေသော အမျိုးသမီးအနေဖြင့် အခြေခံပညာ၌ ၅၀ ဒသမ ၇၆ ရာခိုင်နှုန်း၊ အဆင့်မြင့်ပညာ၌ ၆၃ ဒသမ ၆၀ ရာခိုင်နှုန်း၊ သိပ္ပံနှင့် နည်းပညာ၌ ၄၇ ဒသမ ၁၉ ရာခိုင်နှုန်း၊ ဆေးနှင့်နီးနွယ်ပညာ၌ ၇၀ ဒသမ ၄၄ ရာခိုင်နှုန်းရှိသည်။ ထို့ပြင် ၂၀၂၃-၂၀၂၄ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ၆၄ ဒသမ၃၁ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ကြသည်။ အလားတူ သင်ကြားရေးတာဝန်ထမ်းဆောင်နေသူများတွင်လည်း အမျိုးသမီးများအနေဖြင့် အခြေခံပညာ၌ ၈၃ ဒသမ ၆၉ ရာခိုင်နှုန်း၊ အဆင့်မြင့်ပညာ၌ ၈၇ ဒသမ ၈၉ ရာခိုင်နှုန်း၊ သိပ္ပံနှင့် နည်းပညာ၌ ၈၆ ဒသမ ၂၃ ရာခိုင်နှုန်း၊ ဆေးနှင့်နီးနွယ်ပညာ၌ ၈၀ ဒသမ ၃၉ ရာခိုင်နှုန်း စသည်ဖြင့် တာဝန်များအသီးသီး ထမ်းဆောင်လျက်ရှိကြီးမားလှပေသည်။

ပြည်ထောင်စုတစ်ဝန်းလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန် အဟုန်နှင့် ဆောင်ရွက်ရာ၌ လည်း မြန်မာအမျိုးသမီးထုစွမ်းအားကြီးကို မြင်တွေ့နေကြရပြီဖြစ်သည်။ ထို့ပြင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေး လုပ်ငန်းများ အပါအဝင် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ၊ နယ်ပယ်အသီးသီး၌လည်း ကာယအား၊ ဉာဏအားများနှင့် စွမ်းစွမ်းတမံသယ်ပိုးဆောင်ရွက်နေကြသည့် မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍသည် များစွာ

ကောင်းသမီးများပင် ဖြစ်ကြသည်။ "အမျိုးသမီးတို့ ဣန္ဒြေ ရွှေပေးလို့မရ" ဟူသော ဆိုရိုးစကားများသည် မြန်မာအမျိုးသမီးများကို တင်စားပြောဆိုထားသည့် စကားရပ်ပင်ဖြစ်သည်။ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ယဉ်ကျေးသိမ်မွေ့လှသော မြန်မာအမျိုးသမီး တစ်ဦးသည် ခြေသလုံးသားကိုပင် မြင်တွေ့ရန် ခဲယဉ်းလှသည်။

မွေးရာပါအခွင့်အရေးများ

မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် အမျိုးသားများနည်းတူ သာတူညီမျှအခွင့်အလမ်းများရရှိ လျက်ရှိသောကြောင့် ကမ္ဘာပေါ်တွင် ကံကောင်းသော အမျိုးသမီးများဟုပင် ဆိုရမည်ဖြစ်သည်။ လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရက ထူးချွန်သော အမျိုးသမီးများကို ထိုက်ထိုက်တန်တန် ချီးမြှောက်ပေးလျက်ရှိသည်။ ထိုအခွင့်အလမ်းကောင်းများကို လက်ဝယ်ပိုင်ဆိုင်နိုင်ရေးအတွက် အမျိုးသမီးများသည် အမျိုးသားများနှင့်အပြိုင် ကြိုးပမ်းအားထုတ်သွားရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးကဏ္ဍတွင် သာမက ကာကွယ်ရေးကဏ္ဍ၌ပင်လျှင် ပါဝင်ထမ်းဆောင်ခွင့် ရရှိနေပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် ကျား၊ မ ခွဲခြားဆက်ဆံခြင်းမခံရဘဲ အမျိုးသားများနည်းတူ သာတူညီမျှ အခွင့်အလမ်းများ ရရှိပိုင်ဆိုင်ထားကြပါသည်။ အချို့သောနိုင်ငံများတွင် အမျိုးသမီးများကို ခွဲခြားဆက်ဆံနေချိန်တွင် မြန်မာနိုင်ငံရှိအမျိုးသမီးများသည် အမျိုးသားများနည်းတူ နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍများတွင် ပါဝင်စွမ်းဆောင်ခွင့် ရရှိနေကြသည်။

အမျိုးသမီးများအရေး အလေးထားဆောင်ရွက်ပေး

ဆိုရလျှင် မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသော နိုင်ငံပင်ဖြစ်သည်။ ထို့ကြောင့် ရေမြင့်ကြာတင့်ဆိုသလို မြန်မာအမျိုးသမီးများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုသည်လည်း အဆင့်အတန်းမြင့်မားလျက်ရှိသည်။ ခေတ်အဆက်ဆက်တွင် မြန်မာအမျိုးသမီးများဝတ်ဆင်ခဲ့သော ဆင်ယင်ထုံးဖွဲ့မှုသည် တစ်မူထူးခြားမှုရှိသဖြင့် နိုင်ငံခြားသားများသည်ပင်လျှင် ခုံမင်နှစ်သက်စွာ ဝတ်ဆင်လျက်ရှိကြသည်။ ထို့ကြောင့် မြန်မာအမျိုးသမီးများသည် ယဉ်ကျေးမှုမြင့်မားသည့် မြန်မာတို့၏ဝတ်စားဆင်ယင်မှု၊ အနေအထိုင်နှင့် အပြုအမူများကို စဉ်ဆက်မပြတ်ထိန်းသိမ်းသွားရန် လိုအပ်ပေသည်။ အချို့သောနိုင်ငံများတွင် အမျိုးသမီးများကို ခွဲခြားဆက်ဆံပြီး ဖျော်ဖြေရေးအဆင့်မျှသာ သဘောထားနေချိန်တွင် မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် အမျိုးသားများနည်းတူ နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍများတွင် ပါဝင်စွမ်းဆောင်ခွင့်ရရှိနေကြသည်။ အထူးသဖြင့် မြန်မာအမျိုးသမီးများအားလုံး သက်ရှင်နေထိုင်စဉ်ကာလအတွင်း ကြောက်လန့်စိုးရိမ်မှုမှကင်းဝေးပြီး လုံခြုံစိတ်ချစွာဖြင့် ဂုဏ်သိက္ခာရှိရှိနေထိုင်နိုင်ရေးအတွက် အမျိုးသမီးတို့၏ကဏ္ဍမြင့်တင်ရာတွင် တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ပါသည်။

ကိုးကား

- ၄-၇-၂၀၂၄ ထုတ်သတင်းစာ

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံ့မှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံ့မှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံ့မှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

ဆေးဖက်ဝင် ကြက်ဟင်းခါးသီး

ကြက်ဟင်းခါးပင်ဟာ Cucurbitaceae ခေါ် ဘူးသီးမျိုးရင်းဖြစ်ပြီး၊ ရုက္ခဗေဒအမည်မှာ Momordiceae charantia Linn. ဖြစ်ပါတယ်။ ကြက်ဟင်းခါးသီးကို အင်္ဂလိပ်လို Bitter Gourd လို့ခေါ်ပါတယ်။

ကြက်ဟင်းခါးနှင့် မြန်မာ့ဆေးစွမ်း

"တိုင်းရင်းမြန်မာ ဆေးကျမ်း" များတွင် ကြက်ဟင်းခါးပင်သည် ခါး၏။ စပ်ရှားရှားရှိ၏၊ အေး၏ ကြေကျက်လွယ်၏။ အသီးမှည့်သည် ဝမ်းကို သက်စေ၏။ ပိုးကိုနိုင်၏။ ဆာလောင်ခြင်းကို ဖြစ်စေတတ်၏။ သည်းခြေသလိပ်ကိုနိုင်၏။ မျက်စိရောဂါ၊ ယောနိ၌ ဖြစ်သော ရောဂါများ၊ သွေးအားနည်းခြင်း၊ ဆီးနှင့် ပတ်သက်သော ရောဂါများ၊ အဖျားပိုးရောဂါ၊ သွေးဖောက်ပြန်ခြင်း၊ ပန်းနာ၊ အဆိပ်အတောက်သင့်သောအနာ၊ အနာပေါက်ရောဂါတို့ကို ပျောက်စေ၏ဟု ဖော်ပြထားသည်။

"ရှုတော်မူဆေးကျမ်း" တွင် ကြက်ဟင်းခါးသီးသည် ခါး၏။ သွေးကို တက်စေ၏။ သလိပ်၊ သည်းခြေကိုနိုင်၏။ လေကို ပျက်စေတတ်၏။ အဖျားနာ၊ ပဏ္ဍုနာ၊ မေဟနာ၊ ပိုးနာတို့ကို နိုင်၏။ ဝမ်းမီးကို တောက်စေ၏။ မီးယပ်ဝမ်းပျက်နှင့် လွန်စွာသင့်၏ဟု ဆိုထားသည်။

"ဓာတုဗေဒ ဆေးကျမ်း" တွင် ကြက်ဟင်းခါးသီးသည်ကား ပထဝီဓာတ် အခိုးရောက်သည်။ ရသကား ဝါယောဓာတ်ဆောင်ဖြစ်၍ ခါး၏။ ဝါယောဓာတ်ပျက်သည်ကိုလည်းရ၏။ အပုပ်ကို နိုင်၏။ အပုပ်ကြေ၏။ လေပျက်၍ ဝမ်းကျသည်ကိုလည်းရ၏။ အာဟာရ အပုပ်အကင်းလွန်၍ မနေသာမထိုင်သာလူးလဲပူအိုက်သည်ကိုလည်း ငြိမ်းစေတတ်၏ဟု ဆိုထားသည်။

"ဇီဝိတဝဃုန ဆေးကျမ်း" တွင် ကြက်ဟင်းခါးသီးသည် ခါး၏။ ဆိမ့်၏။ ဝါယော၊ ပထဝီဓာတ်နှစ်ပါးလွန်ကဲ၏။ မပူလွန်း၊ မအေးလွန်း၊ မျှတသော တေဇောရှိ၏။ ဝမ်းလေကိုချုပ်စေ၍ တောင့်တင်းညောင်းညာခြင်းကို ဖြစ်စေတတ်၏။ အမိက ချက်၍စားပါက နို့စို့ကလေး ဝမ်းစိမ်းသွားနေလျှင် ကောင်းစွာပျောက်စေတတ်၏ဟု ဆိုထားသည်။

"ဓာတုရသ လေးစောင်တွဲကျမ်း" တွင် ကြက်ဟင်းခါးသီးသည် သည်းခြေကြိုက်၏ဟု ဆိုထားပါသည်။

ကြက်ဟင်းခါးပင်နှင့် ကျန်းမာရေး

ကြက်ဟင်းခါးသီးသည် လူသားတို့အတွက် သဘာဝတရားက ပေးအပ်နှင်းသည့် ဆေးဖက်ဝင် အသီးဖြစ်သည်။ ရိုးရာကုထုံးများတွင် "အမျိုးသားတို့အတွက် ဆေးကောင်းတစ်လက်" ဟု အဆိုရှိသည်။ ကြက်ဟင်းခါးသီးထဲတွင် ကယ်လိုရီပါဝင်မှု အလွန်နည်းပါးသော်လည်းတန်ဖိုးကြီးမားသည့် အာဟာရ ဓာတ်များမြောက်များစွာပါရှိကြ၏။ လူသားတို့အတွက်မရှိမဖြစ်လိုအပ်တဲ့ ဗီတာမင်နှင့်သတ္တုဓာတ်များဖြစ်ကြသော ဗီတာမင်အေ၊ ဗီတာမင်B1၊ ဗီတာမင်B2၊ ဗီတာမင်B3၊ ဗီတာမင်စီ၊ သံဓာတ်၊ ကယ်လ်စီယမ်၊ ဖော့စဖရက် ခေါ် မီးစုန်း၊ ကော့ပါး၊ ပိုတက်ဆီယမ်၊ မဂ္ဂနီဆီယမ်တို့စုဝေးရာ အရင်းအမြစ်ဖြစ်သည်။ အမျှင်ဓာတ်ကြွယ်ဝစွာ ပါရှိတဲ့အပြင် အင်ဆူလင်ဓာတ်ပေါင်းတစ်မျိုးဖြစ်သော Polypeptide -p ဓာတ်ပါရှိနေပါသေးသည်။ ကြက်ဟင်းခါးသီးထဲတွင် ပါရှိသော Beta-Carotene သည် ပန်းဂေါ်ဖီစိမ်းတွင် ပါရှိမှုထက် နှစ်ဆပိုပါရှိနေပါသည်။ ကယ်လ်ဆီယမ်သည် ဟင်းနုနယ်တွင် ပါရှိမှုထက် နှစ်ဆပိုပါရှိနေသည်။ ပိုတက်ဆီယမ်သည် ဌက်ပျောသီးတွင် ပါရှိမှုထက် နှစ်ဆပိုပါရှိနေသည်။

အရွက်၏ အသုံးဝင်ပုံ

ကြက်ဟင်းခါးရွက်ကို ဆား၊ ထန်းလျက်ထည့်၍ သုံးခွက်တစ်ခွက်တင်ကျိုသောက်ပေးခြင်းဖြင့် တုန်ဖျား၊ ချမ်းဖျားတို့ကို ပျောက်ကင်းစေသည်။

အရွက်ကို ကြိတ်ညှစ်ပြီးနောက် သတ္တုရည်ကို သောက်ပေးခြင်းဖြင့် အူတွင်းရှိ ရောဂါပိုးများကို သေကျေပျက်စီးနိုင်သည်။

ကြက်ဟင်းခါးရွက်ရည်ကို ဖန်ခါးသီးနှင့် သွေးသောက်ပေးခြင်းဖြင့် အသည်းရောင်အသားဝါ ရောဂါကို ပျောက်စေပါသည်။

အမူးအမော် ပျောက်စေရန်အတွက်သော်လည်းကောင်း၊ အညှော်ခံဆေး အဖြစ်သော်လည်းကောင်း ကြက်ဟင်းခါးရွက်ကို ပွတ်ခြေ၍ ရှုနိုင်တယ်။

ကြက်ဟင်းခါးရွက်မှာ အဖျားကိုနိုင်သော အစွမ်းသတ္တိတွေပါရှိနေသောကြောင့် ၎င်းအရွက်စိမ်းရည်ကို တိုက်ပေးခြင်းဖြင့် သွေးလွန်တုပ်ကွေးရောဂါကို ပျောက်စေပါသည်။

ခွေးရူးကိုက်သော ဒဏ်ရာပေါ်ကို ကြက်ဟင်းခါးရွက်ကို ကြိတ်၍အုံပေးခြင်း၊ အရည်ညှစ်ထည့်ပေးခြင်း၊ သောက်ပေးခြင်းဖြင့် ပျောက်ကင်းစေပါသည်။

ကာလဝမ်းရောဂါဖြစ်သောအခါ ကြက်ဟင်းခါးပင်၏အရွက်သတ္တုရည်နှစ်ဇွန်း၊ ကြက်သွန်နီ သတ္တုရည်နှစ်ဇွန်း၊ သံပရာရည်တစ်ဇွန်းတို့ ရောစပ်၍ ရောဂါမပျောက်မချင်း သောက်သုံးပေးနိုင်ပါသည်။

အသီး၏ အသုံးဝင်ပုံ

လည်ချောင်းနာသော ရောဂါအတွက် ကြက်ဟင်းခါးသီးအခြောက်ကို ကျောက်ပျဉ်ပေါ် သွေး၍ နာသောနေရာကို လူးပေးပါ။

ကြက်ဟင်းခါးသီးအရည် (သတ္တုရည်) ကို ဆီဖြင့်ရော၍ သောက်ပေးခြင်းဖြင့် ကာလဝမ်းရောဂါကို ပျောက်စေပါသည်။

ရေဖျဉ်းရောဂါအတွက် ကြက်ဟင်းခါးသီးအရည်ကို ပျားရည်အနည်းငယ်ဖြင့် ရော၍သောက်ပေးပါ။

အဆစ်ရောင်ရောဂါများအတွက် ကြက်ဟင်းခါးသီးနုနု၏အရည်ကို မီးအပူပေး၍ လိမ်းပေးခြင်းဖြင့် သက်သာပျောက်ကင်းစေနိုင်သည်။

သွေးအဆိပ်တက်၍ အသားများ ယားယံသော အခါများတွင် ကြက်ဟင်းခါးသီးသတ္တုရည်နှင့် သံပရာရည်တို့ကို ဆတူရောကာ ရေဆာတိုင်း သောက်သုံးပေးသင့်ပါသည်။

သွေးကိုသန့်စင်စေပါတယ်

ကြက်ဟင်းခါးသီးထဲတွင် အင်ဆူလင်ဓာတ် အပြည့်အဝပါရှိသောကြောင့် သွေးနှင့်ဆီးထဲရှိ ဂလူးကို့စ်ပမာဏကို လျှော့ချပေးနိုင်သည်။ ကြက်ဟင်းခါးသီးသတ္တုရည် သို့မဟုတ် ကြက်ဟင်းခါးသီးမှုန့်ကို လက်ဖက်ရည်ဇွန်း တစ်ဇွန်းဖြင့် နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် သောက်ပေးခြင်းဖြင့် ဆီးချိုရောဂါ သက်သာပျောက်ကင်းစေနိုင်သည်။ အခါးကြောက်သော သွေးချိုရောဂါဝေဒနာရှင်များအတွက် နံနက်တိုင်း ကြက်ဟင်းခါးသီးသတ္တုရည်ကို ပန်းသီးဖျော်ရည်ဖြင့် သောက်သုံးပေးခြင်းဖြင့် အကျိုးကျေးဇူးများစွာရရှိစေမှာ အမှန်ပင်ဖြစ်၏။

ကြက်ဟင်းခါးသီးကို မှန်မှန်စားပေးခြင်းဖြင့် ခွန်အားကိုတိုးပွားစေပြီး၊ အမောခံနိုင်၍ သက်လုံကောင်းစေပါသည်။

ကြက်ဟင်းခါးရွက်ထဲတွင်ပါရှိသော သဘာဝဓာတ်တစ်မျိုးဖြစ်တဲ့ အမျှင်ဓာတ်တို့ပေါကြွယ်ဝစွာ ပါရှိခြင်းကြောင့် ဝမ်းချုပ်ခြင်းမှ ကာကွယ်ပေးသည်။ ရိုးရာပရဆေးများတွင် ကြက်ဟင်းခါးသီးကို ဝမ်းနှုတ်ဆေးအဖြစ် ဖော်စပ်လေ့ရှိသည်။

ကြက်ဟင်းခါးသီးက အစာခြေရည်ထွက်ရှိမှုကို အားပေးသောကြောင့် ရင်ပြည့်ရင်ကယ်ဖြစ်နေသူများနှင့်အစာမကြေသောသူများ စားသုံးပေးသင့်သည်။

Beta-Carotene ဓာတ်မြင့်မားစွာ ပါရှိသောကြောင့် အမြင်အာရုံတိုးတက် ကောင်းမွန်စေသည်။

ကြက်ဟင်းခါးသီးသတ္တုရည်ဟာ အရက်သေစာမူးယစ်ထုံထိုင်းမှုကို ဖြေလျှော့ပေးနိုင်စွမ်းရှိသည့်အပြင်၊ အသည်းကိုပါ သန့်စင်ပေးနိုင်သောကြောင့် အရက်နာကျသူများကို ကောင်းကျိုးပြုပါသည်။

လိပ်ခေါင်းသွေးကျ လူနာများအတွက် ကြက်ဟင်းခါးသီးသတ္တုရည်ကိုထောပတ်နှင့် ရောဖျော်ကာ နံနက်အိပ်ရာထ တစ်လတိတိမှန်မှန်သောက်ပေးပါက အကျိုးထူးများစွာကို ခံစားရနိုင်မည်ဖြစ်သည်။

အသားအရေများ ကြမ်းတမ်းကာ အနီပိန့်များထွက်လာခြင်း၊ အင်ပျဉ်ထခြင်း၊ မှိုရောဂါတစ်မျိုးကြောင့် ပွေး၊ နှင်းခူနာများဖြစ်ပေါ်ခြင်း၊ မျက်နှာပေါ်တွင် အမည်းကွက်များပေါ်ခြင်း၊ ဝက်ခြံပေါက်ခြင်းများအတွက် ကြက်ဟင်းခါးသီးသည် များစွာ ကောင်းကျိုးပြုသည်။

ကြက်ဟင်းခါးသီးသည် ခန္ဓာကိုယ်ထဲရှိ ပိုလျှံသော ကယ်လိုရီများကို လောင်ကျွမ်းစေပြီး၊ ဝမ်းဗိုက်မှ အဆီပိုများကို ကျစေသောကြောင့် ခန္ဓာကိုယ်အလေးချိန် ပုံမှန်ထိန်းလိုသူများအနေဖြင့် ကြက်ဟင်းခါးသီးသတ္တုရည်ကို မှန်မှန်သောက်သုံးပေးသင့်ပါသည်။

သုတေသနပြုချက်များအရ ကြက်ဟင်းခါးသီးသည် ရောဂါများကိုပြီးစေနိုင်သည့် အစွမ်းသတ္တိများရှိခြင်းကြောင့် ကင်ဆာရောဂါဝေဒနာသည်များ အားထားသင့်သော ဆေးတစ်ခွက်ဖြစ်ကြောင်း အတည်ပြုထောက်ခံထားပါတယ်။ ထို့ပြင် HIV ရောဂါပိုးကို တိုက်ထုတ်နိုင်သည်ဟု ဆိုထားပါတယ်။

ချောင်းဆိုးရင်ကျပ်နာများ၊ ပန်းနာရောဂါများနှင့် လည်ချောင်းနာ၊ အာသီးရောင်နာသူများအတွက် ပျားရည်ဆယ်စက်ထဲသို့ ကြက်ဟင်းခါးသီးသတ္တုရည်တစ်ဆ၊ ရေလေးဆရော၍ သောက်သုံးပေးခြင်းဖြင့် အသက်ရှူလမ်းကြောင်းပြဿနာများကို လျှင်မြန်စွာ ပြေပျောက်စေပါသည်။

နှုတ်ခမ်းကွဲ၊ ပါးစပ်ကွဲခြင်းအတွက် ကြက်ဟင်းခါးသီးသတ္တုရည်နှင့် မြေဖြူမှုန့်တို့ကိုရော၍ ပွတ်လိမ်းခြင်းဖြင့် သက်သာပျောက်ကင်းစေသည်။

ကြက်ဟင်းခါးသီးသတ္တုရည်ကို သောက်ပေးပါက အူတွင်းရှိပိုးများ ပျောက်ကင်းစေသည်။

ဆီးကျောက်ဝေဒနာရှင်များအနေဖြင့် ကြက်ဟင်းခါးသီးသတ္တုရည်နှစ်ဆဒိန်ချဉ် (အရည်ကြည်) တစ်ဆရောသောက်ပါ။ ထို့နောက် ဆန်ပုန်းရည်တစ်ခွက်ဆက်သောက်ပါ။ ဤနည်းအတိုင်း သုံးရက်ဆက်တိုက်သောက်သုံးပြီးနောက်၊ သုံးရက် နားပါ။ ပြီးရင် လေးရက်ဆက်သောက်ပါ။ လေးရက် နားပါ။ ထို့နောက် ငါးရက်ဆက်သောက်ပါ။ ငါးရက်နားပါ။ ခြောက်ရက်ဆက်သောက် ခြောက်ရက်နားပြီးနောက် ခုနစ်ရက်ဆက်သောက်ပေးခြင်းဖြင့် ဆီးကျောက်တည်ရောဂါစင်ကြယ်စွာ ပျောက်ကင်းသွားစေပါမည်။ (ဆန်ပုန်းရည်လုပ်နည်းကို ဖော်ပြပေးလိုပါတယ်။ ဆန်ဆေးရည်နှင့် ထမင်းရည်နှစ်မျိုးကို ဆတူရော၍ ထမင်းကြမ်းခဲနှင့် ဆားအနည်းငယ်ထည့်ပြီး ဆယ်ရက်ခန့်ထားပြီးနောက် အပေါ်ရေကြည်ကို ငှဲ့ယူပါ။ ဆန်ပုန်းရည်ရပါပြီ။ ဒန်အိုး၊ ဒန်ခွက်မသုံးပါနှင့်။ ဖန်ပုလင်း သို့မဟုတ် စဉ့်အိုးကို လေလုံအောင်အဖုံးပိတ်၍ သုံးနိုင်ပါသည်။)

သရက်ရွက်ကြီးခြင်းနှင့် သရက်ရွက်ရောင်သော ဝေဒနာသည်များအတွက် ဆေးကောင်းတစ်လက်ကို အကြံပေးလိုပါတယ်။ ကြက်ဟင်းခါးသီးသုံးလုံးကို မညက်တညက်ထောင်းပြီး ပိတ်စိမ်းပါးပါးဖြင့် သတ္တုရည်ညှစ်ယူပါ။ သတ္တုရည် ဟင်းစားဇွန်းတစ်ဇွန်းခန့်ထဲကို သိန္ဓောဆားနှင့် မုန်ညင်းစေ့တို့ကို တစ်ပဲသားစီထည့်သောက်ပါ။ ရောဂါရင့်သူများက နံနက်၊ နေ့လယ်၊ ညနေ တစ်နေ့သုံးကြိမ်သောက်ပေးပါ။ ဆေးသောက်ပြီးပါက ခဝဲသီး(အချို)စေ့ကို ကျောက်ပြင်ပေါ်သွေးပြီး မီးဖြင့်နွေးအောင်ပြု၍ ဝမ်းဗိုက်တစ်ပြင်လုံးကို လိမ်းပေးပါ။

အမြစ်၏ အသုံးဝင်ပုံ

ကြက်ဟင်းခါးပင်၏ အမြစ်ကို ကြေညက်အောင်ထောင်းထုပြီး လိပ်ခေါင်းသွေးကျနာပေါ်သို့အုံပေးပါက၊ အနာကျက်စေပါသည်။

ကြက်ဟင်းခါးပင်တစ်ပင်လုံး (ပဉ္စငါးပါး) ကို သစ်ကြံပိုးခေါက်၊ ပိတ်ချင်း၊ ဗာဒံစေ့တို့ကို ရော၍ လူးပေးခြင်းဖြင့် ယားနာအမျိုးမျိုးတို့ကို ပျောက်ကင်းစေနိုင်သည်။

သတိပြုရန်

ကြက်ဟင်းခါးသီးကို မှိုနှင့်တွဲမစားပါနှင့်။ ကြက်ဟင်းခါးသီသည် ဝမ်းသက်စေသောကြောင့် ဝမ်းသွားနေသူများနှင့် ကိုယ်ဝန်ဆောင်သည်များ အထူးရှောင်ရှားရပါမည်။ ကြက်ဟင်းခါးသီးမှာ သွေးတက်စာဖြစ်သောကြောင့် သွေးတိုးရောဂါ၊ ခေါင်းကိုက်ရောဂါရှိသူများ၊ လေချုပ်တတ်ခြင်းနှင့် အခြားအတက်ရောဂါရှိသူများ ရှောင်ရှားသင့်တယ်။

အချုပ်ဆိုရသော သဘာဝတရားကြီးက ဖန်တီးပေးထားတဲ့ ထိုအရသာခါးခါးကပင် လူသားတို့ ကျန်းမာရေးကိုများစွာ အထောက်အကူပေးသောကြောင့် ဘေးထွက်ဆိုးကျိုးနည်းလှသည့် ကြက်ဟင်းခါးသီးကို အလေ့အကျင့်လုပ်၍ စားသုံးပေးကြပါရန် တိုက်တွန်းလိုပါသည်။

" နွေ အချို၊ မိုး အခါး၊ ဆောင်း အချဉ်" ဟူသော ဆောင်ပုဒ်နှင့်အညီ မိုးရာသီအတွက် ဓာတ်စာက အခါးအရသာဖြစ်ပါသည်။ သို့ပါ၍ မိုးရာသီတွင် ပေါပေါများများရရှိနိုင်သည့် ကြက်ဟင်းခါးသီးကို အစာလည်းဆေး၊ ဆေးလည်းအစာဆိုသလို စားသုံးပေးသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

ပေါက်ပေါက်

ကြိမ်လုံးတွေကို မုန်းလိုက်ကြပါ

မင်းယဉ်စု

ကျွန်တော်ငါးနှစ်သားမှာ ကျွန်တော့်အဖေဆုံးတယ်။ ၁၉၅၂ ခုနှစ်။ အဲဒီအချိန်တုန်းက ကျွန်တော့်အဖေက ဗြိတိသျှပိုင်ဝပ်ဆင် (Watson) တိုက်က စက်ပြင်ဆရာ (Mechanic)။ ကားပြင်ရင်း လက်မှာ ဒဏ်ရာရလို့ ဆေးရုံတင်လိုက်တာ မေးခိုင်ပိုးဝင်ပြီး သေပါလေရော။

အဖေဆုံးပြီး တစ်နှစ်လောက်အကြာမှာ ကျွန်တော့်အမေက နောက်အိမ်ထောင်ပြုတယ်။ အဖေ့သူငယ်ချင်းပါပဲ။ ကျွန်တော် ပထွေးရသွားတာပေါ့။ သူကလူပြန်တော်။ ဘုန်းကြီးဘဝကလာတာ။ အရိုက်ကြမ်းတယ်။ ဘုန်းကြီးဘဝတုန်းက သူ့တပည့်ဖြစ်ခဲ့ဖူးတဲ့လူတွေမှာ ခုထက်ထိသေရာပါ ဒဏ်ရာကိုယ်စီနဲ့ပဲ။ နဖူးကိုကျောက်သင်ပုန်းနဲ့ခုတ်လို့ ဒဏ်ရာရသူနဲ့။ ဆွမ်းဟင်းခွက်တွေထမ်းတဲ့ ထမ်းပိုးနဲ့ လွှဲရိုက်လို့ လက်ပြင်မှာဒဏ်ရာရသူနဲ့။

ကျွန်တော်သူ့သားဖြစ်လာတော့ အပြစ်တစ်ခုခု လုပ်မိရင် ကျွန်တော့်ကိုလဲရိုက်တာပဲ။ ကျွန်တော်ချောင်ထဲမှာ ငုတ်တုတ်ကလေးထိုင်ပြီး မျက်နှာကို မထိအောင် လက်ကလေးနှစ်ဖက်နဲ့ ကာထားရတယ်။ အိမ်နီးချင်းတွေက အမြင်မတော်လို့ "မောင်ကျော်မြရယ် တော်ပါတော့" ဆိုလဲမရဘူး။ ရိုက်နေမြဲ ရိုက်နေဆဲပဲ။ ကျွန်တော့် မှာ တစ်ကိုယ်လုံး အရှိုးအထပ်ထပ်နဲ့ နားရွက်တွေ ဘာတွေတောင် စုတ်ပြတ်သတ်လို့။

သူနဲ့ညားပြီးတော့ အမေက နောက်ထပ်သားကလေးတစ်ယောက်ထပ်မွေးတယ်။ ယောကျ်ားလေး ကျွန်တော့်ညီလေးပေါ့။ ကျွန်တော်နဲ့ အသက် ၈ နှစ်ကွာတယ်။ ပထွေးမို့လို့ ကျွန်တော့်ကိုပဲ ရိုက်သလားမှတ်တယ်။ သူ့သားအရင်းကိုလဲ ရိုက်တာပဲ။ ရိုက်တာမှ အားရပါးရ စိမ်ပြေ နပြေရိုက်တာ။

ကျွန်တော်တို့နဲ့ တစ်လမ်းကျော်မှာ ကျွန်တော့် ကြီးကြီးတစ်ယောက်ရှိတယ်။ သူ့မှာ သားနှစ်ယောက်ရှိတယ်။ သူဆုံးမလို့ မနိုင်ရင် ကျွန်တော့်ပထွေးကို လာခေါ်တာပဲ။ "ကိုကျော်မြကြီး လုပ်ပါအုံး ကလေးတွေကို ဆုံးမပေးပါအုံး"။

သူလာခေါ်ရင် ကျွန်တော့်ပထွေးကလဲ ဆိုင်းမဆင့်ဗုံမဆင့်ပဲ။ လက်မလုံးလောက်ရှိတဲ့ ကြိမ်လုံးကြီးဆွဲပြီး ချက်ချင်းငေါက်ခနဲ ထလိုက်သွားကာ ရိုက်တော့တာပဲ။ ကျွန်တော်မှတ်မိနေတယ်။ သူတို့နှစ်ယောက်စလုံးဟာ အဲဒီကျွန်တော့် ပထွေးရိုက်တဲ့ဒဏ်ကိုမခံနိုင်လို့ အားလုံးစစ်ထဲ ရောက်ကုန်တယ်။

ကျွန်တော်လေ အဲဒီကတည်းက သားသမီးကို ရိုက်နှက်ဆုံးမတတ်တဲ့ သူတွေကို ကြည့်မရတော့ဘူး။ အမုန်းကြီးမုန်းပြီး မျက်မုန်းကျိုးလို့ ရွံရှာစက်ဆုပ်သွားတယ်။

ကြီးလာတော့လဲ အားလုံးရာထူးရာခံကိုယ်စီနဲ့။ ဘဝမှာ အထက်တန်းကျကျ နေကြစားကြရတယ်။

ကျွန်တော်ဝန်ထမ်းဘဝ ဗဟိုနိုင်ငံရေးတက္ကသိုလ်မှာ သင်တန်းတက်တော့ သင်တန်းဆရာတစ်ဦးပြောဖူးတာ ခုထက်ထိ မှတ်မိနေတယ်။ (ကျွန်တော်ထင်တာမမှားရင် ဆရာလယ်တွင်းသား စောချစ်ဖြစ်မယ်ထင်တယ်)။ သူက Lecture ပို့ချနေရင်း ပြောဖူးတယ်။ ကျွန်တော်လေတဲ့။ ရပ်ကွက်ထဲ လှည့်လည်ပြီး ကြိမ်လုံးလိုက်ရောင်းတဲ့ သူတွေကို ကြည့်မရဘူး သိပ်မုန်းတာပဲတဲ့။

❖ကျွန်တော်အိမ်ထောင်ကျတော့ သားသမီးလေးယောက်ရတယ်။ ခုထက်ထိ ဘယ်သူ့ကိုမှ မရိုက်ဖူးဘူး။ သားသမီးတွေကို မိဘက ရိုက်နှက်ဆုံးမတာဟာ တော်စေချင်လို့၊ တတ်စေချင်လို့ လို့ ထမင်းရည်ပူလာ လျှာလွှဲ၊ မိုးကြိုးပစ် ထန်းလက်ကာ ဆိုသလို မတော်မတရားနဲ့ အလွယ်သားပြောလေ့ရှိကြတယ်။ ကျွန်တော်ကတော့မယုံပါဘူး။ ကျွန်တော်တစ်ခါမှ မရိုက်ဖူးတဲ့ ကျွန်တော့်သားသမီးလေးဦးစလုံးဟာ အားလုံးစာတော်ကြတယ်။ ကြီးလာတော့လဲ အားလုံးရာထူးရာခံကိုယ်စီနဲ့။ ဘဝမှာ အထက်တန်းကျကျ နေကြစားကြရတယ်။ ❖

ကျွန်တော်အိမ်ထောင်ကျတော့ သားသမီးလေးယောက်ရတယ်။ ခုထက်ထိ ဘယ်သူ့ကိုမှ မရိုက်ဖူးဘူး။ သားသမီးတွေကို မိဘက ရိုက်နှက်ဆုံးမတာဟာ တော်စေချင်လို့၊ တတ်စေချင်လို့ လို့ ထမင်းရည်ပူလာ လျှာလွှဲ၊ မိုးကြိုးပစ် ထန်းလက်ကာ ဆိုသလို မတော်မတရားနဲ့ အလွယ်သား ပြောလေ့ရှိကြတယ်။ ကျွန်တော်ကတော့ မယုံပါဘူး။ ကျွန်တော်တစ်ခါမှ မရိုက်ဖူးတဲ့ ကျွန်တော့်သားသမီးလေးဦးစလုံးဟာ အားလုံးစာတော်ကြတယ်။ ဟုတ်မှာပါဆရာ။ ဆရာလဲ ကျွန်တော့်လိုပဲ ငယ်ငယ်တုန်းက အရိုက်ခံခဲ့ရဖူးတယ်နဲ့တူတယ်။

ကျွန်တော်လေ "မှုံရွှေရည်" ဇာတ်ကားထဲမှာ သရုပ်ဆောင် "ဖိုးပါကြီး" ပြောတာ ဘယ်တော့မှ မမေ့ဘူး။ သင်္ကြန်တွင်း ရေပက်ခံကားပေါ်ကနေ ကခုန်ရင်း ဆင်းလာတဲ့ သမီးဖြစ်သူ "စန္ဒာလင်း" ကို ဖခင်ဖြစ်သူ "ဝင်းဦး (ကိုမြင့်သူ)"က ကရပါ့မလားဆိုပြီး ရိုက်တော့ "ဖိုးပါကြီး"က ပြောလိုက်တာလေ။ "ဟေ့ကောင် . . . မြင့်သူ . . . ကိုယ့်သားသမီးကို ကိုယ်ရိုက်တာဟာ ကိုယ့်နှလုံးသားကို ကိုယ်ပြန်ပြီး တူနဲ့ ထုနေသလိုပဲကွ" ဆိုတာလေ။ ကျွန်တော်လေ သားသမီးတွေကိုရိုက်တဲ့မိဘတွေကို တွေ့တိုင်း အဲဒီ စကားကို ပြန်ပြန်ပြီး အမှတ်ရနေမိတယ်။

ကိုယ်ချစ်လို့ယူထားတဲ့ ကိုယ့်မိန်းမက မွေးတဲ့ ကိုယ့်သားသမီးဟာ ရိုက်ဖို့မှမဟုတ်ပဲဗျာ။

ဒါဖြင့် ဘာဖြစ်လို့ လက်လွတ်စပယ် ရိုက်ရိုက်နေကြတာလဲ။ ရိုက်ပြီးဆုံးမတဲ့နည်းကလွဲရင် အခြားနည်းလမ်းမရှိတော့ဘူးလား။ တချို့ကပြောကြတယ်။ 'အိုး'ကောင်းစေချင်လို့ ရိုက်တာတဲ့။ 'အိုး' အတွက်ကတော့ ဟုတ်မှာပေါ့လေ။ လူဆိုတာက 'အိုး' မှမဟုတ်ဘဲ။

ဘယ်သူဘယ်လိုချော့သိပ်သိပ်၊ ကိုယ်အိပ်မှပျော်တာပါ။ သားသမီးကို ရိုက်ရိုက်၊ မရိုက်ရိုက် ကောင်းချင်တဲ့ကလေးက ကောင်းတာပဲ။ ဆိုးချင်တဲ့ကလေးက ဆိုးတာပဲ။ ကျွန်တော်ငယ်ဘဝ တောင်ညွန့်မှာနေတုန်းက သူငယ်ချင်းတစ်ယောက်ရှိတယ်။ သူ့မိဘက ချောင်ချောင်လည်လည်ပါပဲ။ ကလေးကို သိပ်အလိုမလိုက်ဘူး။ ရိုက်တော့ရိုက်တယ်။ နောင်ကျတော့ အဲဒီကလေးဟာ ကျောင်းမှန်မှန် မတက်တော့ဘဲ ကျောင်းပြေးဘဝနဲ့ ရပ်ကွက်နားက တရုတ်သင်္ချိုင်းမှာ စဏ္ဍာလ(သင်္ချိုင်းစောင့်)တွေနဲ့ ပေါင်းပြီး နောက်ဆုံး သူလဲ စဏ္ဍာလ ဖြစ်သွားတယ်။ ဒါဟာကိုယ်တွေ့ပဲ။

အနမတဂ္ဂသံသရာတစ်လျှောက် ၃၁ ဘုံမှာ ကျင်လည်နေတဲ့သူတိုင်းဟာ အစကတည်းက သူ့ကံနဲ့သူလာကြတာပါ။ တစ်နေ့တည်း တစ်ချိန်တည်း မွေးတာတောင်မှ အတူတူ မကောင်းနိုင်ကြပါဘူး။ ဖွားဖက်တော်တိုင်း ဘုရားမဖြစ်ချေဆိုတဲ့စကားလည်း ရှိသားပဲမဟုတ်လား။

ဒါကြောင့် မိဘတို့ရေ... မိမိတို့ရဲ့ ရင်ဝယ်သားအစစ် သမီးအနှစ်ကလေးတွေကို သူများတွေထက် တော်စေတတ်စေချင်တဲ့ လောဘဇောတွေဝင်နေတဲ့ စိတ်အနေမမှန်၊ မရိုးမဖြောင့်ဟန်ကို အခြေခံပြီး အားတိုင်းယားတိုင်း မရိုက်မနှက်ကြပါနဲ့လို့ စေတနာကောင်းနဲ့ ကြေညာမောင်းခတ်လိုက်ရပါတယ်ခင်ဗျာ။

အိမ်မဲမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၆၄၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

မြောင်းမြ ဇွန် ၂၉

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၆၄၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ရာသီ၌ စပါးဧက ၁၄၃၀၁၀ ကို စိုက်ပျိုးရန်လျာထားပြီး ဇွန်လ ပထမအပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် မိုးစပါး ၂၆၄၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စပါးလျာထားဧက အားလုံးရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စသည့်ဌာနဆိုင်ရာအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

"အိမ်မဲမြို့နယ်မှာမိုးစပါးကို စုစုပေါင်းဧက ၁၄၃၀၁၀ ထိ လျာထားစိုက်ပျိုးနေပါတယ်။ ဒီနေ့ထိ မိုးစပါး ၂၆၄၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စပါးကို အခက်အခဲမရှိ စနစ်တကျရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပေါင်းစပ်ဆောင်ရွက်နေပါတယ်။ ဒီလိုပေါင်းစပ်ဆောင်ရွက်နေလို့ အခုလို အခက်အခဲမရှိစနစ်တကျ အဆင်ပြေပြေစိုက်ပျိုးနိုင်တာပါ။ ဒါ့ပြင် စိုက်ပျိုးထားတဲ့စပါးတွေကို ပြန်လည် ရိတ်သိမ်းတဲ့အချိန်ထိ လိုအပ်တဲ့နည်းပညာတွေနဲ့ ရိတ်သိမ်းရေးလုပ်ငန်းတွေကို ပေါင်းစပ်ဆောင်ရွက်ပေးသွားမှာပါ''ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ်မိုးစပါးများ စိုက်ပျိုးရာတွင် ပေါ်ဆန်းမွှေး၊ ရက် ၉၀၊ ဗျောက်သုခ၊ GW-11၊ GW-1 ၊ မနောသုခ၊ ကျားပျံ၊ ဆင်းသုခ၊ နှံကား၊ မြီးတုံး စသည့် စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးနေကြောင်း၊ အဆိုပါစိုက်ပျိုးနေသည့် စပါးများ အထွက်နှုန်းကောင်းစေရန်၊ အပျက်အစီးအလေအလွင့်မရှိစေရန်၊ တစ်ဧကချင်း စပါးအထွက်နှုန်းညီစေရန်၊ စပါးအရည်အသွေးကောင်းစေရန် စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ကူညီပံ့ပိုးဆောင်ရွက်နေကြောင်း သိရသည်။

စပါးကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ပြည်တွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုပါ ပြည်ပသို့ တင်ပို့နိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် စပါးကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူးဒေါ်ခင်ဌေးမြင့်က ပြောပြ၍သိရသည်။

ကျော်ကျော်လင်း

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်ခြိုက်မက်မောစွာ အသုံးပြုနေသော

သာကေအစစ်မို့ အရသာထူး စိတ်ရွင်ကြည်နူး ....

ရွှေဖီဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်စီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

Tea Mix

Black Tea

ရွှေဖီဦး

Lemon Tea

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိနဲ့သည့် ရွှေဖီဦး

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော ကြုံ၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇

အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀

အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀

5 Digits
အောင်ဘာလေ အွန်လိုင်းထိ

ဖုန်းဘေလ်နှဲ့လည်း အောင်ဘာလေအွန်လိုင်းထိကို ကံစမ်းလို့ရနေပြီနော်...

*117# ကို ခေါ်ဆိုပြီး အောင်ဘာလေအွန်လိုင်းထိ လက်မှတ်များကို ဖုန်းဘေလ်နှဲ့ ဝယ်ယူကံစမ်းနိုင်ပါပြီ။ (Mytel ဖုန်းဘေလ်ဖြင့်သာ)

ဖုန်းဘေလ်နှင့် ထိကံစမ်းထားသူများအတွက် ထိဆုငွေရယူရန် *117*5# ကို ခေါ်ဆိုပြီး ငွေလက်ခံမည့်အကောင့်ကို ထည့်ထားရန်လိုပါသည်။

Scan Me

Call Center 777 (or)

09 677 000 777

ဖခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ MIA ကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြား နေသော မောင်ဟော်ယုံဟို၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကွယ်ဟန်ဖြစ်ပါ ကြောင်း။ ဦးကွယ်ဟန်(၁၃/လရန(နိုင်)၁၀၉၅၈၀)

ဖခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ MIA ကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြား နေသော မောင်ဟော်ယုံရှင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကွယ်ဟန်ဖြစ်ပါ ကြောင်း။ ဦးကွယ်ဟန်(၁၃/လရန(နိုင်)၁၀၉၅၈၀)

အမည်ပြောင်း

စဉ်ကိုင်မြို့၊ အထက၊ Grade-12(C)တွင် ပညာသင် ကြားနေသော ကျောင်းဝင်နံပါတ်-၃၃၂၈ (ဘ) ဦးမျိုးမင်းသူ၏သမီး မခါဝသန်မိုးအား မခါဝသန်မိုးဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မခါဝသန်မိုး

ကိုဝစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြိုင်ဆေရန်

ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နလုံးနှင့်အဆုတ် အတွက် အထူးကောင်းမွန်သည်။

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

❖ **မည်သည့် အဖွဲ့အစည်းတွင်မဆို ခေါင်းဆောင်များ၏ အခန်းကဏ္ဍသည် အရေးကြီးသည့်အတွက် မိမိအဖွဲ့အစည်းက အားကိုးရသည့် ခေါင်းဆောင်ကောင်းများ ဖြစ်စေရန်နှင့် မိမိအရည်အသွေးကို တိုးတက်အောင် အမြဲကြိုးစားဆောင်ရွက်နေကြရန်လိုအပ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ပြုလုပ်သော ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဃ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ့အားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗဟုသုတပေါ်မှီခိုပြီး ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဌေး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။

နေပြည်တော် ဇွန် ၂၉

ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ်(EEF 2025)သို့ တက်ရောက်ခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ Buryatia ပြည်နယ်သို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့်မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် Buryatia ပြည်နယ် Ulan-Ude မြို့ Baikal အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာနိုင်ငံသို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များအား လေဆိပ်တွင် Buryatia ပြည်နယ် ပြည်နယ်အကြီးအကဲ Mr.Aleksey Sambuyevich Tsydenov နှင့်တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ) ဗိုလ်မှူးချုပ် ကျော်စိုးဦးနှင့်တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

စာမျက်နှာ ၁၈ ကော်လံ ၁ ☆